www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၄၀၁၀၅၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၄၉၇၀၇၁၂ |
| စီစဉ်သူ | - | သန့်ဇင်ထွန်း |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | - | ဩဂုတ်လ၊ ၂၀၁၂ ခုနှစ် |
| ကွန်ပျူတာစာစီ | - | ကြယ်ပွင့် |
| မျက်နှာဖုံးဒီဇိုင်း | - | အာကာ |
| အဖုံးဖလင် | - | KABAOO |
| အတွင်းဖလင် | - | အောဇက် |
| စာအုပ်ချုပ် | - | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့် | - | ဒေါ်ကြည်ပြာသွယ် (၀၉၁၇၂) |
| မျက်နှာဖုံးပုံနှိပ် | | ဝင်းတိုးအောင်ပုံနှိပ်တိုက်<br>အမှတ် ၁၈၁၊ လမ်း ၅၀၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | - | ဒေါ်သင်းသင်းမွန်<br>သင်းစာပေ (မြဲ-၀၄၂၃၂)<br>အမှတ် ၁၀ ၊ ရတနာမြိုင်လမ်း။<br>လှည်းတန်း ၊ကမာရွတ်မြို့နယ်။ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅ . ၈၃

ပဥ္စမံဒီရိုင်း

ရွှေလိုက်တော့ / ပဥ္စမံဒီရိုင်း - ရန်ကုန်။

သင်းစာပေ၊ ၂၀၁၂။

၁၃၆ - စာ။ ၁၃ စင်တီမီတာ × ၂၀ စင်တီမီတာ

(၁) ရွှေလိုက်တော့


www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်ဆိုတာ

အိပ်မက်ဖြစ်နေလို့သာ

ပစ္စုပ္ပန်မှာ

အိပ်မက်ထဲက အရာတွေ

တကယ်ဖြစ်လာရင်

သိပ်ကောင်းမှာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

နေရောင်ခြည်နုနုလေးတွေက ကုတင်ပေါ်မှာ အိပ်ပျော်နေတဲ့ မေတန်ခူးရဲ့မျက်နှာပေါ် ဖွင့်ထားတဲ့ ပြတင်းပေါက်ကနေပြီး ဝင်ရောက်ထိုးဖေါက်တဲ့အတွက် မေတန်ခူးရဲ့မျက်နှာမှာ နွေးကနဲ ဖြစ်သွားပြီး မေတန်ခူးအိပ်ပျော်နေရာကနေ နိုးလာပါတယ်။ ကုတင်ပေါ်မှာ ထထိုင်လိုက်ပြီး အကြောအခြင်တွေကို ဆန့်တန်းလိုက်တယ်။ ပြီးတော့ ကုတင်ပေါ်က ဆင်းလိုက်တယ်။ အဲဒီအချိန်မှာပဲ မေတန်ခူးရဲ့အခန်းတံခါးကို အမျိုးသမီးတစ်ဦးက ဖွင့်ပြီး အခန်းထဲဝင်လာပါတယ်။

"မမ . . . နိုးပြီလား"

မေတန်ခူးက ဘာမှမပြောဘဲ အခန်းအပြင်ဘက်ကို ထွက်လာတဲ့အခါ အခန်းရဲ့တံခါးဘေးမှာ အမျိုးသမီးတစ်ဦးက သွားတိုက်ဆေးဆွတ်ထားတဲ့ တံပွတ်တံကို မေတန်ခူးအား ပေးလိုက်ပါတယ်။ တံပွတ်တံကိုယူရင်း ရေချိုးခန်းရှိရာ ထွက်လာပါတယ်။ ရေချိုးခန်းထဲရောက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အခါ ရေအပြည့်ထည့်ထားတဲ့ ရေဖလားကို ကိုင်ထားတဲ့ အမျိုးသမီးတစ်ဦးက 'ဘေစင်' နားမှာ စောင့်နေပါတယ်။ 'ဘေစင်' မှာ မေတန်ခူးသွားတိုက်၊ ပလုပ်ကျင်းပြီးတဲ့အခါ ရေဖလားကိုင်ထားတဲ့ အမျိုးသမီးက မေတန်ခူးကို ဖလားကမ်းပေးပါတယ်။ မေတန်ခူးက ဖလားကိုယူပြီး မျက်နှာသစ်လိုက်တယ်။ မေတန်ခူးမျက်နှာသစ်ပြီးသွားချိန်မှာပဲ မျက်နှာသုတ်ပုဝါကိုင်ထားတဲ့ အမျိုးသမီးတစ်ဦးရောက်လာပြီး မျက်နှာသုတ်ပုဝါနဲ့ မေတန်ခူးရဲ့မျက်နှာကို သုတ်ပေးပါတယ်။ 'ဘေစင်' နားမှာရှိတဲ့ မှန်ထဲမှာပေါ်နေတဲ့ မေတန်ခူးရဲ့ရုပ်ပုံလွှာကို မေတန်ခူးကကြည့်ရင်း ကျေနပ်လို့မဆုံး ဖြစ်နေပါတယ်။

လောကကြီးမှာ ငွေကြေးကြွယ်ဝတာ သိပ်စိတ်ချမ်းသာဖို့ ကောင်းတာပဲလို့တွေးရင်း မေတန်ခူးကျေနပ်နေပါတယ်။

❑

အိမ်အပေါ်ထပ်လှေခါးကနေ တစ်လှမ်းချင်း ညိုပြာညက်ဆင်းလာတယ်။ လှေခါးထစ်တွေကို တစ်လှမ်းချင်းဆင်းရင်း ညိုပြာညက် သူမဝတ်ထားစားထားတာကို ပြန်ကြည့်ပြီး ကျေနပ်မဆုံး ဖြစ်လို့နေတယ်။ ဒီနေ့ ကုမ္ပဏီအစည်းအဝေးရှိတော့ လူစုံမှာမို့ အလှဆုံး၊ အလန်းဆုံးဖြစ်အောင် ဝတ်ထားလို့ပါ။

"ဘော့စ် . . . ဒီနေ့ စက်ရုံက ဧည့်သည်တွေ လာမယ်၊ မန္တလေးက အဖွဲ့တွေလည်း လာမယ်"

ဧည့်ခန်းထဲရောက်တော့ စာအုပ်တစ်အုပ်ကို လက်မှာကိုင်ထားတဲ့ အတွင်းရေးမှူးမလေးက သတိပေးစကားဆိုလိုက်ပါတယ်။ ညိုပြာ



www.burmeseclassic.com

www.burmeseclassic.com



ညက်တာ ဘာမှမပြောဘဲ တံခါးဝကို သွားလိုက်တယ်။ တံခါးဝရောက်တဲ့အခါ တမ်းဖုန်းနဲ့ လက်ကိုင်အိတ်ကို ကိုင်ထားတဲ့ ကောင်မလေးတစ်ဦးက ဦးခေါင်းညွှတ်အရိုအသေပေးရင်း ညိုပြာညက်ကို ပေးလိုက်ပါတယ်။ ကောင်မလေးပေးတာကို ညိုပြာညက်က လှမ်းယူရင်း ရပ်ထားတဲ့ နောက်ဆုံးပေါ် မာစီဒီးကားရှိရာ သွားပါတယ်။ ကားနားရောက်တော့ ကားဒရိုင်ဘာက ကားနောက်ခန်းတံခါးကို ဖွင့်လိုက်တယ်။ ကားနောက်ခန်းမှာ ညိုပြာညက် ဝင်ထိုင်လိုက်တယ်။ အတွင်းရေးမှူးမလေးက ကားရှေ့ခန်းထဲ ဝင်ထိုင်ပြီးတဲ့အခါ ကားက ခြံထဲကနေ ထွက်ခွာသွားတယ်။

ကားနောက်ခန်းကနေ သိန်းထောင်ပေါင်းများစွာတန်တဲ့ ခြံနဲ့ တိုက်ကြီးကို ညိုပြာညက်က နောက်ပြန်လှည့်ကြည့်ပြီး ကျေနပ်မဆုံး။

❑

ဖွင့်ထားတဲ့ အဝတ်ဗီရိုနှစ်လုံးထဲက အင်္ကျီအဝတ်အစားတွေရယ် ကုတင်ပေါ်မှာ ပြန့်ကျဲနေတဲ့ အဝတ်အစားတွေကိုကြည့်ပြီး ဝါရွှေစင်အခု ထက်ထိ စိတ်တိုင်းမကျ ဖြစ်နေတယ်။

နောက်ထပ် အဝတ်ဗီရိုတစ်လုံးကိုဖွင့်ပြီး အိမ်ဖော်ကောင်မလေးက အဝတ်အစားတစ်စုံကို ယူလာပါတယ်။

"မမလေး . . . ဒါလေးကတော့ မမလေးနဲ့ လိုက်မယ်ထင်တယ်"

အိမ်ဖော်ကောင်မလေးပြတဲ့ အဝတ်အစားကိုကြည့်ပြီး ဝါရွှေစင်က ခေါင်းခါပြလိုက်ပါတယ်။ ကောင်မလေးက နောက်ထပ်အဝတ်အစားတစ်စုံ ယူလာပြန်ပါတယ်။ မကြိုက်သေးလို့ ထပ်ခေါင်းခါပြရပြန်ပါတယ်။ နောက်ဆုံးတော့ ဝါရွှေစင်ဟာသာ ကိုယ်တိုင်ရွေးပြီး စိတ်တိုင်းမကျ

www.burmeseclassic.com



မယ့် နည်းနည်းကိုယ်နဲ့လိုက်ဖက်မယ့် အဝတ်အစားကိုရွေးပြီး ဝတ်လိုက်ပါတယ်။

ဩော် . . . ကိုယ့်ရုပ်ကိုယ့်ရည်နဲ့ လိုက်ဖက်မယ့် အဝတ်အစားကို တစ်နေ့တစ်နေ့ ရွေးရ၊ ဝတ်ရ၊ ဖက်ရှင်ဆိုင်တွေမှာ ဝယ်ရတာ မလွယ်လိုက်တာလို့တွေးရင်း ဝါရွှေစင်တစ်ယောက် သက်ပြင်းချလိုက်မိပါတယ်။

❑

"ကလင်! ကလင်! ကလင်!"

နာရီနှိုးစက်မြည်သံကြောင့် အိပ်ပျော်နေရာကနေ မေတန်ခူး၊ ညိုပြာညက်၊ ဝါရွှေစင်တို့သုံးယောက်သား အိပ်ယာကနေ ပြိုင်တူနိုးလာပါတယ်။

"သွားပါပြီဟယ်၊ အိပ်မက်က ကောင်းနေမှ ဒီနှိုးစက်က မြည်လာရတယ်လို့"

မေတန်ခူးက ဆံပင်တွေကို လက်နဲ့သပ်ထွင်ရင်း စိတ်ပျက်တဲ့လေသံနဲ့ ညည်းလိုက်ပါတယ်။

"ငါလည်း ဘာထူးလို့လဲ၊ အိပ်မက်က တကယ့်အထွတ်အထိပ်တို ရောက်နေပြီ၊ နှမျောလိုက်တာ"

ခေါင်းကိုခေါက်နေတဲ့ ညိုပြာညက်က မကျေမနပ်တဲ့လေသံနဲ့ စကားဆိုပါတယ်။

"ငါ့မက်တဲ့ အိပ်မက်ထဲက အိပ်မက်လိုမျိုး အပြင်မှာဖြစ်ရင် သိပ်ကောင်းမှာပဲ"

ဝါရွှေစင်က ခေါင်းအုံးတွေကို ညီညီညာညာထပ်ရင်း ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။

"တဲ ... အိပ်မက်အကြောင်းကို နောက်မှပြော၊ မျက်နှာမြန်မြန်သစ်၊ အလုပ်ချိန်အမီ ပြေးရမှာ"

မေတန်ခူးက သတိပေးစကားဆိုပြီးတဲ့အခါ သုံးယောက်သား မျက်နှာသစ်၊ သွားတိုက်နဲ့ အလုပ်ရှုပ်ကုန်ပါတော့တယ်။

အဲဒီအချိန်မှာ မက်ခဲ့တဲ့ အိပ်မက်တွေကို သတိမရတာကတော့ အခုန်ပါပဲ၊

❑

"တို့သုံးဦးမက်တဲ့ အိပ်မက်တွေက အိပ်မက်ထဲမှာ အားလုံးငွေကြေးကြွယ်ဝချမ်းသာတဲ့ သူတွေချည်းပဲဆိုတော့ ဒါ ... ငါတို့ရည်မှန်းချက်တွေအတွက် အောင်မြင်မယ့် နိမိတ်တွေလား မသိဘူး"

မက်ခဲ့တဲ့ အိပ်မက်အသီးသီးကို နံနက်စာ အဆာပြေကော်ဖီမစ်သောက်ရင်း တစ်ယောက်ချင်းစီ ပြောဆိုပြီးနောက် မေတန်ခူးက မှတ်ချက်စကားဆိုပါတယ်။

"တို့သူငယ်ချင်းသုံးယောက် ရန်ကုန်မြို့ကိုတက်လာတာ ဘာအတွက်လဲ၊ ဒီလို တိုက်ခန်းကျဉ်းကျဉ်းလေးကို ငှားပြီးနေ၊ တို့ရည်ရွယ်ချက်တွေကကော အခုလက်ရှိလုပ်နေတဲ့ အလုပ်တွေနဲ့ တို့ရည်မှန်းထားသလို ဖြစ်လာပါ့မလား"

ညိုပြာညက်က စိုးရိမ်တဲ့လေသံနဲ့ ပြောလိုက်ပြီး ကော်ဖီတစ်ကျိုက်ကို မော့ချလိုက်တယ်။

"ညိုပြာညက်ပြောတာ ဟုတ်တယ်၊ မေတန်ခူးက မော်ဒယ်သင်



www.burmeseclassic.com

www.burmeseclassic.com



တန်းဆရာမ၊ ညိုပြာညက်က ကုမ္ပဏီရဲ့ Marketing တွဲဖက်မန်နေဂျာ၊ ငါကျတော့လည်း ဘယ်နေ့အဆိုတော်ဖြစ်မလဲလို့ မျှော်လင့်နေရ၊ သီချင်းခွေဘယ်သူကများ ထုတ်ပေးလေမလဲလို့ လိုက်ရှာနေရ၊ ဒီလိုဘဝတွေနဲ့ ချမ်းသာပါ့မလား"

ဝါရွှေစင်က ကော်ဖီမစ်ခွက်ကို သောက်မယ်လို့ ဟန်ပြင်ပြီးကာမှ ကော်ဖီမစ်ခွက်ကို စားပွဲပေါ်ပြန်ချထားလိုက်တယ်။

"ဟုတ်တယ် . . . မော်ဒယ်သင်တန်းဆရာမလုပ်ရတာ တကယ်ပင်ပန်းတာ၊ တစ်နေ့တစ်နေ့ ရောက်လာတဲ့ သင်တန်းသားအသစ်တွေကို သင်ရတာက တစ်မျိုး၊ သင်တန်းသားအဟောင်းတွေကို သင်ရတာက တစ်မျိုး၊ ဝတ်ပုံစားပုံတွေပါ ရှင်းပြရနဲ့ တကယ်တမ်း ပိုက်ဆံရပြီး ကြီးပွားသွားတာက မော်ဒယ်အေဂျင်စီပိုင်ရှင်တွေချည်းပဲ၊ ပွဲတစ်ပွဲလုပ်ရင် သိန်းချီပြီး ငွေတွေရတာ၊ ငါက လခလောက်သာ ရတာ၊ ကွာတာ အတော့်ကိုကွာတာ"

"မေတန်ခူးရယ် . . . နင်မှမဟုတ်ပါဘူး၊ ငါလည်း ဘာထူးလဲ၊ ကုမ္ပဏီရဲ့ဈေးကွက်တွဲဖက်မန်နေဂျာဆိုတဲ့အတိုင်း ငွေစာရင်းဇယားတွေနဲ့ နေ့စဉ်နပမ်းလုံးနေရတာ ကိုယ့်ဖက်က မှားလို့ကတော့ သိန်းချီစိုက်လျှော်ပေတော့ပဲ၊ အမှားမခံဘူး"

"ငါကတော့ ညိုပြာညက်လိုမျိုး ခေါင်းစားစရာတော့ မလိုဖူးပေါ့ဟာ၊ မဂ္ဂဇင်းဂျာနယ်တွေမှာ ဖော်ပြတဲ့ အောင်မြင်ထင်ရှားတဲ့ အဆိုတော်တွေရဲ့ နေမှုထိုင်မှုကိုကြည့်ပြီး ငါလည်း တစ်နေ့ဘယ်နေ့လဲလို့ ငါဖြစ်ချင်သလိုမျိုးမှ ဖြစ်လာပါ့မလားလို့ စိုးရိမ်ရတာပါပဲဟာ"

ဝါရွှေစင်က စိတ်ပျက်တဲ့လေသံမျိုးနဲ့ မှတ်ချက်စကားဆိုပါတယ်။

"ဘာမှ ငါတို့သုံးယောက်စိတ်ဓါတ်ကျစရာ မလိုဘူး၊ ငါတို့သုံး



www.burmeseclassic.com

www.burmeseclassic.com



ယောက်စလုံးမှာ ပုရိသယောကျ်ားတွေ သဘောကျတဲ့ ရုပ်ရည်တွေ ပိုင်ဆိုင်တယ်၊ ကိုယ်လုံးကိုယ်ပေါက် ခန္ဓာကိုယ်တောင့်တယ်၊ ဖြောင့်တယ်၊ ဒီတော့ ငါတို့ချမ်းသာဖို့၊ ချမ်းချမ်းသာသာနေဖို့ ဒါတွေနဲ့ ဆွဲဆောင်ရမယ်၊ အသက်ကြီးတာငယ်တာ အဓိကမကျဖူး၊ တို့ရဲ့အိမ်ထောင်ဖက်ဟာ ငွေကြေးကြွယ်ဝချမ်းသာဖို့ပဲ လိုတယ်၊ ဒါမှ ငါတို့ရည်ရွယ်ချက်တွေ ပြည့်ဝမှာ"

မေတန်ခူးစကားကို ညှိုပြာညက်နှင့် ဝါရွှေစင်က ထောက်ခံတဲ့ ပုံစံအမူအရာနှင့် လက်မထောင်ပြလို့ ကျန်တဲ့ မေတန်ခူးကလည်း လက်မထောင်ပြလိုက်ပါတယ်။ ရန်ကုန်မြို့မှာ သူတို့သုံးယောက်လိုမျိုး မည်ရွေ့မည်မျှရှိနေသလဲ မသိရေးချမသိ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

မိုးကောင်းကင်ထဲမှာ

ဒေဿနမရှိပါ။

မြေပြင်မှာနေကြတဲ့ သူတွေထဲမှာပဲ

ဒေဿနဆိုတာရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ကုမ္ပဏီရုံးခန်းထဲမှာ တူညီဝတ်စုံတွေနဲ့ ဝန်ထမ်းတွေက မတ်တပ်ရပ် အသင့်အနေအထားနဲ့ ရှိနေပါတယ်။ သူတို့ရဲ့ မျက်နှာအမူအရာတွေက စိတ်ပျက်တဲ့ အသွင်ဆောင်နေပါတယ်။ သူတို့တစ်တွေရှိနေတဲ့ နေရာကို အသက်ငါးဆယ်ခန့် ဗိုက်နည်းနည်းရွဲတဲ့ ပုံပန်းသဏ္ဌာန်ရှိပြီး စတိုင်ဘောင်းဘီအနက်၊ စပို့ရှပ်အညိုရောင်ကို ဝတ်ထားတဲ့ လူတစ်ဦးရောက်လာပါတယ်။

"Good Morning ဘော့စ် . . . ထွန်းကုမ္ပဏီပိုင်ရှင် ဦးကျော်ထွန်းခေါင် ကျန်းမာပါစေ"

ကုမ္ပဏီဝန်ထမ်းတွေက ပြိုင်တူအရှိအသေပေး နှုတ်ဆက်စကားကြောင့် ဦးကျော်ထွန်းခေါင်ဆိုသူက ကျေနပ်သွားပါတယ်။

"အခုလို ဦးကျော်ထွန်းခေါင်ဆိုတဲ့ လူပျိုကြီး၊ ဒီကုမ္ပဏီပိုင်ရှင်ငါ့ကိုနှုတ်ဆက်တာဟာ ကွန်ဖြူးရှပ်ရဲ့အဆိုနဲ့ ကိုက်ညီနေတာပေါ့၊ ကွန်



www.burmeseclassic.com

www.burmeseclassic.com



မြူးရုပ်ကို သိလား"

"ကွန်မြူးရုပ်တော့ မသိပါဘူး ဘော့စ်၊ ကွေန်းရုပ်တော့ သိတယ်၊ အဲဒီကွေန်းရုပ်ငါးခြောက်ကို ထောင်းပြီး ငါးခြောက်ထောင်းကြော်စား ရင် သိပ်ထမင်းမြိန်တာပဲ"

ကုမ္ပဏီဝန်ထမ်းလူငယ်တစ်ဦးရဲ့ အဖြေစကားကြောင့် ဦးကျော် ထွဋ်ခေါင်တစ်ယောက် သံပုရာသီးအလုံးတစ်ရာစားရသလိုမျိုး မျက်နှာ တ ရှုံ့တွသွားပါတယ်။

"ကွန်မြူးရုပ်ဆိုတာ တရုတ်ဒဿနပညာရှိကြီးကွ၊ မင်းတို့ ငါ့ ဝန်ထမ်းတွေလုပ်နေပြီး စာလေးဘာလေး ဖတ်ကြဦး၊ ပညာရှိကြီးကွန်မြူး ရုပ်က ဘာပြောသလဲဆိုတော့ မြင့်မြတ်တဲ့သူဖြစ်ဖို့ ကိုယ်ကျင့်တရား ကောင်းဖို့ လိုတယ်တဲ့၊ ကိုယ်ကျင့်သိက္ခာမကောင်းရင် ကိုယ့်လူ့အဖွဲ့ အစည်းမှာ ငြိမ်းချမ်းစွာ မနေနိုင်ဖူးတဲ့"

"ဘော့စ် . . . ကျွန်တော်တို့က ဘော့စ်ကို နှုတ်ဆက်တာနဲ့ ဘော့စ် အခုပြောတာက ဘာဆိုင်လို့လဲ"

ကုမ္ပဏီဝန်ထမ်းတစ်ဦးက ခေါင်းစားတဲ့လေသံနဲ့ မေးလိုက်ပါ တယ်။ ကျန်တဲ့ ကုမ္ပဏီဝန်ထမ်းတွေလည်း ဘာမှန်းမသိဖြစ်နေပါတယ်။

"မင်းတို့ အဲဒါခက်တာပဲ၊ ဒဿနဆန်ဆန် တွေးစမ်းပါ၊ အော် စကာဝိုင်းက ပြောတယ်၊ လူဆိုတာ ကြောင်းကျိုးသိတတ်တဲ့ သတ္တဝါပဲတဲ့၊ ဒါပေမယ့် အကြောင်းရှိလို့ လိုအပ်သလို လုပ်ဆောင်ရမယ်ဆိုရင် စိတ် ဆိုးတတ်တတ်တဲ့၊ ဟော . . . ဒီအိပ်ချ်လောရင့်ကျတော့ တစ်မျိုးပြော တယ်၊ လူတွေဟာ ထူးဆန်းတဲ့ သတ္တဝါတွေတဲ့၊ မြင်းလို ဂနာမငြိမ်ဖူး မြည်းလို ခေါင်းမာတယ်၊ ကုလားအုတ်လို အညှိုးကြီးတယ်တဲ့၊ ဒါ့စတာ ယက်စကီးကျတော့ ဒီလိုဖွင့်ဆိုပြန်တယ်၊ လူဆိုတာ ပြုပြင်ပြောင်းလဲလို့

www.burmeseclassic.com



ရတယ်တဲ့၊ အချိန်တန်ရင် နေသားကျသွားမယ်တဲ့၊ မတ်တွိုင်းကျတော့ သတ္တဝါတွေထဲမှာ လူသာလျှင် ရှက်သွေးဖြာတတ်တယ်တဲ့၊ ရှက်တတ်အောင်လုပ်ပြီး ရှက်တတ်ဖို့ လိုတယ်တဲ့၊ အဲ . . . ဘာထရန်ရပ်ဆဲလ်ကျတော့ . . .”

“ဘော့စ် . . . နိုင်ငံခြားက ဖုန်းလာတယ်”

လူငယ်တစ်ဦးက အာပေါင်အာရင်းသန်သန်နဲ့ စကားပြောနေတဲ့ ဦးကျော်ထွန်းခေါင်နားရောက်လာပြီး လာပြောပါတယ်။

“အေး . . . ကောင်းပြီ၊ ကဲ . . . နောက်မှ ဆက်ပြောမယ်၊ ကိုယ်လုပ်စရာရှိတာ လုပ်ကြ”

ဦးကျော်ထွန်းခေါင်က သူ့ရုံးခန်းရှိရာသို့ ထွက်သွားပါတယ်။ အဲဒီအခါကျမှပဲ ကုမ္ပဏီဝန်ထမ်းတွေခမျာ လွတ်လပ်ရေးရလို့ ပျော်ရွှင်တဲ့အမူအရာမျိုးတွေ ဖြစ်ကုန်ပါတယ်။

“ဒီလိုဖုန်းလာတာကို ကျေးဇူးတင်ရမယ်၊ နို့မို့ဆို Talking တွေက ဘယ်လောက်လွှင့်ဦးမလဲ မသိဘူး၊ ဘာတွေပြောမှန်း မသိဘူး၊ ကွန်ဖြူးရှပ်တွေကော၊ အော်စကာဝိုင်းကော၊ ဒီအိပ်ချ်လောရင့်ကော၊ ဒေ့စတာယပ်စကီးကော၊ မတ်တွိုင်းကော ရှုပ်နေတာပဲ၊ အဲဒါတွေက ငါတို့အလုပ်နဲ့ ဘာဆိုင်လို့လဲ၊ ဒီနေ့ ကုမ္ပဏီလာခါနီး အိမ်ကမိန်းမနဲ့ ရန်ဖြစ်လာရလို့ စိတ်ညစ်နေရတဲ့အထဲကွာ”

“ဒီလို မဆီမဆိုင်တဲ့ ဒဿနစကားတွေ ပြောချင်ရာပြောလို့ ဦးကျော်ထွန်းခေါင် လူပျိုကြီးဖြစ်နေတာ၊ ဘယ်သူက သူ့ကို ယူမှာလဲ၊ ဒီလိုလေကြောရှည်လို့ ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် မင်္ဂလာဆောင်ရည်းသေးတယ်၊ နောက်နေ့ ကုမ္ပဏီလာခါနီး က ဘုရားမှာ ဆုတောင်းရမယ်၊ ဦးကျော်ထွန်းခေါင့် လေကြော



www.burmeseclassic.com

www.burmeseclassic.com



မှ ကင်းဝေးရပါလို၏လို့"

ကုမ္ပဏီဝန်ထမ်းလူငယ်လေးတစ်ဦးရဲ့စကားကို ကျန်တဲ့ဝန်ထမ်းတွေက ဝိုင်းရယ်လိုက်ကြတာကို ဦးကျော်ထွဋ်ခေါင်တစ်ယောက် ဖုန်းပြောနေလို့ မသိလိုက်ပါ။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

ပုံကြီးချဲ့တယ်ဆိုတာ

ဓါတ်ပုံကူးတာနဲ့

မိတ္တူပုံစံကောင်းတယ် !!!

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

စပျစ်ခြံ၊ ကော်ဖီခြံ၊ လိမ္မော်ခြံက စာရင်းတွေကို ဦးညီညီမိုးတစ်ယောက် အသေးစိပ်ကြည့်ရှုစစ်ဆေးနေမိတယ်။ တစ်လထက်တစ်လ တိုးတက်လာသလား၊ ဆုတ်ယုတ်လာသလား၊ ဘာတွေ ဘယ်လိုလုပ်ရမလဲ စသဖြင့် စဉ်းစားတွက်ချက်တာလည်း ပါတာပေါ့။ အလုပ်ထဲ စိတ်နှစ်ထားလို့လား မသိ။ ဦးညီညီမိုးတစ်ယောက် ဗိုက်ဆာတာတောင် မေ့နေပါတယ်။ ဗိုက်ထဲကနေ အသံပေါင်းစုံမြည်လာတော့မှ သူ့အလုပ်ကိစ္စကို ခေတ္တရပ်တန့်လိုက်ပြီး စားပွဲခုံပေါ်မှာ ချထားတဲ့ ကော်ဖီခွက်နဲ့ ကိတ်မုန့်ပန်းကန်ကို သတိရသွားပါတယ်။

ကော်ဖီခွက်ကိုယူပြီး တစ်ကျိုက်မော့ချလိုက်ရင်းက မျက်နှာကရှုံ့သွားပါတယ်။ ကိတ်မုန့်ကိုစားဖို့ လှီးထားတဲ့ ကိတ်မုန့်ကိုကြည့်ပြီး စိတ်ပျက်သွားပါတယ်။ ကိတ်မုန့်ကို ပြန်ချထားလိုက်ပြီး လူခေါ် ဘဲလ်ကို နှိပ်လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ . . . ဘာလိုလို့လဲ"

ဦးညီညီမိုးရှိတဲ့ အခန်းထဲကို အလုပ်သမားတစ်ယောက် ဝင်လာပါတယ်။

"ဒီကော်ဖီနဲ့ ကိတ်မုန့်ကို မင်းဖျော်ပြီး လှီးတာလား"

"ဟုတ်ပါတယ်ဆရာ . . . ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လည်းဆို မင်းဖျော်တဲ့ ကော်ဖီကို မင်းပြန်သောက်ကြည့်၊ သကြားတွေ ဘာဖြစ်လို့ ဒီလောက်တောင် ထည့်ရတာလဲ၊ ချိုရဲ့နေတာပဲ"

"ဆရာကလည်း ပုံမှန်ထည့်နေကျအတိုင်းပါပဲ"

"ဘာပုံမှန်ထည့်တာလဲ၊ ဒီလောက်ချိုနေတဲ့ ကော်ဖီကိုသောက်ရင် ဆီးချိုရောဂါဖြစ်မှာပေါ့ကွ၊ ကမ္ဘာပေါ်မှာ တစ်နေ့ကို ဆီးချိုရောဂါလူတွေဘယ်နှစ်ယောက်ဖြစ်ပြီး ဘယ်နှစ်ယောက်သေနေကြသလဲဆိုတာ မင်းသိလား။ ပြီးတော့ မင်းလှီးထားတဲ့ ကိတ်မုန့်ကို မင်းပြန်ကြည့်၊ တစ်ချပ်နဲ့တစ်ချပ် အရွယ်အစားက မတူ၊ အစအနတွေက ထွက်နဲ့၊ ကိတ်မုန့်ဆိုတာ လှီးချင်တိုင်း လှီးလို့မရဘူး၊ ညီညီညာညာလှီးရတယ် မှတ်ထား"

"ဟုတ်ကဲ့ . . . မှတ်ထားပါ့မယ်"

"အေး . . . ဒါဆို ဒါတွေပြန်ယူသွား၊ ငါအပြင်သွားစရာရှိလို့ အပြင်မှာပဲ စားတော့မယ်"

အလုပ်သမားက ကော်ဖီပန်းကန်နှင့် ကိတ်မုန့်ပန်းကန်ကိုယူပြီး အခန်းထဲက ထွက်သွားပါတယ်။

ဦးညီညီမိုးလည်း စာရင်းဇယားစာအုပ်တွေကိုသိမ်းပြီး ခိုက်ဆံအိတ်ကိုယူကာ အခန်းအပြင်ဘက်ကို ထွက်လိုက်တယ်။ ဝန်ထမ်းတွေက သူတို့အလုပ် သူတို့လုပ်နေလို့ ဦးညီညီမိုးအခန်းထဲက ထွက်လာတာကို



www.burmeseclassic.com

www.burmeseclassic.com



သတိမထားမိဘူး။

ဦးညီညီမိုးက အခန်းထဲက လေအေးပေးစက်တွေကို ကြည့်လိုက်တယ်။

"ဟော့ . . . ဘာဖြစ်လို့ အဲကွန်းတွေကို ဒီလောက်အေးအောင်ဖွင့်ထားရတာလဲ၊ အထဲမှာက ဒီလောက်အေးနေတာ အပြင်မှာက ပူနေ၊ အပူနဲ့အအေးနဲ့ ဆန့်ကျင်ဘက်ဆိုတော့ အပြင်ထွက်ရင် ဦးနှောက်သွေးကြောပြတ်ကုန်မှာပေါ့။ အအေးကို ပြန်လျှော့၊ ဟဲ့ . . . ဟိုကောင်မလေးစာရင်းစာအုပ်တွေကို ညီညီညာညာလေး ထပ်ထား၊ ဒါမှ ကြည့်ကောင်းမှာပေါ့၊ အခုနင့်စားပွဲက စာအုပ်တွေ ကြည့်စမ်း၊ စည်ပင်သာယာ လာမသိမ်းတဲ့ အမှိုက်ပုံလို ဖြစ်နေပြီ၊ ကွန်ပျူတာရိုက်တဲ့ ကောင်မလေး . . . ကွန်ပျူတာနဲ့ နီးနီးကပ်ကပ်မနေနဲ့၊ ကွန်ပျူတာကထွက်တဲ့ ရောင်စဉ်လှိုင်းတွေကြောင့် မျက်စိကွယ်မယ်၊ ကမ္ဘာပေါ်မှာ ဒါမျိုးဖြစ်တာများပြီ"

ဦးညီညီမိုးက သူပြောချင်တာပြောပြီးသွားလို့ ရုံးခန်းထဲကနေထွက်သွားပါတယ်။ ဝန်ထမ်းတွေက ဦးညီညီမိုးရုံးခန်းထဲက ထွက်သွားတာကို ကြည့်နေရင်းက . . .

"ကျွန်မတော့ ဒီကုမ္ပဏီမှာ လုပ်မိတာ မှားပြီထင်တယ်၊ ဒီသူဌေးဦးညီညီမိုးရဲ့ ဘာမှမဟုတ်တဲ့ ကိစ္စတွေကို ဇီဇာကြောင်ပုံကြီးချဲ့တာတွေကြားလာတော့ သည်းခံချင်စိတ်မရှိတော့ဘူး"

"ဟုတ်တယ် . . . အခုလည်းကြည့်၊ ဘာမဟုတ်တဲ့ကိစ္စကို ပြောသွားတာ၊ ဒါကြောင့်လည်း သူ့မိန်းမဒေါ်ခက်ခက်မာနဲ့ကွဲပြီး တစ်ခုလပ်ဖြစ်နေတာ၊ ဒေါ်ခက်ခက်မာကလည်း ဒါမျိုးဘယ်သည်းညည်းခံနိုင်ပါ့မလဲ၊ ဟိုကလည်း ပိုက်ဆံချမ်းသာတာပဲဟာ"

ဝန်ထမ်းတွေက အလုပ်ကို ဆက်မလုပ်တော့ဘဲ ဦးညီညီမိုးရဲ့



www.burmeseclassic.com

www.burmeseclassic.com



အတင်းကိုသာ မြိန်ရည်ရှက်ရည် ပြောနေပါတော့တယ်။ ဒါကို ဦးညီညီမိုး သိလို့ကတော့လား . . .။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

အလှအပ

အသန့်အပြန့်ကို

အမျိုးသမီးတွေထက်

အမျိုးသားတွေ နှစ်သက်လာရင်

ပိုလို့သာ ဆိုးတော့တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

မှန်တင်ခုံစားပွဲရှေ့မှာ ရေမွှေးပုလင်းတွေ၊ ခေါင်းလိမ်းဆီဗူးတွေ၊ ဖျယ်ရီပူးတွေက အမျိုးအစားစုံလင်စွာနဲ့ ရှိနေပါတယ်။ ရေမွှေးနံ့တထောင်းထောင်းထနေတဲ့ အကျႌကိုဝတ်ဆင်ထားပြီး မှန်ရှေ့မှာ ကိုယ့်ရုပ်ပုံကိုကြည့်လိုက်၊ မျက်နှာကိုပွတ်လိုက်၊ ပါးကိုကိုင်ကြည့်လိုက်နဲ့ ဦးဘုန်းတင့်တစ်ယောက် ဘာကိုအလိုမကျနေမှန်းမသိ ဖြစ်နေပါတယ်။ ဝတ်ထားတဲ့ ရှပ်အကျႌလက်ရှည်ရဲ့ ကြယ်သီးတပ်ထားတဲ့ နေရာကိုကြည့်လိုက်တော့ နည်းနည်းကျိုးပေနေသလိုမျိုး ဖြစ်နေတာ တွေ့လိုက်ရလို့ မျက်နှာပျက်သွားပါတယ်။

"မောင်ချစ်၊ လှမေ . . . ဒီကိုလာဦး"

အခန်းထဲကို လူနှစ်ယောက်ပြေးဝင်လာပါတယ်။

"သူဌေး ဘာကိစ္စများရှိလို့လဲ"

"ဘာကိစ္စရှိရမှာလဲ မောင်ချစ်၊ ဟောဒီအကျႌကြယ်သီးတပ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ ကြည့်စမ်း၊ ဂျိုးပေနေတာ တွေ့လား"

ဦးဘုန်းတင့်က မောင်ချစ်ဆိုဒဲ့သူကို အင်္ကျီကြယ်သီးတပ်ထား တဲ့ နေရာကို ပြပါတယ်။

"သူဌေးရယ် . . . ဂျိုးပေတာ မဖြစ်စလောက်လေးပါ၊ လူမသိ ပါဘူး"

"ဘာလို့ လူမသိရမှာလဲ၊ ငါဒီလောက် အသန့်အပြန့်ကြိုက်တာ မင်းသိရဲ့သားနဲ့၊ ဗီရိုဖွင့် အင်္ကျီအသစ်တစ်ထည် ထပ်ထုတ်ပြီး ယူလာခဲ့"

ဦးဘုန်းတင့်က ဝတ်ထားတဲ့ အင်္ကျီကို ချွတ်လိုက်ပြီး မှန်ပြန်ကြည့် ပါတယ်။

"လှဖေ . . . ငါ့မျက်နှာကို လာကြည့်စမ်း၊ အဆီပြန်နေလားလို့"

လှဖေဆိုသူက ဦးဘုန်းတင့်မျက်နှာကို စုံထောက်တစ်ဦးက လူ သတ်မှုကြောင့် သေဆုံးရတဲ့လူကို အကဲခတ်သလိုမျိုး ယောက်ျားချင်း မကြည့်ချင်ပေမယ့် ကြည့်နေရပါတယ်။ ပြီးမှ . . .

"အဆီမပြန်ပါဘူး သူဌေးရဲ့"

"မဟုတ်သေးပါဘူးကွာ၊ ငါ့မျက်နှာမှာ တစ်ခုခုလိုနေသလိုပဲ"

ဦးဘုန်းတင့်က ပြောပြောဆိုဆိုပါပဲ၊ မှန်တင်ခုံပေါ်မှာရှိတဲ့ 'တို့ ပတ်' ကိုယူပြီး မျက်နှာကိုရိုက်လိုက်၊ မှန်ကိုကြည့်လိုက်နဲ့ လုပ်နေပါတယ်။

"သူဌေး . . . ဒီမှာ အင်္ကျီရပြီ"

ခေါက်ရိုးကျိုးပြီး ငကော့နေအောင် မီးပူတိုက်ထားတဲ့ အင်္ကျီတစ် ထည်ကို မောင်ချစ်က ယူလာပြီး ဦးဘုန်းတင့်ကို ပေးလိုက်ပါတယ်။ ဦးဘုန်းတင့်က အင်္ကျီကိုဖြန့်လိုက်ပြီး အသေအချာကြည့်ကာ ကျေနပ် တော့မှ ဝတ်ပါတယ်။ ပြီးတော့ ရေမွှေးနှစ်မျိုးသုံးမျိုး ဆွတ်ပါတယ်။ မှန်ရှေ့မှာ ခန္ဓာကိုယ်ကို ဟိုလှည့်ဒီလှည့် ကြည့်လို့နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့က အလုပ်တွေ များတယ်၊ စတူဒီယိုမှာ MTV လာရိုက်မယ် ပြောတယ်၊ ပြီးတော့ ရွှေဆိုင်မှာလည်း ဗွီဒီယိုဇာတ်ဝင်ခန်းရိုက်မယ် ပြောတယ်၊ ဒီတော့ ကိုယ်က အဲဒါတွေရဲ့ပိုင်ရှင်ဆိုတော့ သူတို့ အထင်မသေးအောင် ကိုယ့်ဖက်က သန့်ပြန့်ဖို့ သိပ်အရေးကြီးသလို ကိုယ်ကလည်း လှနေမှ"

"သူဌေးရာ . . သူဌေးကို သူဌေးမှန်း လူသိတာပဲဟာ၊ ယောက်ျားပဲ လှဖို့မလိုပါဘူး"

မှန်တင်ခုံပေါ်မှာရှိတဲ့ ရေမွှေးပုလင်းတွေကို ပြန်စီနေတဲ့ လှဖေက ဦးဘုန်းတင့်ကို ဝေဖန်ပါတယ်။

"အဲဒါ သိပ်ခက်တာပဲ လှဖေရဲ့၊ သူဌေးဆိုတာ သူဌေးနဲ့တူအောင် လှလှပပ၊ သန့်သန့်ပြန့်ပြန့် နေရတယ်၊ ကမ္ဘာကျော်သူဌေးကြီးတွေရဲ့ ဝတ်ပုံစားပုံ၊ နေပုံထိုင်ပုံတွေကို ကြည့်ပါလား"

"မဟုတ်မှလွဲရော သူဌေးရဲ့မိန်းမဆုံးတာ တစ်နှစ်ရှိလို့ မုဆိုးဖိုဘဝကနေကျွတ်ပြီး နောက်မိန်းမယူချင်နေလို့ပဲ ဖြစ်ရမယ်"

"ဒီမှာ မောင်ချစ် . . . ငါ့အသက်က ငါးဆယ်ပဲ ရှိသေးတယ်၊ ငါ့ရုပ်၊ ငါ့ရည်၊ ငါ့ဥစ္စာတွေနဲ့ ငါ့ကိုလိုချင်သူတွေက ဝိုင်းဝိုင်းကို လည်နေတာပဲ၊ ဒါပေမယ့် ငါလက်ထပ်လိုက်မယ့် မိန်းမဟာ ငါ့လောက် အသန့်အပြန့်မကြိုက်၊ အလှအပ မမက်မောရင် ငါ့ဘဝသွားပြီကွ . . . သိလား"

ဦးဘုန်းတင့်က မှန်ရှေ့မှာ သူ့ပုံကို သူပြန်ကြည့်တာကို လှဖေက ဦးဘုန်းတင့်မှန်ဘယ်နှစ်ကြိမ် ကြည့်ပြီးပြီလဲဆိုတာကို လက်ချိုးရေတွက်နေပါတယ်။

"ဟူး . . . ညက အလုပ်အကြောင်း စဉ်းစားလို့ အိပ်ပျက်တာအခုမှ အဖြေပေါ်တယ်၊ မျက်တွင်းတွေ နည်းနည်းကျသွားတာကိုး၊ မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သေးဖူး . . . ညနေရောက်ရင် မာမီခိုင်ဆီမှာ မျက်နှာဆေးပြီး ပေါင်းတင်ရမယ်"

ဦးဘုန်းတင့်စကားကို နားထောင်နေတဲ့ မောင်ချစ်နဲ့ လှဖေကျော်တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြုံးနေပါတော့တယ်။

ကမ္ဘာကြီးပေါ်မှာ သူတို့သူ့ငွေးလောက် အသန့်အပြန့်၊ အလှအပ ကြိုက်သူ ရှိပါ့မလားလို့။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

မထင်ထားပါဘူး သီလား !!!

စကားလုံးတွေကို မနှစ်မြို့ပေမယ့်

သူကတော့

ကိုယ့်အိပ်မက်တွေ

ပစ္စုပ္ပန်မှာ

လက်တွေ့အသွင်ပြောင်းပေးနိုင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

'ထွန်း'ကုမ္ပဏီအစည်းအဝေးခန်းမထဲမှာ ဝန်ထမ်းတွေအားလုံး စုံညီစွာ ရှိလို့နေပါတယ်။ ဒီနေ့ အထူးအစည်းအဝေးရှိတယ်ဆိုလို့ ဘယ်သူမှ အပြင်ကို မသွားကြပါ။

"ဦးကျော်ထွန်းခေါင်က ဒီအထူးအစည်းအဝေးမှာ ဘာတွေပွား ဦးမလဲ မသိဘူး၊ ဒီအိပ်ချ်လောရင့်တို့ ကွန်ဖြူးရှပ်တို့တွေ ထပ်လာဦးမလား မသိဘူး"

"အိမ်မှာ ဒီနေ့ဘုရားမရှိခိုးလာမိတာ မှားပြီထင်တယ်"

ဝန်ထမ်းအချင်းချင်း တစ်ယောက်တစ်မျိုး ထင်ကြေးပေးပြော ဆိုနေတုန်းမှာပဲ ဦးကျော်ထွန်းခေါင်တစ်ယောက် အစည်းအဝေးခန်းမထဲ ကို ဝင်လာပါတယ်။ ပြီးတော့ စားပွဲထိပ်ဆုံးက ကုလားထိုင်မှာ ဝင်ထိုင် လိုက်တယ်။

"ဒီနေ့ အထူးအစည်းအဝေးခေါ်ရတဲ့အကြောင်းက ငါ့ရဲ့ထွန်း

www.burmeseclassic.com



ကုမ္ပဏီကိစ္စပဲ၊ လူမှာ အရေးကြီးတာက ပျော်ရွှင်မှုပဲ၊ ကမ္ဘာပေါ်မှာရှိတဲ့ လူတွေဟာ ပျော်ရွှင်မှုကို လိုက်ရှာနေကြတာချည်းပဲ၊ ပျော်ရွှင်မှုမရှိတဲ့ လူဟာ မိမိခန္ဓာကြီးကို တစ်သက်တစ်ကျွန်း အကျဉ်းချထားတာနဲ့ အတူတူပဲ၊ အဲဒါ မင်းတို့သိလား"

အထူးအစည်းအဝေးကို တက်ရောက်လာတဲ့ ဝန်ထမ်းတွေ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း ဘာပြောရမှန်းမသိ ဖြစ်နေပါတယ်။

"အေး . . . ဒီနေ့ အထူးအစည်းအဝေးလုပ်တာကလည်း ငါ့ရဲ့ ထွန်ရှ်ကုမ္ပဏီဝန်ထမ်းတွေကို ပျော်ရွှင်ခြင်းတွေ ပေးချင်လို့ပဲ၊ မင်းတို့ဟာ တစ်နှစ်တာကာလပတ်လုံး ကုမ္ပဏီမှာ တာဝန်တွေ ထမ်းဆောင်နေကြရတယ်၊ ကိုယ့်မိသားစုစားဝတ်နေရေးအတွက် ဦးနှောက်၊ ဉာဏ်ပညာ၊ ခွန်အားတွေကို အကျဉ်းကျခံပြီး အလုပ်လုပ်နေရတယ်၊ ဒီတော့ အဲဒါတွေ လွတ်မြောက်စေဖို့ ကုမ္ပဏီပိုင်ရှင် ကျော်ထွန်ရှ်ခေါင်ဆိုတဲ့ငါ့မှာ တာဝန်ရှိတယ်၊ ဒီတော့ 'ထွန်ရှ်'ကုမ္ပဏီနှစ်ပတ်လည် ညစာစားပွဲကျင်းပဖို့ စီစဉ်ထားတယ်၊ ဒီထက်ပိုပြီး ထူးခြားတဲ့ အစီအစဉ်တစ်ခုကိုပါ ငါလုပ်ထားတယ်၊ အဲဒါက ကုမ္ပဏီမှာရှိတဲ့ ဝန်ထမ်းကောင်မလေးတွေကို မော်ဒယ်ရှိုးပြိုင်ပွဲလုပ်ပေးမယ်၊ ဆုတွေပေးမယ်၊ ဒီတော့ မော်ဒယ်ရှိုးကို ဘယ်လိုလျှောက်ရမယ်၊ ဘယ်လိုဝတ်စားဆင်ယင်ရမယ်ဆိုတာသိဖို့ မော်ဒယ်ဆရာမတစ်ယောက်ကိုငှားပြီး သင်ခိုင်းမယ်၊ ဘယ်လိုလဲ ဒီအစီအစဉ်ကို သဘောကျရဲ့လား"

"သဘောကျပါတယ်"

ဝန်ထမ်းတွေရဲ့အသံက ပြိုင်တူညီညာစွာ ပေါ်ထွက်လာပြီး မျက်နှာတွေကလည်း စောစောကလိုမျိုး မဟုတ်တော့ဘဲ ရွှင်မြူးနေလို့။



www.burmeseclassic.com

www.burmeseclassic.com



"ဘော့စ်ရယ် . . . ဒီဟာပြောဖို့များ ပျော့်ရွှင်ခြင်း လက်ဆောင်တွေကော ကမ္ဘာကြီးတွေကော ရှုပ်နေတာပဲ၊ ဒွဲပြောချလိုက်ရင် ပြီးနေတဲ့တာ"

"အကြောင်းအရာတစ်ခုဆိုတာ အတွေးနဲ့ပြောမှ အသက်ဝင်တာကွ၊ ရေခဲရေသောက်တာနဲ့ ဖါလူဒါသောက်တာ ကွာသလိုပေါ့ကွာ . . . မှတ်ထား၊ ကဲ . . . ဘာပြောချင်သေးလဲ"

"အစီအစဉ်ကိုသာ မြန်မြန်လေးစပါ ဘော့စ်"

ဦးကျော့်ထွဋ်ခေါင်က ခေါင်းညိတ်ပြလိုက်ပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ပါတယ်။ အစည်းအဝေးခန်းထဲမှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့တဲ့ ဦးရကျော့်ထွဋ်ခေါင်က တစ်စုံတစ်ရာကို စဉ်းစားနေပါတယ်။

❑

"မေတန်ခူး . . . သင်တန်းပိုင်ရှင်က ခဏလာပါဦးတဲ့"

မော်ဒယ်သင်တန်းသားတွေကို သင်ကြားပြသနေတုန်း မေတန်ခူးကို သင်တန်းပိုင်ရှင်က ခေါ်ခိုင်းသဖြင့် မေတန်ခူး သင်တန်းပိုင်ရှင်ရဲ့ အခန်းထဲကိုရောက်တော့ ဥပမိရုပ်ကောင်းကောင်း၊ ဗိုက်နည်းနည်းရွှဲတဲ့ အသက်ငါးဆယ်လောက်ရှိမယ့် အမျိုးသားတစ်ဦးက သင်တန်းပိုင်ရှင် ဒေါ်ခင်မိနဲ့ စကားပြောနေတာကို တွေ့ရပါတယ်။

"မေတန်ခူး . . . ထိုင် . . . "

သင်တန်းပိုင်ရှင်ဒေါ်ခင်မိက မေတန်ခူးကိုမြင်တော့ လွတ်နေတဲ့ ထိုင်ခုံမှာ ဝင်ထိုင်ဖို့ ပြောတဲ့အချိန်မှာ စောစောတုန်းက ဒေါ်ခင်မိနဲ့ စကားပြောနေတဲ့သူက မေတန်ခူးကို ကြည့်လိုက်ပါတယ်။ ပြီးတော့ ပြုံးပြ



www.burmeseclassic.com

www.burmeseclassic.com



**ဖွါတွာသွယ်၊ နှမတွာန္နှုံးလည်း** အလိုက်သင့်ပြုံးပြပါတယ်။

“မိတ်ဆက်ပေးရဦးမယ် မေတန်ခူးရေ့ သူက ဦးကျော်ထွန်းခေါင်တဲ့၊ ထွန်းကုမ္ပဏီပိုင်ရှင် သူဌေးပေါ့၊ ပြီးတော့ လူပျိုကြီး”

“ဟုတ်ကဲ့ . . . တွေ့ရတာ ဝမ်းသာပါတယ်”

“မေတန်ခူးတဲ့လား၊ နာမည်က လှသလို လူကလည်း လှတာကိုး၊ ဒါကြောင့် မော်ဒယ်သင်တန်းမှာ ဆရာမဖြစ်နေတာပဲ၊ ကိုယ်တိုင်မော်ဒယ် လုပ်ရမှာ၊ တကယ်တော့ ရုပ်အလှထက်၊ စိတ်အလှကသာ အရေးကြီးဆုံးပါ၊ ကမ္ဘာကြီးပေါ်မှာ ရုပ်လှပြီး စိတ်ထားမလှတဲ့သူတွေ ဘယ်လောက်များသလဲဆိုတာ ကွန်ပျူတာတွေက တွက်ချက်ပေးနိုင်မှာ မဟုတ်ဘူး၊ လူတွေလည်း တွက်ချက်နိုင်မှာ မဟုတ်ဘူး၊ လူတစ်ယောက်ရဲ့ အတွင်းအဇ္ဈတ္တကို ဘယ်သူက သိနိုင်မှာလဲ၊ မြတ်စွာဘုရားရှင်ကလွဲလို့ပေါ့”

မေတန်ခူး တော်တော်စိတ်ညစ်သွားပါတယ်။ ဦးကျော်ထွန်းခေါင် ဆိုတဲ့လူကြီးက ဘယ်လိုလူကြီးပါလဲလို့။ သူ့ဘာသာသူ ပြောချင်ရာတွေ ပြောနေလို့ပါ။

“ကဲ . . . ဦးကျော်ထွန်းခေါင်၊ ရှင် ဒီကိုလာတဲ့ကိစ္စကို ကျွန်မပဲ ပြောပြလိုက်တော့မယ်”

“ရပါတယ် ပြောပြပါ၊ အဓိက အလုပ်ဖြစ်ဖို့ပါပဲ”

“ဒီလို မေတန်ခူးရေ့ ဦးကျော်ထွန်းခေါင်က သူ့ကုမ္ပဏီနှစ်ပတ်လည်ညစာစားပွဲမှာ သူ့ကုမ္ပဏီက အမျိုးသမီးဝန်ထမ်းတွေကို မော်ဒယ်ရှိုးပြိုင်ပွဲလုပ်ပေးချင်လို့၊ အဲဒါ အဲဒီအမျိုးသမီးဝန်ထမ်းတွေကို သင်တန်းပေးရမှာ၊ မေတန်ခူးက သွားသင်ကြားပြသပေးရမယ်၊ ဖြစ်တယ် ဟုတ်လား”

“ရပါတယ် . . . အကောင်းဆုံးဖြစ်အောင် သင်ပေးပါ့မယ်”



www.burmeseclassic.com

www.burmeseclassic.com



မေတာန်ခူးက ကတိပေးလိုက်ပါတယ်။

"အစ်ကိုကြီးဝမ်းသာတယ် မေတာန်ခူးရယ်၊ စိတ်ချ . . . အစ်ကိုကြီးကိုယ်တိုင် ကားနဲ့အကြိုအပို့ လုပ်ပေးမယ်၊ ပြီးတော့ အပိုကြေးလည်း ပေးမယ်၊ ဘယ်နေ့ဘယ်ရက် သင်မယ်ဆိုတာသာပြော၊ တကယ်တော့ ယှဉ်ပြိုင်မှုဆိုတာ ကြိုတင်ပြင်ဆင်မှုရှိမှ အကောင်းဆုံးစိတ်ချရတာ၊ ကြိုတင်ပြင်ဆင်မှုမရှိတဲ့လူတွေ လူ့ဘုံခန်းဝါကြီးထဲမှာ ဘယ်လောက်တောင် ကျဆုံးကုန်ပြီလဲ မသိဘူး၊ သနားဖို့ ကောင်းလိုက်တာ၊ ကမ္ဘာကြီးဟာ ဒါပါပဲ"

ကမ္ဘာပေါ်မှာ နေထိုင်တဲ့လူတွေဟာ သူနဲ့ပတ်သက်တဲ့အလား ဦးကျော်ထွင်ရှိခေါင်က သက်ပြင်းချရင်း လေပူတွေ မှုတ်ထုတ်လိုက်ပါတယ်။

မေတာန်ခူးကတော့ ဒီလိုဒဿနဆန်ဆန် ပြောချင်ရာပြောတဲ့သူရဲ့ ကုမ္ပဏီမှာ သင်တန်းပေးရမှာ ကြာရင် သူ့လေသံတွေ ခံနိုင်ပါ့မလား လို့။ ဒါပေမယ့် သူက ကုမ္ပဏီပိုင်ရှင်သူဌေးဆိုတော့ မတွေးတော့ပါဖူးလို့။

□

"ဟယ် . . . မေတာန်ခူး၊ နင် မထင်မှတ်ဘဲ စိုင်ကော်လို့ ခြုံပေါ် ရောက်တာပဲ၊ အိပ်မက်ထဲကလို နင်ဖြစ်လာတော့မယ် ထင်တယ်"

နေ့လည်က ဦးကျော်ထွင်ရှိခေါင်နှင့် တွေ့ခဲ့တဲ့ကိစ္စကို ဝါရွှေစင်နှင့် ညီပြာညက်တို့ကို ပြန်ပြောပြသောအခါ ဝါရွှေစင်က ဝမ်းသာအားရနဲ့ စကာဆိုပါတယ်။

"ကျန်တာတွေက ကိစ္စမရှိပါဘူး၊ ခက်တာက အဲဒီဦးကျော်ထွင်ရှိခေါင်ဆိုတဲ့ လူကြီးက ကြောင်တောင်တောင်၊ ဂေါက်သောက်တောက်

www.burmeseclassic.com



စကားလုံးတွေပြောတာ ငါက ဘာလိုက်ပြောရမှန်း မသိဘူး၊ ဒီကြားထဲ သူ့ကိုယ်သူ အစ်ကိုကြီးတဲ့၊ ဒါပေမယ့် သဘောကောင်းတဲ့ ပုံမျိုးတော့ ရှိတယ်"

"ဒီမှာ မေတန်ခူး . . . ကြောင်တောင်တောင်၊ ဂေါက်တောက်တောက်ပြောတာက အရေးမကြီးဘူး၊ ဥစ္စာနေက အရေးကြီးတယ်၊ နင်က သူနဲ့အနီးကပ်ဆက်ဆံရမှာဆိုတော့ နင့်ဖက်က အပီဆွဲဆောင်နိုင်ဖို့ အရေးကြီးတယ်၊ နင့်ရဲ့အားသာချက်က သူက လူပျိုကြီးဖြစ်နေတာပဲ၊ သူ့အကြိုက်ကို မိန်းမတွေရဲ့ မာယာတွေနဲ့ ဖြားယောင်းလိုက်ရင် ဒီလူပျိုကြီးလား ခံနိုင်မှာ၊ အလိုလို နင့်ရဲ့လက်ထဲရောက်လာမှာ၊ ဘာမှစိတ်မပျက်နဲ့၊ ငါတော့ အားပေးတယ်၊ ဒါမျိုး နင်နဲ့ငါ နေရာချင်းလဲလိုက်ချင်တယ်"

ညိုပြာညက်က မေတန်ခူးကို အားပေးစကားပြောပါတယ်။ မေတန်ခူးကတော့ ညိုပြာညက်စကားကြောင့် အားတက်ချင်သလို ဖြစ်သွားပါတယ်။

"ညိုပြာညက်ပြောတာ ဟုတ်ပါတယ်၊ ငါတို့ သူငယ်ချင်းမသုံးဦး ချမ်းချမ်းသာသာနေချင်လို့ ရန်ကုန်မြို့ကို ရောက်လာပြီး တို့ရည်ရွယ်ချက်အတိုင်း ကြိုးစားနေတာ အောင်မြင်အောင်လုပ်ရတော့မှာပေါ့ဟာ၊ စိတ်ချ . . . ရည်ရွယ်ချက်တွေ အောင်မြင်အောင် လုပ်ပြမယ်"

မေတန်ခူးရဲ့ကြုံးဝါးတဲ့ လေသံကို သူငယ်ချင်းမနှစ်ဦးဖြစ်တဲ့ ဝါရွှေစင်နဲ့ ညိုပြာညက်တို့က လက်ခုပ်တီးပြီး ကြိုဆိုလို့နေရဲ့။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

ချမ်းချမ်းသာသာဖြစ်ဖို့

တစ်ချို့ကိစ္စတွေ

ဂရုစိုက်နေရင်တော့

အိပ်မက်တွေ ပျက်သုန်းကုန်မှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

အငှားကားယာဉ်က ကြီးကျယ်ခမ်းနားလှသော တိုက်အဆောက်အဦးတည်ရှိရာ ခြံဝင်းထဲသို့ ဝင်လာပြီး ဆင်ဝင်အောက်မှာ ရပ်လိုက်တယ်။ ဘယ်ဘက်လက်မှာ ဖိုင်တွေကိုင်ထားတဲ့ ညိုပြာညက်က ကားနောက်ခန်းတံခါးကို ဖွင့်လိုက်ပြီး စလင်းဘက်အိတ်ထဲကနေ ကားခထုတ်ပေးလိုက်တယ်။ အငှားယာဉ်က ခြံဝင်းထဲက ထွက်သွားပါတယ်။

ညိုပြာညက် ဒီခြံဝင်းထဲ ရောက်လာရတာက ဒီခြံဝင်းထဲက အဆောက်အဦမှာ ကုမ္ပဏီဖွင့်ထားတာဖြစ်လို့ ညိုပြာညက်တို့ ကုမ္ပဏီပိုင်ရှင်က အလုပ်ကိစ္စနဲ့ လွှတ်လိုက်လို့ပါ။ ဒီဘက်က ကုမ္ပဏီပိုင်ရှင်နဲ့ ဖုန်းချင်းဆက်ထားပြီးလို့ ညိုပြာညက်ရောက်လာတာပါ။

"ဘာကိစ္စရှိလို့ပါလဲ"

ညိုပြာညက်အနားကို လူတစ်ယောက်ရောက်လာရင်း အဲဒီလူက ညိုပြာညက်ကို ငန်းကြောဆွဲမတတ်ကြည့်လိုက်ပါတယ်။ ဒီလူ့နှယ်

www.burmeseclassic.com

www.burmeseclassic.com



မိန်းမ,မမြင်ဖူးဘူးလား မသိပါ။

"ကျွန်မညီပြာညက်ပါ၊ ဒီက ကုမ္ပဏီပိုင်ရှင်သူဌေးနဲ့ အလုပ်ကိစ္စ ပြောဖို့ လာတာပါ"

"ဪ . . . ဟုတ်လား၊ ကျွန်တော်က ဒီကုမ္ပဏီပိုင်ရှင်သူဌေး ဦးညီညီမိုးရဲ့ကားကိုမောင်းတဲ့ ဒရိုင်ဘာကိုတင်ပါ၊ လာ . . . သူဌေး ရုံးခန်းကို ကျွန်တော်လိုက်ပို့မယ်"

ဒရိုင်ဘာကိုတင်ဆိုသူက ညီပြာညက်ကို တိုက်အိမ်ကြီးထဲ ခေါ် သွားပါတယ်။ တိုက်အိမ်ကြီးရဲ့အောက်ထပ်ကို ကုမ္ပဏီရုံးခန်းလုပ်ထား တာပါ။ အိမ်ကြီးရဲ့အနေအထားကို ကြည့်ခြင်းအားဖြင့် ကုမ္ပဏီပိုင်ရှင် ဦးညီညီမိုးရဲ့ ကြွယ်ဝမှုကို ညီပြာညက် ကောင်းကောင်းသဘောပေါက် မိပါတယ်။

"အဲဒါ သူဌေးရဲ့ရုံးခန်းပဲ၊ တံခါးဖွင့်ပြီး ဝင်သာသွား၊ သူဌေး ရှိတယ်"

ကျယ်ဝန်းတဲ့ အခန်းတစ်ခန်းရှေ့ရောက်တဲ့အခါ ဒရိုင်ဘာကိုတင် က ညွှန်ပြပါတယ်။ ညီပြာညက်က လက်ထဲမှာ ဖိုင်တွေကိုင်ထားရင်းက အခန်းတံခါးကို တွန်းဖွင့်လိုက်တယ်။

"ကျွန်မကို ဝင်ခွင့်ပြုပါ၊ ကျွန်မ ညီပြာညက်ပါ"

"ထိုင်ပါ . . . ကိုယ်က ညီညီမိုးပါ၊ မင်းရဲ့ဘော့စ်က တို့ကိုဖုန်း ဆက်ထားပြီးပြီ"

ညီပြာညက် အခန်းထဲရောက်တဲ့အခါ စားပွဲခုံမှာ Laptop တစ် လုံးနဲ့ အလုပ်ရှုပ်နေတဲ့ အသက်ငါးဆယ်အရွယ် အမျိုးသားတစ်ဦးက သူမဝိတ်ဆက်တာကို အသိအမှတ်ပြုရင်း ထိုင်ခိုင်းပါတယ်၊ ပြီးတော့ သူမကို အကဲခတ်ကြည့်ရှုလို့နေပါတယ်။

www.burmeseclassic.com



"ကျွန်မ ဒီကိုလာတာ ကျွန်မရဲ့ဘော့စ်ကလည်း ဖုန်းထဲမှာ ပြောထားမှာပါ၊ ဒီက ဦးညီညီမိုးပိုင်ဆိုင်တဲ့ ပြင်ဦးလွင်က လိမ္မော်ခြံတွေ၊ စပျစ်ခြံတွေ၊ ကော်ဖီခြံတွေကို နှစ်ရှည်ငှားရမ်းမယ့်ကိစ္စပါ၊ ကျွန်မတို့ကုမ္ပဏီက နှစ်စဉ်အသားတင်တိုးတက်တဲ့ ဝင်ငွေစာရင်းတွေ၊ လစဉ်စာရင်းတွေပါတဲ့ဖိုင်တွေ ယူလာတယ် . . . ကြည့်ပါ"

ညိုပြာညက်က ဖိုင်တွေ ဦးညီညီမိုးကို ကမ်းပေးလိုက်ပါတယ်။ ဦးညီညီမိုးက ဖိုင်တွဲတွေကို ဖွင့်မကြည့်သေးဘဲ ဖိုင်ရှေ့အဖုံးတွေကို ကြည့်လိုက်ပြီး . . .

"ဘာဖြစ်လို့ ဒီလောက်အရေးကြီးတဲ့ စာရင်းတွေရှိတဲ့ ဖိုင်တွေကို အဖုံးမဖုံးတာလဲ၊ တစ်ခုခု ရေတွေဘာတွေစိုရင် ဘယ်လိုလုပ်မလဲ၊ တန်ဖိုးရှိတဲ့အရာကို တန်ဖိုးရှိသလို ထားရတယ်၊ ခက်တယ် . . . လူတွေက တန်ဖိုးရှိတာကို တန်ဖိုးရှိမှန်း မသိကြဘူး၊ အခုပြောတာ မင်းကို ဆူနေတာ မဟုတ်ဘူးနော်၊ သိအောင် ပြောတာ၊ တို့ကို တစ်မျိုးမထင်နဲ့"

ညိုပြာညက် ထိုင်ရာကနေ ထပြေးချင်စိတ်ပေါက်လာပါတယ်။ တစ်သက်နဲ့တစ်ကိုယ် ဒါမျိုးမကြုံဖူးလို့ပါ။

"ဒီလိုလုပ်ကွာ၊ ဒီဖိုင်တွေထားခဲ့၊ ကိုယ်အသေးစိတ် ဖတ်ကြည့်မယ်၊ နောက်နေ့ မင်းလာပြန်ယူ၊ ကိုယ့်ဒရိုင်ဘာကို မင်းရဲ့ကုမ္ပဏီလိုက်ပို့ခိုင်းမယ်"

"ကောင်းပါပြီ . . . ဦးညီညီမိုး"

"ဩော် . . . ပြောရဦးမယ်၊ တို့ကို ဦးညီညီမိုးလို့ မခေါ်နဲ့၊ ဦးညီလို့ ခေါ်ရင်ရပြီ"

"ဟုတ်ကဲ့ . . . ဦးညီ"

ညိုပြာညက်ခေါ်လိုက်တဲ့ အသံကြောင့် ဦးညီညီမိုးကျေနပ်သွား



www.burmeseclassic.com

www.burmeseclassic.com



တယ် ထင်ပါရဲ့။ သူကိုယ်တိုင် ဒရိုင်ဘာကိုတင်ဆီကို လိုက်ပို့ပါတယ်။

□

ဒရိုင်ဘာကိုတင်က ကားကို ခပ်မှန်မှန် အရှိန်နဲ့ မောင်းနေပါတယ်

"ကျွန်တော်တို့ သူဌေးက သဘောတော့ ကောင်းပါရဲ့၊ ဒါပေမဲ့ ဘာမဟုတ်တဲ့ ကိစ္စတွေ ကို သိပ်အသေးစိတ်ပုံကြီးချဲ့လွန်းတယ်၊ ဒါကြောင့်လည်း တစ်ခုလပ်ဖြစ်နေတာ"

"ဘယ်လို . . ဘယ်လို . . . ဦးညီညီမိုးက တစ်ခုလပ်ဟုတ်လား"

ဒရိုင်ဘာကိုတင်စကားကြောင့် ညိုပြာညက် အထူးစိတ်ဝင်စားသွားပြီး မေးလိုက်တာပါ။

"သား၊ သမီးတော့ မရှိဘူး၊ သူ့မိန်းမနာမည်က ဒေါ်ခက်ခက်မာ၊ ပိုက်ဆံချမ်းသာတယ်၊ ဦးညီညီမိုး အဲဒီလို ဘာမဟုတ်တဲ့ ကိစ္စတွေကို အသေးစိတ်ဇီဇာကြောင်လွန်းလို့ ကွဲသွားကြတာ ဘာကြာသေးလို့လဲ၊ တစ်နှစ်ကျော်ကျော်ပဲ ရှိသေးတယ်၊ ခင်ဗျားလည်း ဦးညီညီမိုးနဲ့ အလုပ်တွဲလုပ်မယ်ဆိုရင်တော့ သူဇီဇာကြောင်ပုံကြီးချဲ့မှုတွေကို သည်းခံနိုင်အောင် ကျင့်ထားပေတော့"

ဦးညီညီမိုးရဲ့အကြောင်းအရာကို သိလိုက်ရလို့ ရှေ့ဆက်ဘာလုပ်ရမလဲဆိုတာ ညရောက်လျှင်တော့ သူငယ်ချင်းမနှစ်ဦးနဲ့ တိုင်ပင်ရမယ်လို့။

□



www.burmeseclassic.com

www.burmeseclassic.com



"ညိုပြာညက် ဘာမှလုပ်မနေနဲ့၊ သူက သူ့မိန်းမနဲ့ ကွဲသွားပြီဆိုတော့ လွတ်လပ်တဲ့သူ ဖြစ်နေပြီ၊ ဇီဇာကြောင်တာတွေ ပုံကြီးချဲ့တာတွေက ကိုက်စားလို့ရတာမှ မဟုတ်တာ"

"မေတန်ခူးပြောတာ ဟုတ်တယ်၊ ဥစ္စာဓန အဲဒီလောက် ပေါကြွယ်ဝတဲ့သူကို နင်လက်လွှတ်ခံမှာလား၊ ဒိုင်ဗင်ပစ်ဝင်ပေတော့"

ဝါရွှေစင်ကလည်း အားပေးစကားဆိုပါတယ်။ မနက်ကကိစ္စသူငယ်ချင်းမနှစ်ဦးကို တိုင်ပင်တော့ သူငယ်ချင်းမနှစ်ဦးက အားပေးပါတယ်။

ညိုပြာညက်လည်း ရလာတဲ့ အခွင့်အရေးကိုတော့ လက်လွှတ်မခံတော့ဖူးလို့။ နို့မို့ဆို ရည်ရွယ်ထားတဲ့ ရည်ရွယ်ချက်တွေ ပျက်စီးသွားမှာမို့ တစ်ညလုံး ဘာဆက်လုပ်ရမလဲ အိပ်မပျော်နိုင်အောင် စဉ်းစားနေမိပါတယ်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

ကံကြမ္မာဆိုတာ

တစ်ခါတလေ

ဝင်စလှတ်တိုက်တတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ဝါရွှေစင် ဒီနေ့ကျမှ မျက်နှာကို ဘယ်လိုဖြစ်လို့ ချေးချွတ်ချင်မှန်းမသိ ဖြစ်လာပါတယ်။ မျက်နှာမဆေးရတာကလည်း အတော်ကြာလာတော့ ဒီနေ့တော့ အလှပြင်ဆိုင်သွားပြီး မျက်နှာဆေး၊ ချေးချွတ်မယ်လို့ ဆုံးဖြတ်လိုက်တယ်။

ဒါကြောင့် အလှပြင်နေကျ ကိုယ့်ဖေါက်သည်ဆိုင် ကိုးနိုင်ငံကနေ အလှပြင်ဒီပလိုမာကိုးဘွဲ့ရတဲ့ ကိုးဘွဲ့ရမာမီခိုင်ရဲ့ အလှပြင်ဆိုင်ကို ထွက်လာခဲ့တယ်။

"ဟယ် . . . သမီးဝါရွှေစင် . . . မာမီ့ဆီမရောက်တာ အတော်ကြာပြီ၊ ဘာလဲ . . . အခုအိပ်မက်အရ ရောက်လာတာလား"

အမျိုးသားတစ်ယောက်ကို တပည့်တွေကိုမခိုင်းဘဲ မာမီခိုင်ကိုယ်တိုင် မျက်နှာကို ပေါင်းတင်ပေးနေရင်းက ပြောလိုက်ပါတယ်။

"မအားလို့ပါ မာမီခိုင်ရယ်၊ အခုမှ မျက်နှာဆေး၊ ချေးချွတ်ချင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ စိတ်ဖြစ်လာလို့"

"ဒါနဲ့ ဘယ်လိုလဲ ဝါရွှေစင်ရဲ့ဆန္ဒတွေ ပြည့်ပြီလား၊ သမီးဖြစ်ချင်တဲ့ အဆိုတော်ဘဝရပြီလား"

"မရသေးပါဘူး မာမီရယ်၊ မာမီတို့ကျတော့လည်း အားမကိုးရဘူး၊ အဆိုတော်ဖြစ်ဖို့ဆိုတာ မလွယ်ဘူး မာမီရဲ့၊ ငွေကလည်း ရှိဦးမှ၊ ငွေမရှိပေမယ့် ကိုယ်က အသံဘယ်လောက်ကောင်းကောင်း၊ ပါရမီဘယ်လောက်ရှိရှိ အဆိုတော်ဖြစ်အောင် မြေတောင်မြှောက်ပေးမယ့် ထုတ်လုပ်သူရှိဦးမှ၊ သမီးဘဝက ဆောင်းတွင်းအိပ်မက်မက်နေသလိုပါပဲ မာမီရယ်"

ဝါရွှေစင်စကားအဆုံး မာမီခိုင်မျက်နှာပေါင်းတင်ပေးနေသော အမျိုးသားက အလှပြင်ကုတင်မှာ လှဲနေရာကနေ ထထိုင်လိုက်ပါတယ်။ မျက်နှာက ပေါင်းတင်ထားတာ ဖြူဖွေးနေလို့ ရုတ်တရက် ဝါရွှေစင်တောင် လန့်သွားပါတယ်။ အသက်ငါးဆယ်လောက် ရှိပါလိမ့်မယ်။

အဲဒီလူက ဝါရွှေစင်ကို စားတော့ဝါးတော့မလို ပုံစံမျိုးနဲ့ အကဲခတ်ကြည့်နေလိုက်တာဆိုတာ ဝါရွှေစင်ကြက်သီးတောင် ထသွားပါတယ်။

"နာမည်ဘယ်လိုခေါ်လဲ"

မျက်နှာပေါင်းတင်ထားတဲ့သူက နာမည်မေးလိုက်ပါတယ်။ ဘာသဘောနဲ့ မေးသလဲမသိ။

"ဝါရွှေစင်ပါ"

"ကြိုက်သွားပြီ"

"ရှင် . . . !"

"မအံ့ဩပါနဲ့၊ ဦးနာမည်က ဦးဘုန်းတင့်တဲ့၊ စတိတ်ရှိုးကန်ထရိုက်လည်း လုပ်တယ်၊ တေးထုတ်လုပ်ရေးလုပ်ငန်းကော ကိုယ်ပိုင်စတူဒီယိုကော ကိုယ်ပိုင်တီးဝိုင်းကော ရှိတယ်၊ မင်းရဲ့ရုပ်ရည်နဲ့ လာစားဆင်ယင်



www.burmeseclassic.com

www.burmeseclassic.com



မှုကို သဘောကျသွားပြီ၊ မင်းနဲ့ ဦးနဲ့ အလုပ်ကိစ္စဆွေးနွေးမယ်၊ မင်းလုပ်စရာရှိတာတွေ လုပ်၊ ဦးစောင့်မယ်၊ တစ်ခုခုစားရင်း ဆွေးနွေးကြတာပေါ့"

ဝါရွှေစင် ဘာတွေဘယ်လို ဖြစ်ကုန်ပြီလဲလို့ ကိုယ့်ကိုယ်ကို အံ့ဩလို့မဆုံး ဖြစ်နေတုန်းမှာ မာမီခိုင်က . . .

"ဟယ် . . . ဦးဘုန်းတင့်တို့များတို့ကို ဒါမျိုးတစ်ခါဖူးမှ မခေါ်ဖူးဘူး၊ ဝါရွှေစင်ကျတော့ ဖြစ်နေလိုက်တာ၊ လိုက်သာသွား ဝါရွှေစင်ရေ၊ ဒီသူဌေးက အဆိုတော်ဖြစ်အောင် လုပ်ပေးလိမ့်မယ်"

"မာမီခိုင်ပြောသလို မင်းအဆိုတော် ဖြစ်ကိုဖြစ်ရမယ်၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်၊ မင်းဖက်က အရည်အချင်းရှိဖို့လိုတယ်၊ ဒါကလည်း ပါရမီပါလာတဲ့သူဆို ကိစ္စမရှိပါဘူး"

ဦးဘုန်းတင့်က ကုတင်ပေါ် ပြန်လှဲလိုက်ပါတယ်။

"ဟဲ့ . . . တစ်ယောက်လာစမ်း၊ ဒီက သမီးဝါရွှေစင်မျက်နှာ ချေးချွတ်မယ်၊ မျက်နှာဆေးမယ်၊ သွက်သွက်လုပ် . . . ဒီက ဘော့စ်နဲ့ သွားစရာရှိတယ်"

"လာပြီ . . . မာမီရေ"

မာမီခိုင်က လှမ်းခေါ်သဖြင့် အလှုဖန်တီးရှင်တစ်ဦးရောက်လာပြီး ကုတင်တစ်လုံးပေါ် ဝါရွှေစင်ကို တက်ခိုင်းပါတယ်။ ပြီးတော့ မျက်နှာကို ချေးချွတ်မျက်နှာဆေးဖို့ လုပ်ပါတော့တယ်။

ကုတင်ပေါ်မှာရှိနေတဲ့ ဝါရွှေစင်ကတော့ သူ့ဘဝအတွက် ဒီနေ့ဟာ ပြေးရင်းလွှားရင်း ကံကြမ္မာနဲ့ ခလုတ်တိုက်မိတာပဲလို့ တွေးနေမိပါတယ်။

❑



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှာ ညိုပြာညက်ကော မေတန်ခူးပါ ဝါရွှေစင်ဆီက ဘာစကားသံထွက်ပေါ်လာမလဲလို့ နားစွင့်နေပါတယ်။

"သူက မုဆိုးဖိုဖြစ်ကြောင်းလည်း ပြောသေးတယ်ဟာ၊ ဟဲ့ . . . ပြီးတော့ မိဘလက်ငုတ်လက်ရင်း ရွှေဆိုင်လည်း ပိုင်သေးတယ်၊ တစ်ခုပဲ ရှိတယ်၊ သိပ်အသန့်အပြန့်ကြိုက်ပြီး အလှအပကြိုက်တာပဲ၊ မိန်းမတွေ ထက် ဆိုးတယ်၊ ယောက်ျားကြီးတန်မယ့် မျက်နှာကို တို့ပတ်ရိုက်တာပဲ"

"ဒါက အရေးမကြီးပါဖူး ဝါရွှေစင်ရယ်၊ အရေးကြီးတာက ငါတို့ ရည်ရွယ်ချက်တွေ အောင်မြင်ဖို့ပဲဟာ၊ တို့က အပိုင်ချုပ်နိုင်ဖို့ လိုတယ်"

"မေတန်ခူးပြောတာ မှန်တယ်၊ အခုဆို ငါတို့သုံးယောက်စလုံး ရည်ရွယ်ထားသလို ဖြစ်လာပြီ၊ ဒီတော့ ငါတို့ရည်ရွယ်ချက်တွေကို အမြန်ဆုံး အကောင်အထည်ဖော်ရမယ်၊ ဒီငါးဆယ်ကျော်သုံးယောက် ငါတို့ကို အမြန်ဆုံး စိတ်ဝင်စားလာအောင် ဆွဲဆောင်ရမယ်၊ ဂွင်ဆင်ရမယ်၊ ဘယ်လိုနေရာမှာ ဘာလုပ်မယ်ဆိုတာကို အကောင်းဆုံး တွက်ချက်နိုင်ဖို့လို တယ်"

ညိုပြာညက်က ထိုင်ရာကနေထကာ တီဗွီကိုဖွင့်လိုက်တော့ ကိုရီးယားဇာတ်လမ်းတွဲက လာနေပြီ။ တီဗွီဖန်သားပြင်က ဇာတ်ဝင်ခန်းထဲမှာ သူငယ်ချင်းမသုံးဦးက လူငယ်အမျိုးသားချစ်သူသုံးဦးနဲ့ တစ်တွဲစီ လက်ချင်းချိပ်လျှောက်လည်တဲ့ အခန်းဖြစ်လို့နေပါတယ်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

လူဆိုတာမျိုးက
ကိုယ့်အလုပ် ကိုယ်လုပ်စနေရင်း
မထင်မှတ်ဘဲ
စိန်ခေါ်ခံရတာမျိုး ရှိတတ်တာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ကုမ္ပဏီမှာ ဝန်ထမ်းကောင်မလေးများကို မော်ဒယ်လမ်းလျှောက်နည်း သင်ကြားပြသပေးနေတဲ့ မေတန်ခူးကိုကြည့်ပြီး ဦးကျော်ထွန်းခေါင် အတော်သဘောကျနေမိပါတယ်။ တင်ကလေးနောက်ပစ်၊ ရင်ကလေးကော့၊ ကြွကြွရွရွလေးနဲ့ လမ်းလျှောက်ပြသ သင့်ပေးနေတာက ဦးကျော်ထွန်းခေါင်တွေ့ဖူးတဲ့ အမျိုးသမီးတွေနဲ့မတူလို့ ရင်ထဲမှာ ခုန်လိုက်တာဆိုတာ။

မော်ဒယ်လမ်းလျှောက်နည်း သင်ကြားပြသပေးနေတဲ့ မေတန်ခူးကလည်း ခေသူမဟုတ်ပါ။ ဦးကျော်ထွန်းခေါင်က သူ့ကို စူးစိုက်အကဲခတ်နေမှန်းသိလို့ ပုရိသယောက်ျားတို့ ဘာကြိုက်သလဲဆိုတာ သိပြီးသားမို့ တင်ကလေးလှုပ်၊ ရင်ကလေးကော့ပြနဲ့ ဂွင်ဆင်လိုက်တာပေါ့။ ပေါ်ချာပါတယ်။ ဦးကျော်ထွန်းခေါင်တစ်ယောက် သူမကို စိတ်ဝင်စားသွားပြီဆိုတာ။



www.burmeseclassic.com

www.burmeseclassic.com



"မေတန်ခူး . . . ရော့ . . . ဒီမှာ အအေးသောက်လိုက်ဦး"

ကုမ္ပဏီဝန်ထမ်းကောင်မလေးတွေကို မော်ဒယ်လမ်းလျှောက်နည်း လေ့ကျင့်ဖို့ ညွှန်ကြားပြောဆိုပြီးတဲ့အချိန်မှာ ဦးကျော်ထွဋ်ခေါင်က အအေးတစ်ပုလင်းယူလာပေးရင်းက ခုံမှာထိုင်ခိုင်းပါတယ်။ မေတန်ခူးလည်း အအေးပုလင်းကိုယူရင်း ပိုက်နဲ့တစ်ငုံစုပ်လိုက်ပါတယ်။

"အစ်ကိုကြီးဝန်ထမ်းကောင်မလေးတွေရဲ့ အခြေအနေက ဘယ်လိုလဲ"

"မဆိုးပါဘူး . . . ဖြစ်သွားမှာပါ"

"ဒါ ဝမ်းသာစရာပဲ၊ သင်တဲ့ဆရာမ,တော်လို့၊ တကယ်တမ်း မေတန်ခူးက မော်ဒယ်လုပ်ရမှာ"

"မော်ဒယ်လုပ်တယ်ဆိုတာ မလွယ်ပါဘူး အစ်ကိုကြီးရာ၊ ဝတ်တာစားတာ ဖက်ရှင်တွေအတွက် ငွေက မနည်းဖူးလေ"

"ဟာ . . . ဘာဖြစ်လို့ ဝမ်းနည်းစကားဆိုရတာလဲ၊ မေတန်ခူးသာ မော်ဒယ်လုပ်မလား၊ အစ်ကိုကြီး အစစ၊ အရာရာ တာဝန်ယူတယ်"

မေတန်ခူးစိတ်ထဲကနေ ရယ်ချင်သွားပါတယ်။ တစ်ချက်တည်းတွေ့ပြလိုက်တာ ဦးကျော်ထွဋ်ခေါင်ဆိုတဲ့လူကြီး Heart ကို တန်းထိသွားလို့ပါ။

"ဩော် . . . ဒါနဲ့ မနက်ဖြန်ကျရင် အစ်ကိုကြီး မေတန်ခူးကို နေ့လယ်စာလိုက်ကျွေးမယ်နော်၊ လုံးဝငြင်းဖို့ မကြိုးစားနဲ့"

"ရပါတယ် . . . ကျွေးတဲ့လူရှိတော့ မေတန်ခူးက ကုသိုလ်ရအောင် စားပေးရမှာပေါ့"

မေတန်ခူးစကားကို ဦးကျော်ထွဋ်ခေါင်တစ်ယောက် ကျေနပ်သွားလို့လားမသိ၊ မျက်နှာကြီးက ပြုံးနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘော့စ် . . . ကုမ္ပဏီနှစ်ပတ်လည် ညစာစားပွဲက ဘယ်နေ့ လုပ်မှာလဲ၊ ဘာတွေ စီစဉ်ထားရမလဲ"

မေတန်ခူးနဲ့ ဦးကျော်ထွန်းခေါင်တို့အနီးနားကို ဂျင်းဘောင်းဘီနဲ့ ထီရှပ်ဝတ်ထားပြီး မင်းသားဟိန်းဝေယံနဲ့ ခပ်ဆင်ဆင်တူတဲ့ မေတန်ခူးနဲ့ သက်တူရွယ်တူရှိမယ့် လူငယ်တစ်ဦးက ရောက်လာပြီး . . .

"နေဦးကွ . . . ဒီက ဝန်ထမ်းတွေ မော်ဒယ်လုပ်တာ ကျွမ်းကျင် လောက်ပြီဆိုမှ လုပ်တာပေါ့၊ ကျွေးတာမွေးတာမှာတာက လွယ်ပါတယ်၊ ဪ . . . မင်းလာတာနဲ့ အတော်ပဲ"

ဦးကျော်ထွန်းခေါင်က မေတန်ခူးဖက်လှည့်ကြည့်ရင်း . . .

"မေတန်ခူး . . . ဒါအစ်ကိုကြီးရဲ့လူယုံလို့လည်း ပြောလို့ရတယ်၊ အစ်ကိုကြီးရဲ့ညီလို့လည်း ပြောလို့ရတယ်၊ အစ်ကိုကြီးရဲ့လုပ်ငန်းတွေကို တာဝန်ယူလုပ်ပေးနေတဲ့သူ . . . စနေသားတဲ့"

"ကျွန်တော် စနေသားပါ"

"ကျွန်မ မေတန်ခူးပါ"

စနေသားနဲ့မေတန်ခူး အပြန်အလှန် လက်ဆွဲနှုတ်ဆက်လိုက်ပါ တယ်။ တစ်ခါဖူးမှ ယောကျ်ားသားတစ်ယောက်နဲ့ ထိတွေ့ဆက်ဆံဖူးတာ မျိုး မရှိသဖြင့် မေတန်ခူးရင်တွေဘာတွေ တုန်သွားပါတယ်။

"စနေသား . . . မင်း . . . မေတန်ခူးဒီမှာ မော်ဒယ်သင်တန်း သင်ကြားပေးနေတဲ့ ကာလမှာ ဒီနေ့ကစပြီး မော်တော်ကားအကြိုအပို့ လုပ်ပေးရမယ်"

"ဟုတ်ကဲ့ပါ . . . ဘော့စ်"

"ကဲ . . . မေတန်ခူး သင်စရာရှိတာ ဆက်သင်၊ အစ်ကိုကြီး အလုပ်ကိစ္စရှိလို့ အပြင်ကိုသွားဦးမယ်၊ ပြန်ရင် စနေသားလိုက်ပို့လိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ်"

မေတန်ခူးက ဘာမှမပြောဘဲ ခေါင်းညိတ်ပြလိုက်ပါတယ်။ ဦးကျော်ထွန်းခေါင်လည်း ထွက်သွားရော မေတန်ခူးလည်း သူမသင်ကြား ရေးကို ပြန်စပါတယ်။

မေတန်ခူးသင်ကြားပြသပေးနေရင်းက သတိထားမိတာက စနေ သားဆိုသူက သူသင်ကြားပြသတာကို စိတ်ဝင်တစား အကဲခတ်နေတာ ပါပဲ။

"ရှင့်နာမည်ကို ဘာဖြစ်လို့ စနေသားလို့ ပေးထားတာလဲ၊ နည်း နည်းထူးနေတယ်"

မော်ဒယ်လမ်းလျှောက်တာ ပထမနေ့ရက် သင်ကြားပြသပြီးလို့ စနေသားက မေတန်ခူးကို ကားမောင်းပြီး လိုက်ပို့တော့ မေတန်ခူးက မေးလိုက်ပါတယ်။

"အဖေနဲ့အမေက အသက်ကြီးမှညားတော့ ကလေးရဖို့ မလွယ် ဘူး၊ တစ်ယောက်ပဲ မွေးလို့ရမယ်ဆိုပြီး ဆရာဝန်ကပြောတော့ နောက် ဆုံးကျွန်တော့်ကို မွေးတယ်၊ မွေးတဲ့နေ့က စနေနေ့၊ တစ်ချို့က သားဦး စနေ မီးလိုမွှေ ပြောကြတာပဲ၊ ဒါပေမယ့် အဖေနဲ့အမေက ထူးထူးခြား ခြားဖြစ်အောင် စနေနေ့မှာမွေးလို့ စနေသားလို့ပဲ နာမည်ပေးခဲ့တာ၊ ဒါနဲ့ ခင်ဗျားကျတော့ကော မေတန်ခူးလို့ ပေးတာကရော . . ."

"ဒါကလည်း ရှင့်လိုပေါ့၊ တန်ခူးလမှာ ကျွန်မကို မွေးတယ်လေ၊ တန်ခူးလဆိုတာ အင်္ဂလိပ်လဆို ဧပြီ၊ ဧပြီပြီးရင် မေလမဟုတ်လား၊ ဒီ တော့ မေကိုရှေ့ကတင်ပြီး မွေးတဲ့မြန်မာလတန်ခူးကို နောက်ကထားပြီး မေတန်ခူးလို့ နာမည်ပေးလိုက်တာလေ"

"တကယ်တော့ မေတန်ခူးရ . . . နာမည်တွေဟာ အဓိကမကျ


www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ စိတ်ကသာ အဓိက၊ ကိုယ်ကျင့်တရားကောင်းရမယ်၊ လူတွေကို မစော်ကားရဘူး၊ လူတွေကို ကူညီ၊ ဒါဆို အဲဒီလူရဲ့ဘဝဟာ အေးချမ်းတယ်ဗျ၊ မပူလောင်တော့ဘူးပေါ့ဗျာ"

"ဟုတ်ပါတယ် . . . စနေသားပြောတာ မှန်ပါတယ်"

ဘာရယ်လို့တော့ မသိ။ သည်နေ့မှ စတွေ့သော စနေသားနှင့် စကားပြောရတာ တော်တော်ကောင်းလို့နေပါတယ်။ ကားစီးလာရင်း ဟိုအကြောင်း၊ ဒီအကြောင်းတွေပြောရင်းနှင့် ကားက မေတန်ခူးတို့လမ်းထိပ်နား ရောက်လာပါတယ်။

"ကားကို ရှေ့နားမှာပဲ ရပ်၊ ကျွန်မ ဒီကနေ လမ်းဆင်းလျှောက်သွားမယ်၊ ရှေ့က စတိုးဆိုင်မှာ ဝယ်စရာလေးရှိလို့"

"နက်ဖြန်လာကြိုပေးရမှာလား"

"မကြိုနဲ့၊ ရတယ် . . . ကျွန်မဖာသာ လာခဲ့မယ်"

မေတန်ခူးက ကားပေါ်ကနေ ဆင်းလိုက်ပါတယ်။ စနေသားက နှုတ်ဆက်ရင်း ကားမောင်းထွက်သွားပါတယ်။ ဒီနေ့အတွေ့အကြုံကိုတော့ သူငယ်ချင်းမနှစ်ဦးကို ပြောပြရပါဦးမယ်။

သူတို့နှစ်ယောက်က ဘယ်လိုမှတ်ချက်ချလေမလဲဆိုတာ မသိရေးချမသိ။

❑

ကန်တော်ကြီးမျှော်စင်ကျွန်းထဲမှာရှိသော ရေသည် မကြည်လင်ဘဲ မဲညစ်လို့နေသည်။ ကလေးတွေရဲ့ ပျော်ရွှင်စွာ ဆော့ကစားသံတွေက ဆူညံလို့နေပါတယ်။ Fan စားသောက်ဆိုင်ရဲ့ ရေစပ်နားက စားပွဲဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ ဟင်းလျာတွေက ခြောက်မျိုး၊ ခုနစ်မျိုးလောက် ချထားလို့။

"ဘာမှအားမနာနဲ့ မေတန်ခူး၊ အဝစားနော်"

ဦးကျော်ထွဋ်ခေါင်က မေတန်ခူးပန်းကန်ထဲ ဟင်းခပ်ထည့်ပေးပါတယ်။ ဒီနေ့မနက်ပိုင်း သင်တန်းပြီးချိန်မှာ ဦးကျော်ထွဋ်ခေါင်က မနေ့က ပြောထားတဲ့အတိုင်း နေ့လည်စာထမင်းလိုက်ကျွေးတာပါ။

"အို . . . ထပ်မထည့်ပါနဲ့ဦး၊ အစ်ကိုကြီးလည်း စားပါဦး"

မေတန်ခူးပန်းကန်ထဲ ဟင်းတွေထပ်ထည့်ပေးသဖြင့် မေတန်ခူးက ငြင်းဆန်ရင်းမှ ဦးကျော်ထွဋ်ခေါင်ပန်းကန်ထဲ ဟင်းတွေထည့်ပေးလိုက်သဖြင့် ဦးကျော်ထွဋ်ခေါင်တစ်ယောက် အကျေနပ်ကြီး ကျေနပ်သွားပါတယ်။ သူ့ဘဝမှာ ဒီလိုအသက်ငယ်ငယ် အမျိုးသမီးတစ်ဦးနှင့် ပထမဦးဆုံးအကြိမ် နှစ်ယောက်သားစားဖူးတာ ဖြစ်လိမ့်မယ်လို့ မေတန်ခူး ယုံကြည်နေမိပါတယ်။

"ကိုကျော်ထွဋ်ခေါင် . . . ရှင် . . . ဒါဘာလုပ်တာလဲ၊ သူက ဘယ်သူလဲ"

ရုတ်တရက်ဆိုသလို မေတန်ခူးနှင့် ဦးကျော်ထွဋ်ခေါင်တို့ရှိနေတဲ့ စားပွဲဝိုင်းဆီကို အသက်လေးဆယ်ကျော်အရွယ် ခပ်ဝဝခန္ဓာကိုယ်နဲ့ စိန်နားကပ်ပန်ထားပြီး ပလက်တီနမ်ဆွဲကြိုးဆွဲကာ ဟမ်းဖုန်းလက်က ကိုင်ထားပြီး မျက်နှာမှာ မိတ်ကပ်၊ ပါးစပ်မှာ နှုတ်ခမ်းနီလိမ်းခြယ်ထားတဲ့ အမျိုးသမီးတစ်ဦးက ရောက်လာပြီး ဒေါသတကြီးနဲ့ မေးပါတယ်။ မေတန်ခူးကိုလည်း စားတော့ဝါးတော့မလိုမျိုး ကြည့်လို့နေပါတယ်။

"ဒီမှာ ထမင်းစားနေတာ မတွေ့ဘူးလား ခင်ဘုန်းပွင့်၊ သူက ငါ့ဝန်ထမ်းတွေကို မော်ဒယ်သင်တန်းပေးနေတဲ့ ဆရာမပဲ၊ မေတန်ခူးတဲ့"

"ကိုကျော်ထွဋ်ခေါင် . . . ရှင် . . . ဒါမျိုးဘယ်နှစ်ခါရှိပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



ခင်ဘုန်းပွင့်စကားကြောင့် ဦးကျော်ထွန်းခေါင် ဒေါသထွက်သွားပုံရပါတယ်။

"ဒီမှာ ခင်ဘုန်းပွင့်၊ မင်း ယဉ်ကျေးမှုကို ဘယ်လောက်နားလည်သလဲ၊ စက်မှုတိုးတက်တဲ့ နိုင်ငံတွေမှာရှိတဲ့ လူတွေက တိုးတက်တဲ့ ယဉ်ကျေးမှုနဲ့ ဆုတ်ယုတ်တဲ့ ယဉ်ကျေးမှုဆိုပြီး ခွဲခြားရှိနေတာ အမှားကြီးမှားပြီး ယုံကြည်နေကြတယ်၊ တိုးတက်တယ် ဆုတ်ယုတ်တယ်ဆိုတာ စက်မှုစီးပွားရေးလုပ်ငန်းနဲ့ပတ်သက်ပြီး အသုံးပြုနိုင်တယ်ဆိုပေမယ့် လူမျိုးတစ်မျိုးနဲ့ လူ့အဖွဲ့အစည်းတစ်ခုနဲ့ကျတော့ မတူဘူးကွ"

မေတန်ခူး တော်တော်စိတ်ညစ်သွားပါတယ်။ ခင်ဘုန်းပွင့်ဆိုတဲ့ အမျိုးသမီးက လာရန်တွေ့တာကို ဘာစကားတွေ လျှောက်ပြောနေမှန်း မသိလို့ပါ။ အဲဒီ ဒဿနဆန်ဆန် စကားလုံးတွေက သူ့နေရာနဲ့သူ ပြောရမယ့်ဟာ အခုတော့ လွဲနေပါတယ်။

"စက်မှုစီးပွားရေးတွေ ဘာတွေတော့ မသိဘူး၊ ကျွန်မ ထပ်ပြောမယ်၊ ရှင့်ကို နောက်ထပ် ဒါမျိုးမမြင်ချင်ဘူး"

"ခင်ဘုန်းပွင့် . . . မင်းက ငါ့ကို အမိန့်ပေးနေတာလား၊ ငါက ဘယ်အမိန့်မှ ကြောက်တဲ့ကောင် မဟုတ်ဘူး၊ ကမ္ဘာပေါ်မှာရှိတဲ့ အတွေးအခေါ်ပညာရှင်တွေဟာ အဲဒီအမိန့်တွေကို အာဏာဖီဆန်ရင်းနဲ့ ထင်ရှားပြောင်မြောက်တဲ့ အတွေးအခေါ်တွေကို ဖော်ထုတ်သွားတာ၊ လောကကြီးမှာ ကြောက်ရမှာက သေမင်းရဲ့ခေါ်သံအမိန့်ပဲ၊ အဲဒီအမိန့်မရောက်လာခင်မှာ ဒေါသမီးတွေ ချုပ်ထိန်းနိုင်၊ လောဘကို သတ်ထားနိုင်ဖို့ အရေးကြီးတယ်"

မေတန်ခူး ထပ်စိတ်ညစ်ရပြန်ပါတယ်။ ဟိုက ထပ်ရန်တွေ့တာကို ဦးကျော်ထွန်းခေါင်က တရားဟောသလိုမျိုး ပြောနေလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မင်းကိုလည်း သတိပေးရဦးမယ်၊ သူနဲ့ ကင်းကင်းနေပါ။ တစ်နေ့ ငါဘာလဲဆိုတာ မင်းလည်း သိရမယ်"

ခင်ဘုန်းပွင့်က မေတာန်ခူးကို လက်ညှိုးထိုးသတိပေးစကားပြောရင်း ဒေါသတကြီး ထွက်သွားပါတယ်။

"သွား . . . သွား . . . အားနာလိုက်တာ မေတာန်ခူးရယ်၊ ဒီမိန်းမ ဒီကို ဘယ်လိုရောက်လာသလဲ မသိဘူး"

"နေပါဦး . . . သူက အစ်ကိုကြီးကို ဒီလောက်ပိုင်စိုးပိုင်နင်း ပြောတာ ဘယ်လိုပတ်သက်နေလို့လဲ"

"သူက အစ်ကိုကြီးကို တစ်ဖက်သတ်ကြိုက်နေတာ၊ အစ်ကိုကြီးဘက်က ဘာမှမတုန့်ပြန်တော့ ပေါက်ကွဲတာပေါ့။ ကဲပါ . . . ဆက်စားရအောင်"

ထမင်းစားနေတုန်း ပြဿနာဖြစ်သွားသဖြင့် မေတာန်ခူးမှာ ထမင်းဆက်စားချင်စိတ် မရှိတာက အမှန်ပါ။ နောက်ထပ် ဘာတွေဖြစ်ဦးမလဲ မသိ။

□ □ □


www.burmeseclassic.com

www.burmeseclassic.com

သူများတွေပြောမှ
ဆုံးဖြတ်ချက်ချနိုင်တဲ့လူတွေ
ဒီကမ္ဘာကြီးမှာ
ဘယ်လောက်များသလဲကွယ်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

ဦးညီညီမိုးရှေ့မှာ တန်းစီပြီး မတ်တပ်ရပ်နေတဲ့ ဝန်ထမ်းတွေက ဘာလေသံမှမထွက်ဘဲ ဦးညီညီမိုးဘာပြောမလဲဆိုတာကို စောင့်ကြည့်နေပါတယ်။ ဦးညီညီမိုးက လက်ထဲမှာ ကိုင်ထားတဲ့ တစ်ရှူးစနှစ်စကို ကူမွှာဏီ ဝန်ထမ်းကောင်မလေးကို ပြလိုက်တယ်။

"ဒီတစ်ရှူးစနှစ်စကို ညည်းက အမှိုက်ခြင်းထဲမထည့်ဘဲ ညည်းရဲ့စားပွဲဘေးမှာ ချထားတော့ အလုပ်ကြီးအကိုင်ကြီး စကားပြောတဲ့သူဘွေ ရောက်လာရင် ဘာမဟုတ်တဲ့ ဒီတစ်ရှူးစကိုမြင်ရင် ဒီကုမ္ပဏီက စည်းကမ်းမရှိပါလားဆိုပြီး အထင်သေးသွားရင် လုပ်ငန်းပျက်ပြီး ဘာမဟုတ်တဲ့ တစ်ရှူးစနှစ်စကြောင့် လုပ်ငန်းကိစ္စပျက်သွားမှာပေါ့"

"ကျွန်မကိုယ်ကျွန်မ သတိသေသင့်ပါတယ်၊ ကျွန်မက အမှိုက်ခြင်းထဲ ဒီတစ်ရှူးစနှစ်စကို ပစ်ထည့်လိုက်တာ ဘေးကျသွားတာ မသိလို့ပါ။ ကျွန်မနှစ်ချေးညှစ်ထားတဲ့ ဒီတစ်ရှူးစနှစ်စဟာ ဒီလောက်ကြီးကျယ်



www.burmeseclassic.com

www.burmeseclassic.com



ခမ်းနားမှန်း မသိလို့ပါ"

ကုမ္ပဏီဝန်ထမ်းကောင်မလေးစကားကြောင့် ဦးညီညီမိုးက လက်ထဲမှာ ကိုင်ထားတဲ့ တစ်ရှူးစနှစ်စကို အမှိုက်ခြင်းထဲ အမြန်ထည့်လိုက်တာ မျက်တပ်ရပ်တန်းစီနေတဲ့ ဝန်ထမ်းတွေက မသိမသာ ပြုံးလိုက်ပါတယ်။

"နောက်ပြီး ရှိသေးတယ်၊ ရေသန့်ဗူးကို ရေသောက်တာက ကိစ္စမရှိဘူး၊ ဘာဖြစ်လို့ ရေပိုက်ခေါင်းကို သေသေချာချာ မပိတ်တာလဲ၊ ရေတွေက တစ်စက်တစ်စက်ကျနေတာ ကြမ်းပြင်ညစ်ပတ်တယ်၊ မင်းတို့ စင်္ကာပူလို နိုင်ငံမျိုးမှာဆို ဒဏ်ရိုက်ခံရလွန်းလို့ စီးပွားတောင်ပျက်သွားဦးမယ်"

"ဘော့စ် . . . ရေသန့်သမားက သူ့ရေဗူးလာပေးကတည်းက သူ့ပိုက်ခေါင်းတွေက ကောင်းမှမကောင်းတာ၊ ဒီတစ်ခါစီးပွားမပျက်အောင် တော့ ဘော့စ်ရှင်းပြသလို စင်္ကာပူနိုင်ငံအကြောင်း ပြောပြရဦးမယ်"

ဝန်ထမ်းတစ်ဦးက အကျိုးအကြောင်း ရှင်းပြပါတယ်။

"နောက်ထပ်ရှိသေးတယ်၊ ထမင်းစားခန်းမှာ ပန်းကန်ဇွေ ထားထားပေးတယ်၊ ပန်းကန်တွေကို ပြောင်အောင်ဆေးပေါ့၊ ပန်းကန်စင်မှာ ညီညီညာညာစီပေါ့၊ အခုတော့ မညီမညာနဲ့ စည်းကမ်းရှိကြစမ်းပါ"

မတ်တပ်ရပ်တန်းစီနေတဲ့ ဝန်ထမ်းတွေ တော်တော်စိတ်ညစ်နေပြီ။ နောက်ထပ် ဘာတွေဇီဇာကြောင်ပြီး မှာတမ်းချွေလေဦးမလဲမသိ။

"သူဌေး . . . ဒီမှာ ဧည့်သည်"

ဒရိုင်ဘာကိုတင်က လှမ်းပြောလိုက်သဖြင့် ဦးညီညီမိုးကော ဝန်ထမ်းတွေပါ ကြည့်လိုက်တဲ့အခါ ဖိုင်တွဲတွေကိုင်ထားတဲ့ ညိုပြာညက်ကို တွေ့ရပါတယ်။

မတ်တပ်ရပ်တန်းစီနေတဲ့ ဝန်ထမ်းတွေ ဝမ်းသာသွားပါတယ်။ သူတို့အတွက် ကယ်တင်ရှင်ပေါ်လာလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ညိုပြာညက်ပါလား၊ ဖုန်းမဆက် ဘာမဆက်နဲ့ ကိုယ့်ဆီလာတာ ဘာကိစ္စလဲ"

"ကျွန်မရဲ့ကုမ္ပဏီသူဌေးက လွှတ်လိုက်တာ၊ ပြင်ဦးလွင်မှာရှိတဲ့ စပျစ်ခြံတွေ၊ ကော်ဖီခြံတွေ၊ လိမ္မော်ခြံတွေရဲ့ အခြေအနေကို တစ်နှစ်တာမှာ ဘယ်လောက်ထွက်မလဲဆိုတာ လေ့လာဖို့ ကျွန်မကို တာဝန်ပေးတယ်၊ အဲဒါမှ ငွေကို တွက်ချက်နိုင်မှာတဲ့၊ အဲဒါ ဦးညီညီမိုးလိုက်ပို့ပေးနိုင်မလား"

"ဘော့စ် . . . လိုက်ပို့ပေးလိုက်၊ ဒါမျိုးက ဘော့စ်လိုက်ပို့ပေးမှ သူက သိမှာပေါ့၊ ဒီလို ချောချောလှလှမိန်းကလေးနဲ့ ခရီးသွားရတာ ဘယ်လောက်ကြည်နူးဖို့ ကောင်းသလဲ၊ ဘော့စ်လည်း စိတ်ပြေလက်ပျောက် ခရီးထွက်ဖြစ်တာပေါ့"

ကုမ္ပဏီဝန်ထမ်းတစ်ဦးက အကြံပြုတိုက်တွန်းတာကို ဦးညီညီမိုး ကျေနပ်သွားပါတယ်။

"ညိုပြာညက်လာ . . . ကိုယ့်ရဲ့ရုံးခန်းထဲသွားရအောင်၊ ဘယ်နေ့သွားမယ်၊ ဘာလုပ်မယ်ဆိုတာ ဆွေးနွေးကြတာပေါ့"

ဦးညီညီမိုးက ညိုပြာညက်ကို သူ့ရုံးခန်းရှိရာ ခေါ်သွားပါတယ်။

"ပွစိပွစိကြီးတော့ ငါကြပ်ပေးလိုက်တာ ဟုတ်သွားပြီ၊ သူမရှိတဲ့ ရက်တွေမှာ ငါတို့ နားညည်းသက်သာသွားပြီ၊ လွတ်လပ်ရေးရတာပေါ့"

"ဟုတ်တယ် . . . နက်ဖြန်သွားရင် ပိုတောင်ကောင်းသေးတယ်"

ဝန်ထမ်းတွေက ဦးညီညီမိုးအကြောင်း တစ်ယောက်တစ်ပေါက် ပြောဆိုနေတာကို ရုံးခန်းထဲမှာ ပြင်ဦးလွင်ကိုသွားဖို့ ညိုပြာညက်နှင့် ဆွေးနွေးနေတဲ့ ဦးညီညီမိုးကတော့ လုံးဝမသိပါ။

❑



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ညိုပြာညက်က ဦးညီညီမိုးနဲ့ ခရီးအတူတူသွားမှာ ဆိုတော့ နည်းနည်းတော့ သတိပေးစရာတွေ ရှိတယ်"

"ဘာတွေများမို့လို့လဲ"

ဦးညီညီမိုးက ညိုပြာညက်ကုမ္ပဏီကိုပြန်ဖို့ ဒရိုင်ဘာကိုတင်အား ကားမောင်းလိုက်ပို့ခိုင်းလို့ ဒရိုင်ဘာကိုတင်က ကားမောင်းလိုက်ပို့ရင်းက နေ သတိပေးစကားဆိုတာကို ညိုပြာညက်က ဘာမှန်းမသိ ဖြစ်သွားပါ တယ်။

"ဦးညီညီမိုးက ကုမ္ပဏီရုံးခန်းမှာတင် မဟုတ်ဘူး၊ ခရီးသွားရင် လည်း ဘာမဟုတ်တဲ့ အသေးစိတ်ကိစ္စကအစ ပုံကြီးချဲ့ပြီး ဇီဇာကြောင် တာ ညိုပြာညက်တော်တော့်ကို သည်းညည်းခံနိုင်မှနော်"

ကားက မီးပွိုင့်မှာ မီးနီမိသဖြင့် စကားစခေတ္တရပ်တန့်သွားပါ တယ်။ မီးစိမ်းတော့မှပဲ ကိုတင်က ကားမောင်းရင်း စကားစကို ပြန်ဆက် ပါတယ်။

"ဦးညီညီမိုးနဲ့ဆို ကုမ္ပဏီက ဝန်ထမ်းတွေက တော်ရုံတန်ရုံ ခရီး သွားချင်တာ မဟုတ်ဘူး၊ သူ့ဝသီကိုကြောက်လို့ အခုသူနဲ့အတူတူ ခရီး သွားရမှာဆိုတော့ သူ့ရဲ့ကြွယ်ဝမှုကိုယုံလို့ ပုံမအပ်လိုက်နဲ့နော်၊ ကိုယ်က တန်ဖိုးရှိပြီးသားပဲ၊ သတိပေးတာနော်"

ဒရိုင်ဘာကိုတင်ရဲ့စကားကို နားထောင်နေတဲ့ ညိုပြာညက်တစ် ယောက် သူမရဲ့အကြံအစည်ကို သိနေလို့ ဒီလိုပြောတာလား၊ ဒါမှမဟုတ် သူမကို အထင်သေးလို့ ပြောဆိုသလားဆိုတာ သူမ,ဝေခွဲရမတတ် ဖြစ်ရ ပါတယ်။

"ကျွန်မနဲ့ ဦးညီညီမိုးနဲ့ ခရီးအတူတူသွားတာက အလုပ်ကိစ္စပါ၊ အလုပ်ကိစ္စကလွဲပြီး တစ်ခြားဘာမှမပါပါဘူး၊ ဒီလိုသတိပေးတဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်ပါတယ်"

အဲဒီနောက်တော့ ဘာစကားမှ မပြောတော့ပါ။ ညီပြာညက်တစ်ယောက် ရှေ့ဆက်ဘာလုပ်ရမယ်ဆိုတာကိုသာ ကုမ္ပဏီကိုရောက်တဲ့အထိ စဉ်းစားလာခဲ့ပါတယ်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

အနုပညာရှင်ဆိုတာ

ဘုရားသခင်က

ဦးပွမန်းပေး ဖန်ဆင်းပေးလို့

ဖြစ်လာတာမှ မဟုတ်တာ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

အသံသွင်းစတူဒီယိုခန်းမကြီးကိုကြည့်ပြီး ဝါရွှေစင်ရင်တွေဘာတွေ တုန်လာတယ်။ သူမဘဝမှာ ဒါမျိုးအတွေ့အကြုံ တစ်ခါမှမရှိလို့ပါ။ ဒီနေ့ ဦးဘုန်းတင့်က ဝါရွှေစင်ကို အသံစစ်၊ အသံစမ်းဖို့ သူ့ရဲ့စတူဒီယိုကို ခေါ်လာပါတယ်။ အလှဖန်တီးရှင်မာမီခိုင်လည်း မိတ်ကပ်အလှပြင်သေတ္တာကိုကိုင်ပြီး လိုက်လာတယ်။ ဦးဘုန်းတင့်ကတော့ ဝတ်ထားစားထားတာ ကော့နေတာပါပဲ။ ရေမွှေးနံ့တွေကလည်း ဝါရွှေစင်အဖို့ ခေါင်းတောင်ကိုက်မတတ်ပါပဲ။

"ဒါ ဦးရဲ့စတူဒီယိုပဲ၊ ကြိုက်သလိုသာ ဆိုပေတော့"

စတူဒီယိုခန်းမထဲ ဝင်ဝင်ချင်း ဦးဘုန်းတင့်ကပြောတော့ ဝါရွှေစင်စတူဒီယိုအခန်းကို လေ့လာအကဲခတ်လိုက်တော့ ဝါရွှေစင်နဲ့ သဘ်တူရွယ်တူလောက်ရှိမယ့် လူငယ်တစ်ဦးက လျှပ်စစ်ဂစ်တာကို ဒေါ်ခတ်လေ့ကျင့်လို့နေပါတယ်။ မှန်လုံခန်းဆိုတော့ ဂစ်တာသံကို အပြင်ကနေ မကြား



www.burmeseclassic.com

www.burmeseclassic.com



ရပါ။ ဝါရွှေစင်တို့ကို မြင်လို့လား မသိဘူး။ ဂစ်တာတီးလေ့ကျင့်နေတာကို ရပ်လိုက်ပြီး မှန်လုံခန်းတံခါးကိုဖွင့်ပြီး ထွက်လာပါတယ်။

"အန်ကယ်ပါလား . . . ဘာကိစ္စရှိလို့လဲ"

"ကိစ္စရှိတာပေါ့ . . . သိပ်ရှိ"

ဦးဘုန်းတင့်စကားအဆုံး ဂစ်တာတီးလေ့ကျင့်တဲ့ လူငယ်က ဝါရွှေစင်ကို အကဲခတ်လို့နေပါတယ်။

"ဒီလိုကွ . . . သူ့နာမည်က ဝါရွှေစင်၊ အန်ကယ်က သူ့ကို အဆိုတော်သစ်တင်မလို့၊ ဒီတော့ သူ့အသံကို စစ်ချင်တယ်၊ အဲဒါ မင်းက ဂစ်တာတီးပေး"

"ဝါရွှေစင် . . . ဒါ ဦးရဲ့တီးဝိုင်းက အဖွဲ့ခေါင်းဆောင် လိဒ် ဂစ်တာတီးတဲ့ ဇော်ဇော်တဲ့၊ ဝါရွှေစင်ဆိုတဲ့သီချင်းကို သူက ဂစ်တာတီး ပေးမယ်၊ ဝါရွှေစင်ကြိုက်တဲ့ သီချင်းကိုဆို"

ဝါရွှေစင်က ဇော်ဇော့်ကို အလိုက်သင့်ပြုံးပြပါတယ်။ ဒါပေမယ့် ဇော်ဇော်က ပြန်မပြုံးပြဘဲ မှန်လုံတံခါးကို ဖွင့်လိုက်ပါတယ်။ ဝါရွှေစင် နည်းနည်းတော့ 'ဘု'သွားပါတယ်။ ဘယ်လိုလူပါလိမ့်။

စတူဒီယိုအခန်းထဲရောက်တော့ ဇော်ဇော်က မိုက်ကရိုဖုန်းခလုတ် ကို ဖွင့်လိုက်ပြီး ဆောင်းဘောက်နဲ့ အသံညှိပါတယ်။

"ရော့ . . . အခုတော့ အသံစမ်းတာဆိုတော့ ဒီမိုက်ကရိုဖုန်းနဲ့ ပဲဆို၊ ဘာသီချင်းတီးပေးရမလဲပြော . . ."

"ဖြူဖြူကျော်သိန်းရဲ့ လမ်းခွဲသီချင်းကို တီးပေးပါ"

ဇော်ဇော်က ဂစ်တာအသံကို စမ်းလိုက်ပါတယ်။ ပြီးတော့ သီ ချင်းကို စတင်တီးခတ်ပါတော့တယ်။ ဝါရွှေစင်အဖို့ စတူဒီယိုအခန်းမှာ ပထမဦးဆုံး သီဆိုရတာဖြစ်တော့ မိုက်ကရိုဖုန်းကိုင်ထားတဲ့ လက်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေတောင် တုန့်လို့နေပါတယ်။

ဦးဘုန်းတင့်နဲ့ မာမီခိုင်တို့ကတော့ ကုလားထိုင်တစ်လုံးစီမှာ ထိုင်ရင်းက ဝါရွှေစင်သီချင်းဆိုတာကို နားထောင်လို့ နေပါတယ်။

ဝါရွှေစင်လည်း သီချင်းကို Mood ပြည့်နဲ့ဆိုနေတာ ဦးဘုန်းတင့်က အသက်မရှူသည့်အလား စိတ်ဝင်တစား နားထောင်နေတာ နဖူးပြင်မှာ ချွေးတွေဘာတွေထွက်လာလို့ မာမီခိုင်က ဦးဘုန်းတင့်နဖူးပြင်ကို တစ်ရှူးနဲ့ သုတ်ပေးလိုက်၊ မျက်နှာကို တစ်ရှူးနဲ့ သုတ်လိုက်၊ တို့ပတ်နဲ့ ရိုက်လိုက်နဲ့ အလုပ်ရှုပ်နေပါတယ်။ ဒီလိုသာ လုပ်ပေးနေပေမယ့် မာမီခိုင်ရဲ့မျက်လုံးတွေက ဂစ်တာတီးနေတဲ့ ဇော်ဇော်ဆီသာ ရောက်နေပါတယ်။

"ဘယ်လိုလဲ ဇော်ဇော်၊ ဝါရွှေစင်ရဲ့အခြေအနေ ဘယ်လိုရှိလဲ၊ အန်ကယ်က နားပဲထောင်တတ်တာ၊ မင်းလောက် ဘယ်သိမလဲ"

ဇော်ဇော်က ဝါရွှေစင်ကို ကြည့်လိုက်ရင်း . . .

"ပြောရမှာတော့ အားနာတယ်၊ အသံပါဝါနဲ့ သီချင်းအဝင်အထွက်က မမှန်သေးဘူး၊ အသံပါဝါက နိမ့်နေတယ်၊ အဆိုတော်ဖြစ်ဖို့ဆို အတော်လေ့ကျင့်ရဦးမယ်၊ ပြီးတော့ သူ့အသံက ချိုတော့ ဖျူဖျူကျော့်သိန်း သီချင်းမျိုး မဆိုသင့်ဘူး"

ဇော်ဇော့်စကားကြောင့် ဝါရွှေစင် ဒေါသထွက်သွားပါတယ်။

"ဒီမှာ ကျွန်မက ဒီနေ့မှ ဒါမျိုးစဆိုဖူးတာ၊ အဆိုတော်မဟုတ်သေးတဲ့အတွက် လိုအပ်ချက်တွေတော့ ရှိမှာပေါ့"

"မှန်ပါတယ် . . . ဒါကြောင့် အသံအဝင်အထွက်မှန်ဖို့ဆိုကို နေ့စဉ်လေ့ကျင့်ခိုင်းတာပေါ့၊ အိမ်မှာလည်း ဒီအတိုင်းမနေနဲ့၊ အသံကို ကျင့်ပေး၊ ဆိုပေး၊ အဆိုတော်လုပ်တယ်ဆိုတာ ကာရာအိုကေဆိုသလို

www.burmeseclassic.com



မဟုတ်ဘူး၊ တီးဝိုင်းအဖွဲ့နဲ့ဆိုရတာ၊ ပြီးတော့ လူအများရှေ့မှာ ဖြေဖျော်ရတာ၊ တော်ရုံတန်ရုံနဲ့ မရဘူး၊ အသံပါဝါကောင်းရမယ်၊ စကားလုံးအဖြတ်အတောက် မှန်ရမယ်၊ အဝင်အထွက်တွေ သိရမယ်၊ ဘယ်နေရာမှာ အသံဆိုနှိမ့်မယ်၊ ချမယ် အများကြီးပဲ၊ သီချင်းကို ဆိုတတ်ရုံလောက်နဲ့ အဆိုတော်မဖြစ်ဖူး၊ သူများတွေ ဘယ်လိုဆိုလဲ လေ့လာရမယ်၊ နိုင်ငံခြားက အဆိုတော်တွေရဲ့ သီချင်းတွေကို နားထောင်ရင်း ကိုယ့်အသံဟာ ဘယ်အဆိုတော်ရဲ့ အသံနဲ့လိုက်မယ် စသဖြင့် အဲဒီအဆိုတော်ရဲ့ဟန်ကို တုပရတယ်၊ ဒီမှာရှိတဲ့ အဆိုတော်တွေလည်း ဒီအတိုင်းကျင့်သုံးကြတာ"

ဇော်ဇော်ပြောသလိုမျိုး ဝါရွှေစင်လုံးဝတွေးမထားပါ။ အခုလို သိလိုက်ရမှ အဆိုတော်ဖြစ်တာ မလွယ်လိုက်တာ။

"ကျွန်မ ဒါတွေကို လုံးဝမသိခဲ့တာ အမှန်ပဲ"

"အနုပညာသမားဆိုတာ ဘုရားသခင်က ဖန်တီးပေးလို့မရဘူး၊ သူ့မှာ ပါရမီပါမှရတာ"

ဝါရွှေစင်နဲ့ဇော်ဇော် စကားပြောတာကို နားထောင်နေတဲ့ ဦးဘုန်းတင့်က . . .

"ကဲ . . . ဇော်ဇော်ရေ . . . နက်ဖြန်ကစပြီး ဝါရွှေစင်ကို ဘယ်လိုဆိုရမယ်၊ ဘယ်လိုအသံကို လေ့ကျင့်ပေးရမလဲဆိုတာ စပြီးတော့ သင်ပေးပေတော့၊ မင်းကို အန်ကယ်အပ်လိုက်ပြီ"

ဦးဘုန်းတင့်က စကားအဆုံး အလှဖန်တီးရှင်မာမီခိုင်က ဇော်ဇော့်ကိုကြည့်ရင်းက စိုးရိမ်တကြီးလေသံဖြင့် . . .

"အို . . . ဖြစ်ပါ့မလား၊ သက်တူရွယ်တူ လူငယ်ချင်းတွေနဲ့ တော်ကြာ ငြိကုန်မှဖြစ်ငံ့ . . ."

"စိတ်က အမိကပါ၊ အဓိက ကိုယ့်ရည်ရွယ်ချက်မပျက်စေဖို့ပဲ



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးတယ်၊ ဝါရွှေစင် နက်ဖြန်ကစပြီး ဒီစတူဒီယိုမှာ လာလေ့ကျင့်ပေတော့”

မာမီခိုင့်စကားကို ဝါရွှေစင်က မကျေနပ်ပေမယ့် ဦးဘုန်းတင့်ကို ခေါင်းညိတ်ပြလိုက်ပါတယ်။ ဇော်ဇော်ကတော့ ဂစ်တာကို ကောက်ကိုင်ပြီ စောစောက ဝါရွှေစင်ဆိုသွားတဲ့ ဖြူဖြူကျော့်သိန်းရဲ့သီချင်းကို ဂစ်တာနဲ့ တီးခတ်နေပါတော့တယ်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်အလုပ်ကို

ဖျက်လိုဖျက်ဆီး

လုပ်သူပေါ်လာပေမယ့်

မထင်မှတ်ဘဲ

• ကြည်နူးမှုရသွားတာက

မင်္ဂလာပါပဲလို့ ပြောရတော့မယ်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

ဦးကျော်ထွဋ်ခေါင်တစ်ယောက် အသက်မရှိသေးရဲ့လားလို့ သူ့ဘေးနားမှာရှိနေသော စနေသားက မှတ်ချက်ချနေမိပါတယ်။ ဘာဖြစ်လို့လည်းဆို မေတန်ခူးက မော်ဒယ် (cat walk) လမ်းလျှောက်နည်းကို ကြည့်ရှုသူတွေကို ညှို့ယူဖမ်းစားနိုင်အောင် နမူနာလျှောက်ပြသင်ကြားပေးနေလို့ပါ။

ဦးကျော်ထွဋ်ခေါင်ခမျာမှာလည်း မေတန်ခူးမော်ဒယ် (cat walk) လမ်းလျှောက်သင်ကြားပြသတာကို အသက်မရှူတမ်းကြည့်နေရင်းမှ သူ့အတွေးထဲမှာ သူနဲ့မေတန်ခူးတို့နှစ်ယောက်သား မြက်ခင်းလွင်ပြင်ကြယ်ကြီးထဲမှာ လက်ချင်းချိတ်ရင်း လမ်းလျှောက်နေပါတယ်။ ပြီးတော့ သူက မြက်ခင်းပြင်ပေါ်မှာ မော်ဒယ်ပုံစံမျိုး လမ်းလျှောက်နေ။ မေတန်ခူးက သူ့အနားရောက်လာ။ သူ့ကို မေတန်ခူးက ထိုင်ရာကနေထဖို့ဆက်ဆွဲထူ။ သူနဲ့ မေတန်ခူးနဲ့ လက်ချင်းချိတ်ပြီး မြက်ခင်းလွင်ပြင်ကြီးထဲမှာ ပြေးနေ။



www.burmeseclassic.com

www.burmeseclassic.com



လေတွေကလည်း တိုက်နေ။ မေတန်ခူးရဲ့ဆံပင်တွေက လေထဲမှာ လွင့်နေတာကို သူကကြည့်ရင်း ကျေနပ်နေ . . .။

"ကိုကျော်ထွန်းခေါင် . . . ကိုကျော်ထွန်းခေါင် . . ."

ရုတ်တရက် ငှက်ဆိုးထိုးသံလိုမျိုး သူ့နာမည်ကို ခေါ်လိုက်လို့ သူ့အတွေးတွေ ပျက်သုန်းကုန်ပါတယ်။ ဘယ်သူကများ အော်ခေါ်တာလဲလို့ ကြည့်လိုက်တော့ သူ့နာမည်ကိုခေါ်ရင်း ခင်ဘုန်းပွင့်က သူ့အနား ရောက်လာပါတယ်။

"ခင်ဘုန်းပွင့် . . . ဒီကို ဘာလာလုပ်တာလဲ၊ ဒီမှာ သင်တန်း သင်နေတာ အနှောင့်အယှက်ဖြစ်ကုန်ပြီ"

"သင်တန်းသင်နေတာလား၊ ရှင်အရသာခံ ကြည့်နေတာလား"

"ခင်ဘုန်းပွင့် . . . မင်းဘာပြောတာလဲ၊ ဟိုမှာ သင်တန်းပေးနေတဲ့ မေတန်ခူးကို အားနာဖို့ကောင်းတယ်"

ဦးကျော်ထွန်းခေါင်နှင့် ခင်ဘုန်းပွင့်စကားများနေတာကို မော်ဒယ်သင်တန်းသင်ကြားနေသော ကုမ္ပဏီဝန်ထမ်းကောင်မလေးတွေနဲ့ မေတန်ခူးတို့က ကြည့်လို့နေပါတယ်။

"ဒီလိုမော်ဒယ်သင်တန်းမှာ မော်ဒယ်လမ်းလျှောက်နည်းက ဘာခက်တာမှတ်လို့၊ ဘယ်ဆရာမမှ သင်စရာမလိုဘူး၊ ဘာဖြစ်လို့ ကိုကျော်ထွန်းခေါင်က ကျွန်မကို လာမပြောတာလဲ၊ ဆရာမခေါ်သင်ဖို့ မလိုပါဘူး၊ ဒါမျိုး ခင်ဘုန်းပွင့်တို့က မော်ဒယ်ရှိုးပွဲတွေ ကြည့်ထားလို့ ကျွမ်းပြီးသား၊ သူ့အစား ကျွန်မပဲ သင်ပေးမယ်"

ဦးကျော်ထွန်းခေါင် တော်တော်ခေါင်းစားသွားပါတယ်။ ခင်ဘုန်းပွင့်တစ်ယောက်ကတော့ လာရှုပ်ပြီလို့။ ဒီတော့ နည်းနည်းတော့ ပညာပေးရမယ်လို့။

www.burmeseclassic.com



"မေတန်ခူးရေ . . . ခဏ"

ဦးကျော်ထွဋ်ခေါင်က လှမ်းခေါ်လိုက်လို့ မေတန်ခူးက ဦးကျော်ထွဋ်ခေါင်အနား ရောက်လာပါတယ်။

"ဒီနေ့ မေတန်ခူး ကောင်မလေးတွေကို မသင်နဲ့တော့၊ ဒီက စနေသားနဲ့ အိမ်ပြန်တော့၊ ခင်ဘုန်းပွင့်က သူသင်ပေးမယ်တဲ့၊ မခက်ဖူးတဲ့၊ လွယ်လွယ်လေးတဲ့၊ သူ့ရဲ့အဖွဲ့မ်းအစကို ကြည့်ရတာပေါ့ . . . ဟား . . . ဟား"

"ကောင်းတာပေါ့ . . . ဒီက မမကလည်း သင်ပေးမယ်ဆိုတော့ မေတန်ခူးသက်သာတာပေါ့။ ဒါဆို မေတန်ခူးသွားမယ်"

မေတန်ခူးကလည်း ဦးကျော်ထွဋ်ခေါင်ရဲ့စကားကို ထပ်မံမြှောက်ပင့်ပြောလိုက်သဖြင့် ခင်ဘုန်းပွင့် နည်းနည်းဘဝင်မြင့်ချင်သလိုတောင် ဖြစ်သွားပါတယ်။

မေတန်ခူးကတော့ ယူစရာရှိတဲ့ ပစ္စည်းတွေကိုယူပြီး စနေသားနဲ့ အတူ မော်ဒယ်သင်တန်းပေးတဲ့ နေရာကနေ ထွက်လာခဲ့တယ်။

"ကဲ . . . ခင်ဘုန်းပွင့်၊ မင်းရဲ့အစွမ်းအစကိုပြတော့၊ မင်းဘယ်လောက်ကျွမ်းကျင်သလဲ ထိုင်ပြီး အကဲခတ်မယ်"

"ကြည့်လိုက်ကိုကျော်ထွဋ်ခေါင် . . . ရှင့်ရဲ့သင်တန်းဆရာမနဲ့ကို သာစေရမယ်"

ခင်ဘုန်းပွင့်က ကုမ္ပဏီဝန်ထမ်းကောင်မလေးတွေ ရှိတဲ့နေရာကို သွားပါတယ်။

"အားလုံးမတ်တပ်ရပ်ပြီး သေသေချာချာကြည့်နော်၊ မော်ဒယ် လမ်းလျှောက်တယ်ဆိုတာ မလောရဘူး၊ လောရင် ကိုယ်က ဒေါက်ဖိနပ်ဝတ်ထားတော့ ခြေချော်ပြီး လဲတတ်တယ်၊ မော်ဒယ်လျှောက်တယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်ကို ဖမ်းစားတာ၊ ဒီတော့ ကိုယ့်မှာရှိတဲ့ဟာတွေ အကုန်ဖြစ်ညှစ်ထုတ်ပြီး လျှောက်ရတယ်၊ ဒီမှာ မမအစမ်းလျှောက်ပြမယ် . . . ကြည့်"

ခပ်ဝဝခန္ဓာကိုယ်ကြီးနှင့် တင်ပါးကိုလှုပ်ပြီး မော်ဒယ်ပုံစံမျိုးနှင့်လျှောက်ပြနေတဲ့ ခင်ဘုန်းပွင့်ကို ကြည့်ရတာ ဝက်တစ်ကောင်သွားလာနေတာမျိုးနဲ့ တူနေလို့ ဦးကျော်ထွဋ်ခေါင်ရယ်မိပါတယ်။ သူ့လိုပဲ ကုမ္ပဏီဝန်ထမ်းကောင်မလေးတွေကလည်း ကျိတ်ရယ်လို့။

"မမ . . . ဒီလိုလျှောက်တာက ဟုတ်ပြီ၊ မော်ဒယ်တွေ မြန်မြန်လျှောက်ရင်ကော"

ကုမ္ပဏီဝန်ထမ်းကောင်မလေးက ခင်ဘုန်းပွင့်ကို မေးလိုက်တော့-

"ဩော် . . . ဒါလား၊ ဟောဒီလို ခြေလှမ်းတွေကို သွက်ပေါ့ကွယ် . . . ကြည့်"

"ဝုန်း!"

"အား . . . နာလိုက်တာ ထူပါဦး"

မော်ဒယ်လမ်းလျှောက်နည်းကို ခပ်သွက်သွက် လျှောက်ပြနေတဲ့ ခင်ဘုန်းပွင့်တစ်ယောက် ရေသန့်ဗူးချထားတာကို မမြင်ဘဲ ခလုတ်ဝင်တိုက်မိပြီး ပစ်လဲကျသွားတာ သူ့ခန္ဓာကိုယ်က ဝတော့ မထနိုင်လို့ ကုမ္ပဏီဝန်ထမ်းကောင်မလေးတစ်ဦးကို ဆွဲထူခိုင်းရပါတယ်။

"အဲဒါပဲ ခင်ဘုန်းပွင့်၊ မော်ဒယ်ဆရာမလုပ်မယ်ဆို ရှေ့ကိုချည်းပဲ မကြည့်ရဘူး၊ အောက်ကိုလည်း ကြည့်ရတယ်၊ ခက်တယ် . . . ဒီကမ္ဘာကြီးမှာ လူတွေက ဆရာသာလုပ်ချင်ကြတာ၊ ဆရာတစ်ယောက်ဖြစ်ဖို့ ဘာတွေလိုအပ်သလဲဆိုတာ မသိတာခက်တယ်၊ ဒါကြောင့် ဂရိခေတ်တုန်းက ပညာရှိကြီးဆောခရတ္တိက ပြောခဲ့တာ၊ Know Thyself တဲ့၊ ကိုယ့်ကိုယ်ကို သိပါစေတဲ့၊ လောကကြီးမှာ ကိုယ့်ကိုယ်ကိုမသိတဲ့ သူတွေက



www.burmeseclassic.com

www.burmeseclassic.com



တော့ အဝိဇ္ဇာတဏှာတွေ ဖုံးနေလို့ ဒါတွေ ဘယ်မြင်နိုင်ပါ့မလဲ၊ လူဆိုတာ အလုပ်တစ်ခုကို အပြင်ကလုပ်ရင် လွယ်တယ်ထင်နေကြတာ၊ တကယ် တမ်းကျတော့ တွေ့ပြီမဟုတ်လား"

"ကိုကျော်ထွဋ်ခေါင် . . . ရှင် ကျွန်မကို တရားဟောနေတာ လား၊ လူကြားထဲ အရှက်ခွဲတာလား၊ ရှင်နဲ့ကျွန်မတွေ့မယ်၊ အား . . . နာလိုက်တာ"

ခင်ဘုန်းပွင့်က ဦးကျော်ထွဋ်ခေါင်ကို ရန်တွေ့စကားဆိုရင်း ခါး နာတာကို ရေရွတ်၊ လက်နှင့်လည်း ခါးကိုဖိရင်းမှ မော်ဒယ်သင်တန်းပေး နေတဲ့နေရာကနေ ထွက်သွားတာကိုကြည့်ပြီး ဦးကျော်ထွဋ်ခေါင်က အားရ ပါးရ ရယ်နေပါတော့တယ်။

သက်သက်သူများအလုပ်ကို လာရှုပ်တဲ့မိန်းမ . . .။

❑

"အခုလောက်ဆို ဟိုမှာဘာတွေဘယ်လို ဖြစ်နေပြီလဲ မသိဘူး"

"ဩော် . . . မခင်ဘုန်းပွင့်က စေတနာပါပါနဲ့ သင်ပေးနေမှာ ပေါ့"

"မထင်ပါဖူးဗျာ၊ နက်ဖြန်ကျရင် ဘာသံကြားရမလဲ ကြည့်နေ"

ကားမောင်းရင်း စနေသားက မထင်မှတ်ဘဲ ပြောလိုက်တာကို မေတာန်ခူးက အလိုက်သင့်ပြောလိုက်ပါတယ်။ စနေသားကို ဦးကျော်ထွဋ် ခေါင်နှင့် ခင်ဘုန်းပွင့် ဘယ်လိုပတ်သက်နေသလဲလို့ မမေးတော့ပါ။

"ကလင်! . . . ကလင်!"

ဖုန်းသံမြည်လာသဖြင့် ဟမ်းဖုန်းခလုတ်ကို ကြည့်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



ညိုပြာညက်ရဲ့ ဖုန်းနံပါတ်ဖြစ်နေပါတယ်။

"ဟယ် . . . နင်နဲ့ ဝါရွှေစင်က မြီးရှည်ဝယ်လာခိုင်းတယ်၊ ကိတ်မုန့်လည်း ဝယ်လာခိုင်းတယ်၊ ငါ့မှာက ပိုက်ဆံနှစ်ထောင်ထဲပါတာ၊ ဘယ်လောက်မလဲ၊ ဘာ . . . အဲဒီနှစ်ထောင်ဖိုးပဲ ဝယ်၊ ဟုတ်လား . . . အေး . . . အေး"

မေတန်ခူးက ဟမ်းဖုန်းကို ပိတ်လိုက်ပါတယ်။ ဒီအချိန်မှာ စနေသားက . . .

"ကျွန်တော့်ကို အခွင့်အရေးတစ်ခုတော့ပေး၊ မေတန်ခူးနဲ့ ကျွန်တော်ခင်မင်တဲ့ အထိမ်းအမှတ်အနေနဲ့ မေတန်ခူးရယ် မေတန်ခူးသူငယ်ချင်းနှစ်ယောက်အတွက် ကျွန်တော်ဝယ်ကျွေးပါရစေ၊ မငြင်းရဖူးနော်"

မေတန်ခူး ဘာပြန်ပြောရမှန်း မသိပါ။ စနေသားက ရှမ်းဆိုင်တစ်ဆိုင်ရှေ့မှာ ရပ်လိုက်ပြီး မြေအိုးမြီးရှည်ပါဆယ်သုံးပွဲ ဝယ်ရုံသာမက ဂျေဒိုးနတ်ဆိုင်ဝင်ပြီး မုန့်တွေလည်း ဝယ်ပါတယ်၊ ဒါ့အပြင် မုန့်ဆိုင်ရှေ့ရောက်တော့ ဖရုံစေ့၊ ကွာစေ့၊ နေကြာစေ့၊ ဇီးထုပ်တွေပါ ဝယ်ပေးလို့ မေတန်ခူးခမျာ အားနာနေမိပါတယ်။

"ကျွန်မအိမ်ရောက်ရင် ဒီကုန်ကျသမျှတွေ ပြန်ပေးပါရစေ"

"ပေးစရာမလိုပါဘူး၊ ကျွန်တော်ကျွေးမယ်လို့ ပြောထားတာပဲ"

"မဟုတ်ဖူးလေ၊ ရှင်ဝယ်ကျွေးတာတွေက များတော့ ရှင့်ရဲ့လခတွေ ကုန်ပြီပေါ့"

"ဪ . . . ဒါလား . . . ဟား . . . ဟား"

ဘာအဓိပ္ပါယ်နှင့် စနေသားက ရယ်လိုက်သလဲတော့ မသိပါ။ သေချာတာတစ်ခုကတော့ မေတန်ခူးအဖို့ ဘာကိုကျေနပ်ကြည်နူးနေသလဲ မသိဖူးဆိုတာပါပဲ။

www.burmeseclassic.com

မျှော်လင့်သလိုမဖြစ်တဲ့
မမျှော်လင့်တာတွေ ကြုံရတာ
လူ့ဘဝရဲ့ပြဇာတ်တစ်ပုဒ်လား!!!

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

ပန်းတွေက နေရာတိုင်းမှာ ရောင်မျိုးစုံစွာ ဖူးပွင့်နေလိုက်တာ။ နှင်းငွေ့လေးတွေကလည်း ကျဆင်းနေလို့။ အေးစိမ့်တဲ့ အရသာကလည်း ရန်ကုန်မြို့ရဲ့ရာသီဥတုနဲ့ ကွာလိုက်တာဆိုတာ။ သူ့ခြံဝင်းကလေးတွေနဲ့သူ ရှိနေတဲ့ ဥရောပဆန်ဆန်အိမ်တွေရဲ့ ခြံဝင်းထဲမှာလည်း ပန်းတွေက ရောင်စုံဖူးပွင့်နေလိုက်တာ။

ဦးညီညီမိုးနဲ့အတူ ညိုပြာညက်တို့နှစ်ဦးသား ပြင်ဦးလွင်ကို ကားနဲ့လာခဲ့ကြပါတယ်။ ဦးညီညီမိုးက ကိုယ်တိုင်ကားမောင်းပြီး ညိုပြာညက်က ကားနောက်ခန်းကနေ လိုက်ပါလို့ပေါ့။

ဦးညီညီမိုးနဲ့ ခရီးသွားရတာ တစ်ခါတရံ တော်တော်စိတ်ညစ်ဖို့ကောင်းတာ ကြုံရပါတယ်။ အဲဒါက လမ်းမှာ ကားခဏရပ်ပြီး ကော်ခုခု စားသောက်တဲ့အခါ လာချပေးတဲ့ အစားအသောက်တွေကိုကြည့်ပြီး ဘာကလိုတယ်၊ ညာကလိုတယ် စသဖြင့် ဇီဇာကြောင်တဲ့ကိစ္စကို ညိုပြာညက်

www.burmeseclassic.com



အတော်သည်းညည်းခံရပါတယ်။

ကားက ပြင်ဦးလွင်မြို့ကို ဝင်လာပြီး ညာဖက်သို့ကွေ့ပြီး တည့်တည့်မောင်းနေပါတယ်။ တစ်လမ်းလုံး ကားစီးလာရလို့ ညိုပြာညက်အဖို့ ခရီးမထွက်ဖြစ်တာလည်း ကြာပြီဖြစ်တော့ ခရီးပန်းလို့လားမသိ၊ ကိုယ်ဆစ်လက်ဆစ်တွေ ကိုက်လာပါတယ်။ ကိုယ်ကလည်း ပူချင်သလိုလို ဖြစ်နေလို့။ ခေါင်းကလည်း နည်းနည်းမူးလာတယ်။

ဦးညီညီမိုးက ကားကို ခြံဝင်းကြီးတစ်ခုထဲကို မောင်းဝင်လိုက်တယ်။ ခြံဝင်းအလယ်တည့်တည့်မှာ ဥရောပဆန်ဆန် တစ်ထပ်တိုက်တစ်လုံးကို တည်ဆောက်ထားပါတယ်။ ဦးညီညီမိုးက အဲဒီတစ်ထပ်တိုက်ရှေ့မှာ ကားကိုရပ်လိုက်တယ်။

“ညိုပြာညက် . . . ဒါ . . . ကိုယ့်ရဲ့ပြင်ဦးလွင်က အိမ်ပဲ၊ ဒီမှာတည်းရမှာ၊ ကဲ . . . ကားပေါ်က ဆင်း”

ဦးညီညီမိုးက ကားပေါ်ကနေ အရင်ဆင်းရင်းမှ ညိုပြာညက်ကို ပြောရင်း အိမ်ထဲသို့ကြည့်ကာ လှမ်းခေါ်လိုက်တယ်။

“လင်းသော် . . . လင်းသော် . . . ”

“ဆရာတို့ ရောက်လာပြီလား”

အိမ်ထဲကနေ ဂျင်းဘောင်းဘီနှင့် ဆွယ်တာဝတ်ထားတဲ့ အသားခပ်ဖြူဖြူနဲ့လူငယ်တစ်ဦး ပြေးထွက်လာပါတယ်။

“လင်းသော် . . . ကားနောက်ခန်းက ပစ္စည်းတွေ သယ်ကွာ၊ အခန်းတွေကော စီစဉ်ထားပြီးပြီလား”

“အားလုံးအဆင်သင့်ပါပဲ . . . ဆရာ”

လင်းသော်ဆိုတဲ့ သူက ကားနောက်ခန်းက ခရီးဆောင်အိတ်တွေကို သယ်ပြီး အိမ်ထဲကို ဝင်သွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ညိုပြာညက် . . . လာ . . . အိမ်ထဲသွားရအောင်"

ဦးညီညီမိုးက အိမ်ထဲကို အရင်ဝင်သွားပါတယ်။ ညိုပြာညက်က စုတ်ဝန်းကျင်အခြေအနေကို အကဲခတ်ကြည့်လိုက်တော့ ခြံဝင်းထဲမှာ ထင်းရှူးပင်တွေကော၊ ပန်းပင်တွေကော၊ စတော်ဘယ်ရီပင်တွေကော ပေါက်ရောက်ရှင်သန်နေတာ တွေ့ရပါတယ်။

ညိုပြာညက်လည်း အိမ်ထဲကို လှမ်းဝင်လိုက်ပါတယ်။

"ညိုပြာညက် . . . မျက်နှာလေးဘာလေး သစ်ဦးမလား၊ ဟိုဘက်အခန်းက ညိုပြာညက်နေရမယ့်အခန်း၊ ညိုပြာညက်ပစ္စည်းတွေ အဲဒီအခန်းထဲမှာ ထည့်ထားတယ်"

"မျက်နှာတော့ မသစ်တော့ဖူး ဦးညီရယ်၊ ခရီးပန်းလို့လား မသိဘူး၊ ကိုယ်ဆစ်လက်ဆစ်တွေ ကိုက်ပြီး ခေါင်းလည်း နည်းနည်းမူးတယ်"

"ဒါဆို နေဦး"

"လင်းသော်ရေ . . . သံပုရာရည်တစ်ခွက် အမြန်ဖျော်လာဟေ့"

"ဟုတ်ကဲ့ . . . ဆရာ"

ဦးညီညီမိုးအော်ခေါ်ပြီး မကြာပါ။ လင်းသော်က သံပုရာရည်ဖျော်ထားတဲ့ ဖန်ခွက်ကိုယူလာပြီး ညိုပြာညက်ကို ပေးလိုက်တယ်။

"ဒါလေး ခေါင်းကြည်အောင် သောက်လိုက်ဦး၊ ပြီးရင် ခြေတွေလက်တွေ ဆေးလိုက်၊ အေးတော့ ရေချိုးနိုင်မှာမဟုတ်ဘူး၊ နောက်မှ ရေနွေးကျိုခိုင်းရမယ်"

ညိုပြာညက် သံပုရာရည်သောက်နေတာကို လင်းသော်က ကြည့်နေလို့ ညိုပြာညက်ရှက်သလိုတောင် ဖြစ်သွားပါတယ်။

"ညိုပြာညက်ကို မိတ်ဆက်ပေးရဦးမယ်၊ သူက လင်းသော်တဲ့ ကိုယ့်ရဲ့ဟောဒီပြင်ဦးလွင်မှာရှိတဲ့ ကော်ဖီခြံတွေ၊ လိမ္မော်ခြံတွေ၊ စပျစ်ခြံ



www.burmeseclassic.com

www.burmeseclassic.com



တွေကို မန်နေဂျာအဖြစ် သူပဲဦးစီးလုပ်ကိုင်နေတာလေ"

လင်းသော်ဆိုတဲ့ သူက ပြုံးပြပါတယ်။ ညိုပြာညက်အကဲခတ် မိသလောက် သဘောကောင်းမယ့်ပုံပါပဲ။

"ဦးညီ . . . ကျွန်မ ခဏအနားယူချင်တယ်၊ အခန်းထဲသွားလိုက် ဦးမယ်"

"သွား . . . သွား . . . ဒီမှာ လင်းသော်နဲ့ အလုပ်ကိစ္စတွေ တိုင် ပင်လိုက်ဦးမယ်"

သံပုရာရည်သောက်ပြီးတဲ့အခါ ဦးညီညီမိုးကို ခွင့်ပန်ပြီး ညိုပြာ ညက်က သူမနေရမယ့် အခန်းသို့သွားကာ အခန်းတံခါးကိုပိတ်ပြီး အသင့် ပြင်ဆင်ထားတဲ့ အိပ်ယာကုတင်ပေါ် တုံးလုံးလှဲချလိုက်ပါတယ်။ ခရီးပန်း လာလို့လားမသိ၊ တခဏအတွင်း အိပ်ပျော်သွားပါတော့တယ်။

❑

ညိုပြာညက်တစ်ယောက် အိပ်ယာက နိုးလာတော့ နေ့လည်နှစ် နာရီလောက် ရှိနေပြီ။ ညိုပြာညက်အိပ်ယာက ထတော့ ကိုယ်တွေလက် တွေက မလှုပ်ချင်အောင်ဖြစ်နေပြီး ခေါင်းတွေကလည်း ကိုက်လို့ နေပါ တယ်။ နဖူးကို စမ်းကြည့်တော့လည်း ပူနေပါတယ်။ ညိုပြာညက် သိလိုက် ပါပြီ။ သူမ ဖျားပြီလို့။

အခန်းတံခါးကိုဖွင့်ပြီး ဧည့်ခန်းဖက်ကို ထွက်လာတော့ လင်း သော်နဲ့ ဦးညီညီမိုး စကားပြောနေပါတယ်။

"ညိုပြာညက် နိုးလာပြီလား၊ ညိုပြာညက်ကြည့်ရတာ မျက်နှာ လည်း မကောင်းပါလား"



www.burmeseclassic.com

www.burmeseclassic.com



ဦးညီညီမိုးက ညိုပြာညက်ကို ကြည့်လိုက်ပြီး ပြောလိုက်တော့ ညိုပြာညက်က . . .

"ကိုယ်ဆစ်လက်ဆစ်တွေ ကိုက်တာ မလှုပ်ချင်ဖူး၊ ခေါင်းတွေကလည်း မူး၊ ကိုယ်တွေကလည်း ပူနေတယ်"

"ဟာ . . . ဟုတ်လား၊ လင်းသော် အဖျားတိုင်းတာ သွားယူ"

လင်းသော်က အဖျားတိုင်းတဲ့ဟာ ယူလာပြီး ညိုပြာညက်ကို ချိုင်းကြားမှာ ညှပ်ထားခိုင်းပါတယ်။ ငါးမိနစ်လောက်ကြာတဲ့အခါ ညိုပြာညက်ပေးတဲ့ အဖျားတိုင်းကရိယာကို ကြည့်လိုက်တော့ အပူချိန်က တစ်ရာ့သုံးတောင် ဖြစ်နေပါတယ်။

"ဆရာ . . . အဖျားက တစ်ရာ့သုံးတောင် ရှိတယ်၊ ကျွန်တော့် အသိဆရာဝန်ကို ဖုန်းဆက်ခေါ်လိုက်မယ်"

လင်းသော်စကားကြောင့် ဦးညီညီမိုးမျက်နှာပျက်သလို ဖြစ်သွားပြီး . . .

"အိမ်မှာရှိတဲ့ဆေးပဲ တိုက်ကြည့်ပါလား၊ ဆရာဝန်ခေါ်ရင် ဒီအိမ်မှာ မင်းရယ်၊ ငါရယ်၊ မိန်းကလေးတစ်ယောက်ရယ်ပဲရှိတာ၊ တစ်မျိုးထင်မှာပေါ့၊ ပတ်ဝန်းကျင်ကို အဲဒီဆရာဝန်က လျှောက်ပြောရင် အခုမှဒီကို ရောက်လာတဲ့ ငါသိက္ခာကျစရာဖြစ်မှာပေါ့၊ ရှိတဲ့ဆေးပဲ တိုက်လိုက်"

ဦးညီညီမိုးစကားကြောင့် လင်းသော်ဒေါသထွက်သွားသလား မသိ။

"ဆရာကလည်း ဘယ်ဖြစ်မလဲ၊ အိမ်မှာက ပါရာစီတမော လောက်ပဲ ရှိတာ၊ ကိုယ်ကမှန်နေရင် ဘာကိုမှ ဂရုစိုက်စရာ မလိုပါဘူး၊ လူတစ်ယောက်ရဲ့ကျန်းမာရေးကသာ အရေးကြီးတာ၊ ကျွန်တော် ဖုန်းဆက်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



လင်းသော်က ဖုန်းဆက်နေတဲ့အချိန်မှာ ညိုပြာညက်လည်း ခေါင်းမထူချင်တော့တာမို့ အခန်းထဲပြန်လာပြီး ကုတင်ပေါ် လှဲနေပါတယ်။

"လူနာက ခရီးပန်းပြီး ဖျားတာပါ။ တစ်ရက်နှစ်ရက်နေရင် ပျောက်သွားပါလိမ့်မယ်၊ ကျွန်တော် ဆေးလည်း ထိုးပေးခဲ့ပြီးပြီ၊ ဆေးနှစ်ရက်စာ ပေးခဲ့မယ်၊ ဘာမှစိုးရိမ်စရာ မရှိပါဘူး"

လင်းသော်ဖုန်းဆက်ပြီး မိနစ်နှစ်ဆယ်အကြာမှာ ဆရာဝန်က မော်တော်ဆိုင်ကယ်နဲ့ ရောက်လာပါတယ်။ ညိုပြာညက်ကို ဆေးထိုးပေးပြီး သောက်ဆေးတွေကို ဘယ်လိုသောက်ရမယ်ဆိုပြီး ပြောဆိုကာ ပြန်သွားပါတယ်။

"မညိုပြာညက် ချွေးလေးဘာလေးထွက်သွားအောင် ကျွန်တော် ခေါက်ဆွဲသွားပြုတ်လိုက်ဦးမယ် . . . ခဏစောင့်၊ ဆေးသောက်မယ်ဆို အစာရှိမှကောင်းတာ"

မကြာပါ။ လင်းသော်က ခေါက်ဆွဲပြုတ်ပန်းကန်ယူလာပါတယ်။ ညိုပြာညက်လည်း ဗိုက်ထဲက နည်းနည်းဆာတာမို့ ဟန်မဆောင်နိုင်တော့ဘဲ ခေါက်ဆွဲပြုတ်တစ်ပန်းကန်လုံးကုန်အောင် သောက်လိုက်ပါတယ်။

"ကျွန်မကို အခုလို ကူညီပေးတာ ကျေးဇူးတင်ပါတယ်"

"မဟုတ်တာဗျာ . . . မညိုပြာညက်က ဧည့်သည်၊ ကျွန်တော်က အိမ်ရှင်ပဲ၊ ဒီလောက်တော့ ကူညီရမှာပေါ့၊ ကိစ္စရှိရင် တံခါးဖွင့်ပြီး လှမ်းခေါ်လိုက်၊ ကျွန်တော် ဧည့်ခန်းထဲမှာပဲ ရှိတယ်၊ ဦးညီညီမိုးက လိမ္မော်ခြံတွေဖက်သွားတယ်၊ မညိုပြာညက်ကို ဂရုစိုက်ဖို့ မှာခဲ့တယ်"

"ရပါတယ် . . . ကျွန်မဆက်ပြီး လှဲလိုက်ဦးမယ်"

"လှဲ . . . လှဲ . . ."

လင်းသော်က အခန်းတံခါးကိုပိတ်ပြီး အပြင်ကို ထွက်သွားပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ညိုပြာညက်လည်း ဆေးသောက်ပြီး မကြာမီ ဆေးအရှိန်နဲ့ ပြန်အိပ်ပျော်သွားပါတယ်။

❑

ညိုပြာညက် အိပ်ယာက နိုးလာတော့ မိုးတောင်လင်းနေပြီ။ မနေ့က ဆေးထိုးပြီး ခေါက်ဆွဲပြုတ်သောက်၊ ဆေးသောက်ပြီးကတည်းက ကုတင်ပေါ် လှဲပြီး အိပ်လိုက်တာ ဆေးအရှိန်ကြောင့် ထင်ပါရဲ့။ နောက်တစ်နေ့ မိုးလင်းမှပဲ နိုးတော့တယ်။ ကိုယ်ဆစ်လက်ဆစ် ကိုက်တာတွေကတော့ သက်သာပါတယ်။ ဒါပေမယ့် ခေါင်းက နည်းနည်းလေးတော့ မူးသေးတယ်။

ဒါပေမယ့် သွားလို့လာလို့တော့ ရလောက်ပါရဲ့ဆိုပြီး အိပ်ရာက ထကာ အခန်းတံခါးကို ဖွင့်လိုက်တယ်။

"မညိုပြာညက် . . . နိုးပြီလား၊ ဘယ်လိုလဲ သက်သာရဲ့လား"

ဧည့်ခန်းနားမှာရှိနေတဲ့ လင်းသော်က မေးလိုက်ပါတယ်။

"ခေါင်းကော့ နည်းနည်းမူးသေးတယ်"

"ပျောက်သွားမှာပါ၊ ဆေးတွေ ကျန်သေးတာပဲ၊ ဆက်သောက်လိုက်ပေါ့၊ ညက ကျွန်တော်ဧည့်ခန်းထဲမှာ တစ်ညလုံးရှိတယ်၊ မညိုပြာညက်တစ်ခုခုလိုရင် ကူညီနိုင်အောင်လို့ စောင့်နေတာ၊ မျက်နှာတွေဘာတွေ သွားသစ်လိုက်ဦး၊ ကျွန်တော် နွားနို့သွားဖျော်လိုက်ဦးမယ်၊ နွားနို့သောက်ပေးဗျ၊ အားရှိတယ်၊ ဒီက နွားနို့တွေက နို့စစ်တယ်၊ ဦးညီညီမိုးကတော့ မရှိဘူး၊ လမ်းလျှောက်ထွက်သွားတယ်"

လင်းသော်က နောက်ဖေးမီးဖိုချောင်ဖက်ကို ဝင်သွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ညိုပြာညက်လည်း ရေချိုးခန်းထဲသွားပြီး မျက်နှာသစ်သွားတိုက်ပါတယ်။

"မညိုပြာညက် . . . နွားနို့ပူပူလေးကိုသောက်ပြီး ကိတ်မုန့်စား လိုက်ဦး"

မျက်နှာသစ်၊ သွားတိုက်၊ မျက်နှာသုတ်ပြီးလို့ ဧည့်ခန်းထဲကို ရောက်လာတဲ့ ညိုပြာညက်ကို နွားနို့တစ်ခွက်၊ လှီးထားတဲ့ ကိတ်မုန့်တစ် ပန်းကန် စားပွဲပေါ်မှာချထားပြီး လင်းသော်က ပြောပါတယ်။

"ရှင်တော့ ကျွန်မအတွက် အလုပ်ပိုနေပြီ၊ ဒါနဲ့ ကျွန်မကို ညိုပြာ ညက်လို့ပဲ ခေါ်ပါ"

"ဟုတ်ကဲ့ . . . ကျွန်တော့်ကိုလည်း သူများတွေခေါ်သလို လင်း သော်လို့ပဲ ခေါ်ပါ"

ညိုပြာညက်လည်း ဗိုက်ထဲက ဆာသလိုရှိတာမို့ နွားနို့ကို သောက် လိုက်ပါတယ်။ နွားနို့က နွေးနေပြီး နွားနို့စစ်လို့လားမသိ၊ အရသာက ရှိပြီး အားရှိသွားသလိုပဲ။ ပြီးတော့ လှီးထားတဲ့ ကိတ်မုန့်နှစ်ချပ်ကို စား လိုက်တယ်။

"ဒီနေ့လည်း ဆေးသောက်ပြီး အိမ်ထဲမှာပဲ နားဦး၊ နောက်ရက် ဆိုရင်တော့ ပျောက်မှာပါ"

လင်းသော်က အားပေးစကားပြော၍အဆုံး အပြင်ထွက်လမ်း လျှောက်ရာကနေ ဦးညီညီမိုး ပြန်လာပါတယ်။

"ညိုပြာညက် သက်သာတယ် မဟုတ်လား"

ညိုပြာညက်က ခေါင်းညိတ်ပြပါတယ်။

"ဘာတွေ သောက်ပြီး စားထားသလဲ"

"လင်းသော်က နွားနို့ဖျော်တိုက်တယ်၊ ကိတ်မုန့်နဲ့လေ"

"ဟာ . . . ဘာလို့နွားနို့သောက်ရတာလဲ၊ နွားနို့က အချဉ်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



နေရင် ဘယ်လိုလုပ်မလဲ၊ ကိတ်မုန့်ကကော လင်းသော်ဘယ်တုန်းက ဝယ်ထားတာလဲ မသိဘူး၊ ဒီကောင်နဲ့ . . . မြူစွမ်လေးဘာလေး ပြုတ်ပေးရင် ရမှဲ့သားနဲ့ဟာ"

ဦးညီညီမိုးစကားကြောင့် လင်းသော်ကို ညိုပြာညက်အားနာသွားပါတယ်။ ပြီးတော့ ဦးညီညီမိုး ပစိပစပ်ပြောတာကိုလည်း သည်းခံချင်စိတ်တောင် မရှိချင်သလို ဖြစ်သွားပါတယ်။

"ဒီအချိန်ကြီးမှာ ဘယ်သူက မြူစွမ်ပြုတ်သောက်မှာလဲ ဦးညီရဲ့၊ နွားနို့က ကောင်းပါတယ်၊ ကိတ်မုန့်ကလည်း လပ်ပါတယ်၊ နေ့လည်စာကျမှ မြူစွမ်ပြုတ်သောက်တော့မယ်"

"ဒီလိုဆိုလည်း ညိုပြာညက် နေကောင်းအောင်နေ၊ နေကောင်းပျောက်မှ ကိုယ်စိုက်ခင်းတွေ လိုက်ပြမယ်၊ ဒီနေ့နေ့လည်စာစားပြီးရင် ကိုယ်တော့ စိုက်ခင်းတွေဖက်သွားမယ်၊ ညိုပြာညက်လည်း အခန်းထဲမှာပဲ နားနားနေနေ,နေပေါ့"

ညိုပြာညက်က ခေါင်းညိတ်ပြပြီး အခန်းထဲကို ပြန်ဝင်လာကာ ဆရာဝန်ပေးတဲ့ ဆေးကိုသောက်ပြီး ကုတင်ပေါ်မှာ ပြန်မှိန်းနေပါတယ်။ ဧည့်ခန်းထဲမှာတော့ ဦးညီညီမိုးနဲ့ လင်းသော်က ဘာတွေပြောနေကြသလဲ မသိပါ။

❑

ဟိုးအဝေးက တောင်တန်းတွေက နှင်းငွေ့တွေကြားမှာ လွှမ်းမောဖွယ်ရာအသွင်ကို ဆောင်နေပါတယ်။ တောင်ယာတွေ မီးရှို့ထားလို့ မီးခိုးငွေ့တွေက လွင့်ပျံ့နေသလို လေကလည်း တိုက်သဖြင့် အေးသို့



www.burmeseclassic.com

www.burmeseclassic.com



နေပါတယ်။ ဟိုဘက်ဒီဘက်မှာ စပျစ်စိုက်ခင်းတွေချည်း ဖြစ်နေပါတယ်။

ညိုပြာညက် နေပြန်ကောင်းပြီး နောက်နှစ်ရက်အတွင်းမှာ ဦးညီညီမိုးနဲ့အတူ သူ့ရဲ့စိုက်ခင်းတွေကို လိုက်လေ့လာပြီး အသေအချာ အသေးစိတ် Laptop နဲ့ မှတ်တမ်းတင်ပါတယ်။ ညဖက်ဈေးကွက်အတွက် ဖြစ်နိုင်ချေဘယ်လိုရှိမယ် တွက်ချက်ပြီး ကုမ္ပဏီပိုင်ရှင်ထံ ဖုန်းဆက်အသိပေးရပါတယ်။ ကုမ္ပဏီပိုင်ရှင်က သူလည်း ကိုက်မကိုက် တွက်ချက်ကြည့်မယ်လို့ အကြောင်းပြန်ပါတယ်။ ပြင်ဦးလွင်ကို ရောက်တုန်းရောက်ခိုက် အလည်အပတ် ကြည့်ချင်တဲ့နေရာကြည့်ပြီးမှ ပြန်လာလို့ ပြောပါတယ်။

ညိုပြာညက်နေမကောင်းတဲ့ ရက်တွေမှာ လင်းသော်က လိုလေသေးမရှိ ပြုစုပါတယ်။ ဘာရယ်ကြောင့်တော့ မသိ။ ညိုပြာညက်အဖို့ ဒါမျိုးအပြုအစု မခံဖူးလို့လားမသိ၊ ကျေနပ်နေသလောက် ဦးညီညီမိုး ဇီဇာကြောင်တာတွေ ကြုံရတော့ စိတ်ပျက်ချင်သလို ဖြစ်မိပါတယ်။

အခုတော့ ဇီဇာကြောင်တဲ့ ဦးညီညီမိုးစကားသံတွေနဲ့ ကင်းဝေးရာ စပျစ်ခြံစိုက်ခင်းတွေထဲ ရောက်နေတာ အေးချမ်းလိုက်တာဆိုတာလေ မပြောပါနဲ့တော့။

"လင်းသော်က ဒီဇာတိပဲလား"

စပျစ်ခြံစိုက်ခင်းတွေကြားထဲက ခြေတံရှည်အိမ်ကလေးအောက်ထပ်ရှိ ကွပ်ပျစ်ပေါ်မှာ ထိုင်နေတဲ့ ညိုပြာညက်က လင်းသော်ကို မေးတော့ . . .

"ကျွန်တော်က ဒီပြင်ဦးလွင်သားစစ်စစ်၊ ဒီနောင်လှိုင်ရွာသားပေါ့ဗျာ၊ အဝေးသင်နဲ့ ဘွဲ့ရတဲ့နှစ်မှာ ဦးညီညီမိုးတို့က ဒီကစိုက်ခင်းတွေမှာ အုပ်ချုပ်တဲ့သူ လိုတယ်ပြောလို့ ကျွန်တော့်အဖေက ဦးညီညီမိုးတို့ဆီမှာ လုပ်တာဆိုတော့ ကျွန်တော့်ကို အုပ်ချုပ်ဖို့ အလုပ်ခန့်တယ်၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း သူများအလုပ်ဆိုပေမယ့် ကိုယ့်အလုပ်လို တန်ဘိုးထားတော့ လူယုံဖြစ်လာတာပေါ့ဗျာ"

"ဒီလောက် ဦးညီညီမိုးတို့က စိုက်ခင်းတွေအများကြီး၊ လုပ်ငန်းတွေအများကြီးရှိတာ ရှင်က လူယုံမန်နေဂျာဆိုတော့ ရှင်လည်း ချမ်းသာနေပြီပေါ့"

ညိုပြာညက်စကားကြောင့် လင်းသော်က ရယ်လို့နေပါတယ်။

"ချမ်းသာတာပေါ့ဗျာ၊ ကဲ . . . ညိုပြာညက် မတ်တပ်ခဏရပ်လိုက်"

"ဘာလုပ်မလို့လဲ"

"မတ်တပ်ရပ်မှာသာ ရပ်လိုက်ပါ"

ညိုပြာညက်က ကွပ်ပျစ်ပေါ်မှဆင်းပြီး မတ်တပ်ရပ်လိုက်ပါတယ်။

"ဟောဟိုရှေ့ဘက်မှာ ကြည့်၊ ဘာတွေ့လဲ"

"စိုက်ခင်းတွေလေ"

"အနောက်၊ မြောက်၊ တောင်ကို ကြည့်ပါဦး၊ ဘာတွေတွေ့လဲ"

"ရှင်ဘာလုပ်မလို့လဲ၊ စိုက်ခင်းတွေချည်းပဲလေ"

"ဟုတ်တယ် . . . အဲဒါတွေက ကျွန်တော်ချမ်းသာတဲ့ ဟာတွေပဲ၊ ကျွန်တော်ပိုင်တာတော့ မဟုတ်ဘူးနော်၊ အဲဒီစိုက်ခင်းက သီးနှံတွေ ဘယ်လိုအထွက်တိုးစေဖို့ ကျွန်တော်စာအုပ်တွေ ဖတ်ရတယ်၊ လယ်ယာစိုက်ပျိုးရေးပညာရှင်တွေကို မေးရတယ်၊ ကျွန်တော်ဉာဏ်စွမ်းရှိသလောက် စဉ်းစားပြီး အလုပ်သမားတွေကို ညွှန်ကြားရတယ်၊ အသီးအနှံတွေ အောင်မြင်တော့ ကျွန်တော့်စိတ်တွေက ချမ်းသာလို့နေတာပေါ့၊ ကျွန်တော့်လောက် ချမ်းသာတာ ရှိဦးမှာလား၊ ဒီမြေဒီဒေသမှာပဲ ကျွန်တော်စိတ်ချမ်းချမ်းသာသာနဲ့ တစ်သက်လုံးနေမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ရှင့်ကိုချစ်ပြီး ယူမယ့်အမျိုးသမီးက မနေနိုင်ဖူးဆိုရင်ကော"

ညိုပြာညက်က မေးလိုက်တော့ လင်းသော်က ညိုပြာညက်ကို ကြည့်လိုက်ပြီး . . .

"ကျွန်တော့်ကို တကယ်ချစ်တာမှန်ရင် သေချာပါတယ်၊ သူဟာ ကျွန်တော့်ရဲ့ဒီဒေသမှာ နေကိုနေရမယ်၊ ဘာဖြစ်လို့လည်းဆို သူက ချစ်တာကိုး၊ မဟုတ်ဘူးလား"

"အို! . . . ဘယ်သိပါ့မလဲ"

လင်းသော်စကားကြောင့် ညိုပြာညက် နည်းနည်းတော့ ရှက်သွားပါတယ်။

ညရောက်တော့ ရန်ကုန်က သူငယ်ချင်းမနှစ်ဦးကို ဖုန်းဆက်တော့ ဟိုနှစ်ယောက်က ခုတ်ရာတစ်လွဲ၊ ရှရာတစ်ခြားတော့ ဖြစ်တော့မယ်ဆိုပြီး ဖုန်းထဲမှာပြောရင်း ရယ်နေလေရဲ့။

❑

"နက်ဖြန် ရန်ကုန်ပြန်မယ်"

နေ့လည်စာ ထမင်းစားပြီးတဲ့အချိန်မှာ ဦးညီညီမိုးက ပြောပါတယ်။ လင်းသော်က အပြင်သွားနေလို့ မရှိပါ။

"ဦးညီကလည်း နက်ဖြန်ပွဲကောက်ရေတံခွန်ကို သွားမလို့ဟာ"

"ဘာ . . . ရေတံခွန်မှ မသွားနဲ့၊ ဒီမှာရောက်နေတာ ဆယ်ရက်လောက် ရှိတော့မယ်၊ ဟိုမှာ အလုပ်တွေ ရှိသေးတယ်"

"ဒါဆိုရင်တော့ လင်းသော်ကို အားနာဖို့ ကောင်းနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . အဲဒီလို အားနာဖို့ ကောင်းလို့ကို ပြန်မှာ၊ လင်းသော်နဲ့ ညိုပြာညက်နဲ့က အဲဒီလောက် အနေနီးနေတာ လူပြောစရာ ဖြစ်နေပြီ"

ဦးညီညီမိုးစကားကြောင့် ညိုပြာညက် ဒေါသထွက်သွားပါတယ်။

"ဒီမှာ ဦးညီ . . . ပြောချင်တဲ့သူပြော၊ လင်းသော်လည်း လူပျို၊ ကျွန်မလည်း အပျို၊ ဘာဖြစ်လဲ ချစ်သူဖြစ်တော့ကော ဘယ်သူ့ဂရုစိုက် ရမှာလဲ"

ညိုပြာညက်က အခန်းထဲဝင်ပြီး နက်ဖြန်ရန်ကုန်ပြန်ဖို့ ပစ္စည်းတွေကို သိမ်းနေပါတော့တယ်။ စိတ်ထဲကနေ သူတစ်ပါးကို မနာလိုဖြစ်တဲ့ ဦးညီညီမိုးကို မေတ္တာပို့နေမိပါတော့တယ်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

မထင်မှတ်ဘဲ

ကြည်နူးစရာကောက်ရလို့

ပျော်မယ်ရှိတုန်း

မထင်မှတ်ဘဲ

ကြည်နူးစရာများ

အပူရှိန်ကြောင့်

အရည်ပျော်ကျရတာ

လွှမ်းလိုက်တာကွယ်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

ဂစ်တာသံနှင့် သီချင်းဆိုသံက စတူဒီယိုထဲမှာ ပျံ့လွင့်နေတယ်။ ဇော်ဇော်က ဂစ်တာကို မှန်မှန်တီးခတ်နေသလို ဝါရွှေစင်ကလည်း Mood အပြည့်နဲ့ သီဆိုလို့နေပါတယ်။ အဲဒီအချိန်မှာပဲ ဇော်ဇော်က ဂစ်တာတီးတာ ရပ်လိုက်တယ်။

"ဝါရွှေစင် . . . စာစာက သီချင်းအပိုဒ်ကို ပြန်ဆိုရအောင်၊ သီချင်းစာသားအဆုံးမှာ အသံက တက်ရမှာ ဝါရွှေစင်ရဲ့အသံက တန်းနေတယ်၊ လျော့သွားတယ်၊ သီချင်းဆိုရင် အဲဒါတွေကို သတိထားရမယ်"

"ဟုတ်လား . . . ဒီလိုလုပ်၊ သီချင်းအစကနေ ပြန်တီးပြန်ဆိုတာပေါ့"

ဝါရွှေစင် မငြင်းပါ။ ဂစ်တာတီးနေတဲ့ ဇော်ဇော့်ကို ဒေါသမထွက်တော့ပါ။ ဘာဖြစ်လို့လည်းဆို ဇော်ဇော်က သူ့ကို စေတနာနဲ့ ဒီစတူဒီယိုမှာ သီချင်းလာလေ့ကျင့်တဲ့နေ့ကစလို့ သီချင်းဘယ်လိုဆိုရမယ်၊ အဝင်



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဘယ်လိုရှိတယ်ဆိုတာကို အခြေခံကစလို့ သင်ကြားပေးပါတယ်။ ဝါရွှေစင်သီချင်းဆိုတာ ခဏခဏမှားတာ စိတ်မဆိုးဘဲ အကြိမ်ကြိမ် ဝစ်တာကို ပြန်လည်တီးခတ်ပေးပါတယ်။

"ဘယ်လိုလဲ ဇော်ဇော်၊ အခြေအနေ တိုးတက်လာပြီလား"

စတူဒီယိုခန်းထဲသို့ မျက်နှာမှာ မိတ်ကပ်ပါးပါးလူးထားပြီး ရေမွှေးတွေ အနံ့တထောင်းထောင်းဝေအောင် ဆွတ်ထားသော ပိုက်ဆံအိတ် ချိုင်းကြားညှပ်ထားတဲ့ ဦးဘုန်းတင့်ရောက်လာပါတယ်။ အဲဒီအချိန်က ဝါရွှေစင်တို့ သီချင်းလေ့ကျင့်ပြီးတဲ့ အချိန်ဖြစ်နေလို့ပါ။

"အခုမှ အစပဲရှိသေး အန်ကယ်ရဲ့၊ သီချင်းဆိုတာကတော့ နည်းနည်းလေး အဆင်ပြေလာပါပြီ၊ ဒါပေမယ့် အသံဆွဲငင်တာတွေက လိုပါသေးတယ်"

"အေးကွာ . . . ကြားရတာ အားရစရာကြီးပဲ . . . ဟား . . . ဟား . . ."

ဦးဘုန်းတင့်က ရယ်နေတုန်းမှာပဲ ဝါရွှေစင်က . . .

"ဇော်ဇော်က တော်တော်စိတ်ရှည်တယ်၊ သီချင်းဆိုလို့ မှားရင်လည်း အထပ်ထပ် ပြန်တီးခတ်ပေးတယ်၊ ကျွန်မ မသိတာတွေကိုလည်း ရှင်းပြတယ်၊ ဇော်ဇော်နဲ့တွေ့မှပဲ ဂီတဆိုတာ ဘာလဲ၊ အဆိုတော်တစ်ယောက်ဆိုတာ ဘာလဲဆိုတာ နက်နက်နဲနဲ သိလာရတာ"

"မဟုတ်ပါဘူး . . . ဝါရွှေစင်ကတော့ ကျွန်တော့်ကို မြှောက်ပြောနေပြန်ပြီ၊ ကျွန်တော့်အလုပ်က မသိတာကိုသိအောင် လုပ်ပေးရမယ့် တာဝန်ရှိတယ်လေ၊ ဒါကြောင့်ပါ"

ဇော်ဇော်က သူ့ကို ဝါရွှေစင်က ချီးမွမ်းတာကို အားကြောက်အကန် ငြင်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ . . . အခုလာတာ ဝါရွှေစင်ကို ဦးက တစ်ခုခုလိုက်ကျွေးမလို့"

"အတော်ပဲ ဦးရေ၊ ဒီကလည်း ဗိုက်ဆာနေပြီ"

"ဇော်ဇော်ရေ . . . အန်ကယ်တို့ သွားမယ်"

"သွားပါ အန်ကယ်၊ ဝါရွှေစင် . . . နက်ဖြန်လည်း ဒီနေ့လာတဲ့ အချိန်ပဲ လာခဲ့"

ဝါရွှေစင်က ခေါင်းညိတ်ပြပြီး ဦးဘုန်းတင့်နဲ့အတူ စတူဒီယို အခန်းထဲကနေ ထွက်လာတာကို ဇော်ဇော်က တံခါးဝကနေ ရပ်ကြည့်နေတယ်ဆိုတာ ဝါရွှေစင်သတိထားမိတာပေါ့။

❑

စားပွဲပေါ်မှာ ဟင်းခွက်တွေက စောစောကမှ လာချလို့လားမသိ။ အငွေ့တထောင်းထောင်းထနေပါတယ်။ ဦးဘုန်းတင့်က ဝါရွှေစင်စားချင်တာမှန်သမျှ စိတ်ကြိုက်မှာခိုင်းပါတယ်။ ဝါရွှေစင်လည်း ဟင်းခြောက်မျိုးမှာပါတယ်။

ဗိုက်က ဆာနေပြီမို့ ဝါရွှေစင်လည်း မအောင့်နိုင်တော့ဘဲ ဟင်းတွေလာချပေးပေးချင်း စားပါတော့တယ်။ ဦးဘုန်းတင့်ကလည်း သူလည်းဆာတယ်ထင်ပါရဲ့။ ထမင်းတစ်ပန်းကန်က ခဏလေးပဲ။

"ဦးဘဝမှာ ဒီလိုအရသာရှိတဲ့ ထမင်းဟင်းမျိုး မစားရတာကြာပြီ"

ထမင်းစားပြီးတဲ့အခါ အအေးသောက်နေရင်းက ဦးဘုန်းတင့်က မှတ်ချက်စကားဆိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ဦးရဲ့"

"ဘာဖြစ်ရမှာလဲ၊ ဦးရဲ့ဇနီး ကွယ်လွန်သွားပြီးကတည်းက အိမ်ထမင်း၊ အိမ်ဟင်း ကောင်းကောင်းမှ မစားရတာ၊ မုဆိုးဖိုဘဝနဲ့ တွေ့ရာကြုံရာ စားနေရတာ၊ အိမ်ထမင်း၊ အိမ်ဟင်း ကောင်းကောင်းချက်တတ်မယ့် အိမ်ရှင်မတစ်ယောက်လောက်တော့ ရှာရဦးမယ် ထင်ပါရဲ့"

ဝါရွှေစင် အထာကောင်းကောင်းသိတာပေ့ါ။ ဦးဘုန်းတင့်တစ်ယောက် သူ့ဘဝဇာတ်ကြောင်း ပြောသလိုလိုနဲ့ သူ့ကို ကျူးသွင်းနေပြီဆိုတာ။

"ဒါဖြင့်လည်း ရှာပေ့ါ ဦးရယ်၊ ဦးအသက်က သိပ်ကြီးသေးတာမှ မဟုတ်တာ"

"ရှာချင်ပါတယ် . . . ဒါပေမယ့် ရှက်လို့"

ဦးဘုန်းတင့်က သူ့ပိုက်ဆံအိတ်ကြီးကို ဖွင့်လိုက်ပြီး မှန်ဝိုင်းလေးတစ်ချပ်ထုတ်လိုက်တယ်။ ဝါရွှေစင် အံ့ဩပါရဲ့။ ယောက်ျားဖြစ်ပြီး မိန်းကလေးတွေလို မှန်ဆောင်ရတယ်လို့။ ဒါမျိုး မကြုံဖူးပါ။

ဦးဘုန်းတင့်က လက်ထဲမှာ ကိုင်ထားတဲ့ မှန်ဝိုင်းလေးကိုင်ပြီး သူ့မျက်နှာကို ဟိုကြည့်ဒီကြည့် ကြည့်ရင်းနဲ့ မျက်နှာက ပျက်ချင်သလို စောစောက အမူအရာမျိုး မဟုတ်သလို ဖြစ်သွားပါတယ်။ လက်ကိုင်ပုဝါနဲ့ မျက်နှာကို သုတ်လိုက်တဲ့အခါ မျက်နှာပေါ်မှာ အစက်အပြောက်လေးတွေနဲ့ အရေပြားနည်းနည်းတွန့်နေတာ တွေ့လိုက်ရပါတယ်။

ချက်ချင်းဆိုသလိုပဲ ဟမ်းဖုန်းခလုတ်ကိုဖွင့်ပြီး . . .

"မာမီခိုင် MAI THAI ဆိုင်ကို အမြန်လာခဲ့၊ မိတ်ကပ်ဗူးယူလာခဲ့ပါ ယူခဲ့"

ဟမ်းဖုန်းကို ပြန်ပိတ်ပြီး မှန်ဝိုင်းလေးနဲ့ သူ့မျက်နှာကို သူပြန်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေပြန်ပါတယ်။ ဝါရွှေစင်ခမျာ ဦးဘုန်းတင့်ကိုကြည့်ပြီး ရယ်ကလည်း ရယ်ချင်၊ ဘာကိုနားလည်ရမှန်းကိုမသိ ဖြစ်နေမိပါတယ်။

မကြာပါ။ အငှားကားနဲ့ မာမီခိုင်မိတ်ကပ်သေတ္တာကိုင်ပြီး ရောက်လာပါတယ်။

"ဦးဘုန်းတင့် အရေးတကြီး ဘယ်လိုဖြစ်ရတာလဲ"

"မနက်က မှန်သေသေချာချာ မကြည့်မိဘူး၊ အခုကြည့်တော့ မျက်နှာမှာ အစက်အပြောက်တွေနဲ့ အရေပြားက တွန့်နေတာတွေ့လို့၊ ဒီနေ့အလုပ်ကိစ္စတစ်ခုကလည်း ရှိသေးတယ်"

"အို . . . ဒါက မျက်နှာပေါင်းတင်လိုက်ရင် ရပါတယ်၊ မပူနဲ့ . . . အခု မိတ်ကပ်ပါးပါးလေး ပွတ်ပေးလိုက်မယ်"

မာမီခိုင်က ဦးဘုန်းတင့်မျက်နှာကို သေသေချာချာကြည့်ပြီး နောက် မိတ်ကပ်သေတ္တာထဲက မိတ်ကပ်ကိုထုတ်ပြီး ဦးဘုန်းတင့်ကို စားသောက်ဆိုင်ထဲမှာ မိတ်ကပ်လူးနေတာ ဝါရွှေစင်ဖြင့် ရှက်လို့ မျက်နှာ ဘယ်လိုထားရမှန်းမသိ ဖြစ်လို့နေပါတယ်။

❏ ❏ ❏

www.burmeseclassic.com

www.burmeseclassic.com

သဘောမတွေ့ပါဘူး

ကိုယ်မှမနှစ်မြို့တာ၊

ကျေနပ်လိုက်တာ

ပီတိတွေဖြစ်လို့မဆုံး

ကိုယ်က သဘောတွေ့တာကို။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ဒီနေ့တော့ ဝါရွှေစင်၊ ညိုပြာညက်နဲ့ မေတန်ခူးတို့ ကိုရီးယား ဇာတ်လမ်းတွဲတောင် မကြည့်အားပါ။ စားပွဲခုံပေါ်မှာ လက်ဖက်သုတ် ပန်းကန်ကိုချပြီး စားရင်းက စကားကောင်းလို့ နေပါတယ်။

"တို့သုံးဦး ချမ်းချမ်းသာသာနဲ့ နေချင်လို့ မှတ်ထားတဲ့ ရည် ရွယ်ချက်တွေကို ပြန်ရတော့မယ်ထင်တယ်"

"မေတန်ခူး . . . နင်က ဘာကိုဆိုလိုချင်တာလဲ"

ညိုပြာညက်က မေတန်ခူး ဘာကိုဆိုလိုချင်မှန်း မသိသဖြင့် မေး လိုက်တော့ . . .

"တို့သုံးဦး အိုဗာငါးဆယ်ကျော်တွေနဲ့ ကြုံတွေ့ပတ်သက်ရတာ စိတ်ချမ်းသာရဲ့လား၊ တို့မျှော်လင့်ထားသလိုကော ဖြစ်လာမယ်ထင်သလား"

"မေတန်ခူးပြောတာ ဟုတ်တယ်၊ ငါဖြင့် မုဆိုးဖိုဦးတုန်းတင့်ကို ဟိုတစ်နေ့က အဖြစ်အပျက်ကို မြင်လိုက်ကတည်းက ဝေ့သော်စိတ်ပျက်



www.burmeseclassic.com

www.burmeseclassic.com



သွားတာ၊ ရှက်လည်း ရှက်လိုက်တာဆိုတာ၊ ယောက်ျားကြီးတန်မယ့် အလှ အပ၊ အသန့်အပြန့် ကြိုက်တာကလည်း လွန်လွန်းတယ်၊ သူ့မရှက်ပေမယ့် ငါရှက်တယ်ဟာ၊ ငါ့မှာ အဆိုတော်ဖြစ်ချင်လို့သာ မနည်းအောင့်အီးနေရ တာ"

ဝါရွှေစင်ကလည်း . . .

"ညိုပြာညက်ရယ် . . . နင်ပြောသလိုပါပဲ၊ ဦးညီညီမိုးလည်း ဘာ ထူးလို့လဲ၊ ငါ့မှာ သူနဲ့အလုပ်ကိစ္စကြောင့် နယ်သွားရင်း မျှော်လင့်ထား သလိုများ ဖြစ်မလားမှတ်တယ်၊ တစ်လမ်းလုံးကော ဟိုမှာနေစဉ်ကော ဘာမှမဟုတ်တဲ့ ကိစ္စသေးသေးမွှားမွှားတွေကို ပုံကြီးချဲ့တာ၊ ဒါကြောင့် သူ့မိန်းမနဲ့ ကွဲတာ"

"ဦးကျော်ထွန်းခေါင်လည်း ဘာထူးလဲ၊ ဒဿနဆန်ဆန်စကား တွေ ဘောင်ဝင်မှန်းမသိ၊ မဝင်မှန်းမသိ ပြောချင်တာပြော၊ ဒီကြားထဲ ဟိုခင်ဘုန်းပွင့်ဆိုတဲ့ ဝတ္ထုတိုက တစ်မျိုး၊ ဒီလိုလူတွေ ဘယ်လိုဖြစ်လို့ ချမ်းသာနေလဲ မသိဘူး"

"ဟဲ့ . . . မေတန်ခူး၊ ဒါဆို စနေသားကျတော့ကော"

မေတန်ခူးက ပြုံးလိုက်ရင်း . . .

"ဒါကတော့ ဝါရွှေစင်ရယ်၊ သူနဲ့ငါနဲ့က သက်တူရွယ်တူလေ၊ ပြီးတော့ သူက သဘောကောင်းတယ်၊ ငါဘာကြိုက်သလဲ သူက အကုန် သိတယ်၊ ဘယ်လိုကြောင့်လဲ မသိဘူး၊ ငါက သူ့ကို တော်တော်ခင်သွား တာ၊ ညိုပြာညက် . . . နင်က ငါ့ကျတော့ ပြောတယ်၊ နင်ခဏခဏပြော တဲ့ ပြင်ဦးလွင်က လင်းသော်ကျတော့ကော"

"သူက အရမ်းကူညီတတ်တာဟ၊ ဒါ့အပြင် အရမ်းအနွံ့အတာ ခံတယ်၊ ပြီးတော့ ရည်မှန်းချက်က ကြီးသလို အမြဲတမ်းဘုံးတက်ဖို့ ကြိုး



www.burmeseclassic.com

www.burmeseclassic.com



စားနေတာ၊ ပြင်ဦးလွင်မှာ သူနဲ့တွေ့ခဲ့ရတဲ့ ကာလတစ်လျှောက်မှာ တော်တော်အေးချမ်းတာ"

ညိုပြာညက်က သူ့စကားသူပြောပြီး ကျေနပ်နေပါတယ်။

"ငါ့ကို သီချင်းအဆိုသင်ပေးတဲ့ ဇော်ဇော်လည်း အနှံ့အတာခံပါတယ်ဟာ၊ ပထမတော့ ငါ့ကို ဆရာကြီးလုပ်တယ်ထင်နေတာ၊ နောက်တော့မှ သူပြောတာတွေက အမှန်တွေချည်း ဖြစ်နေတယ်၊ ငါအဆိုတော်ဖြစ်ဖို့ သိသင့်သိထိုက်တာတွေ ငါသိခဲ့ရတယ်၊ ဘာလုပ်ရင် ဘာဖြစ်မယ်က အစပေါ့ဟာ၊ သူက ငါ့ဆရာပါပဲ"

ဝါရွှေစင်စကားအဆုံး မေတန်ခူးက . . .

"တို့တွေ လက်ဖက်သုတ်ထားတာတောင် မစားနိုင်ဘဲ အဲဒီသုံးယောက်အကြောင်းကိုပြောရင်း ကြည်နူးပီတိဖြစ်နေကြတာ ဘာကြောင့်လဲ မသိဖူးနော်"

မေတန်ခူးရဲ့မေးခွန်းကို ဝါရွှေစင်နှင့် ညိုပြာညက်တို့က လုံးဝမဖြေဆိုဘဲ နေကြပါတယ်။

သေချာတာကတော့ သူတို့သုံးဦးရင်ထဲမှာ ဘာရယ်ခုခုကိုတော့ ခံစားနေရလို့ပဲ ဖြစ်မှာပါ။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတာ

သနားရင်ကော

ချစ်တတ်ပါလား

မေးစမ်းပါရစေရှင်ရယ်!!!

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၅)

မေတန်ခူးအဖို့ ဦးကျော်ထွဋ်ခေါင်ရဲ့ ကုမ္ပဏီဝန်ထမ်းကောင်မလေးတွေကို မော်ဒယ်သင်တန်းပေးရတာ ကျေနပ်ဖို့ ကောင်းတယ်လို့။ ကုမ္ပဏီဝန်ထမ်းကောင်မလေးတွေက ကြိုးကြိုးစားစားသင်ယူသဖြင့် သင်ရသူ မေတန်ခူးအဖို့ သင်ရကျိုးနပ်တယ်လို့ ယူဆမိလို့ နေပါတယ်။

ဒီနေ့လည်း မနေ့ကထက်ကို သင်တန်းသားတွေက ပိုမိုထူးချွန်စွာ လေ့ကျင့်တော့ တကယ့်ပွဲနေ့ရောက်ရင်တော့ သင်ကြားပြသတဲ့ မေတန်ခူးအဖို့ နာမည်ကောင်းရပြီလို့ သင်တန်းပြီးသွားလို့ စနေသားက ကားမောင်းလိုက်ပို့တဲ့အချိန်မှာ ကားနောက်ခန်းမှာ ထိုင်လိုက်ပါရင်း ပီတိဖြစ်လို့နေပါတယ်။ စနေသားမောင်းလာတဲ့ကားက လမ်းချိုးကွေ့တစ်ခုကို ကွေ့လိုက်တဲ့အခါ ကားတစ်စီးက လမ်းကွေ့မှာ ပိတ်ရပ်ထားလို့ စနေသားကားက ရှေ့ဆက်သွားလို့မရ ဖြစ်နေပါတယ်။

"ဒုက္ခပါပဲ . . . ရှေ့က ကားက ကန့်လန့်ကြီးရပ်ထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြသနာပါပဲ"

စနေသားက ကား'ပွန်း'တီးပြီး ဖယ်ခိုင်းတာ ရပ်ထားတဲ့ကားက မဖယ်ပေးတဲ့အတွက် စနေသားက ကားတံခါးဖွင့်ပြီး ဆင်းလိုက်ပါတယ်။ မေတန်ခူးလည်း နည်းနည်းတော့ ဒေါသထွက်သွားတယ်။ ဘယ်လိုလူတွေလဲပေါ့။ လမ်းကွေ့ကားပိတ်ရပ်ပြီး ဒီလောက်'ပွန်း'တီးတာ မဖယ်တာ ဘာသဘောလဲဆိုပြီး သူမလည်း ကားပေါ်က ဆင်းလိုက်ပါတယ်။

လမ်းကွေ့ကို ပိတ်ရပ်ထားတဲ့ ကားနားရောက်တော့ အဲဒီကားပေါ်ကနေ ခင်ဘုန်းပွင့်နဲ့ လူမိုက်အရက်သမားပုံစံမျိုးရှိနေတဲ့ လူသုံးယောက် ဆင်းလာလို့ စနေသားကော မေတန်ခူးပါ ဘယ်လိုနားလည်ရမှန်းမသိ ဖြစ်သွားပါတယ်။

"မခင်ဘုန်းပွင့် ဘာသဘောနဲ့ ကားကို ပိတ်ရပ်ထားတာလဲ"

စနေသားက မေးတဲ့အခါ ခင်ဘုန်းပွင့်က . . .

"စနေသား . . . ဒါနင့်ကိစ္စမဟုတ်ဘူး၊ ဝင်မပါနဲ့ ဝင်ပါရင် ဒီမှာတွေ့လား ဒါငါ့ရဲ့လက်သပ်မွေးထားတဲ့ လူတွေ"

ခင်ဘုန်းပွင့်က အရက်သမားပုံစံပေါက်နေတဲ့ လူသုံးယောက်ကို လက်ညှိုးထိုးပြလိုက်တယ်။ အဲဒီသုံးယောက်က ရုပ်ရှင်တွေ၊ ဗွီဒီယိုတွေထဲက လူကြမ်းသရုပ်ဆောင်ပုံစံမျိုးတွေနဲ့ စနေသားကို မိုက်ကြည့်ကြည့်လို့နေပါတယ်။ ခင်ဘုန်းပွင့်က မေတန်ခူးနားရောက်လာပါတယ်။

"ဒီမှာ မေတန်ခူး၊ ဒီနေ့အပြတ်ပဲ ပြောမယ်၊ ဦးကျော်ထွန်းခေါင်နဲ့ ပတ်သက်သမျှတွေ အခုချိန်ကစပြီး ရပ်တန်းက ရပ်လိုက်တော့"

"ဘာဖြစ်လို့ ကျွန်မက ရပ်ရမှာလဲ၊ ကျွန်မအလုပ် ကျွန်မလုပ်နေတာ ရှင်နဲ့ဘာဆိုင်လဲ၊ ရှင်ပြောချင်ရင် ဦးကျော်ထွန်းခေါင်ကို သွားပြော၊ သူက ဆက်မသင်နဲ့ဆို ကျွန်မမသင်ဘူး၊ မခင်ဘုန်းပွင့် ကျွန်မကို

www.burmeseclassic.com



အမိန့်ပေးစရာ မလိုဘူး"

ခင်ဘုန်းပွင့်ဆိုတဲ့မိန်းမ ဘာသဘောနဲ့ ဒါမျိုးတွေ လုပ်နေသလဲ လို့ ဒေါသထွက်နေတဲ့ မေတန်ခူးမစဉ်းစားတတ်အောင်ပါပဲ။

"ခေါင်းမမာနဲ့နော် မေတန်ခူး၊ ဟောဟိုက ငါ့လူသုံးယောက်က ညှာမှာ မဟုတ်ဘူး"

ခင်ဘုန်းပွင့်စကားကြောင့် စနေသားဒေါသထွက်သွားပါတယ်။

"မခင်ဘုန်းပွင့် . . . ခင်ဗျားက ဘာသဘောနဲ့ မေတန်ခူးကို ခြိမ်းခြောက်နေရတာလဲ၊ ခင်ဗျားရဲ့လူတွေက ဘာတွေမို့လို့လဲ"

"ဘာကွ . . . မင်းလိုကောင်က ငါတို့ကို စိန်ခေါ်သလား . . . ကဲကွာ"

"ခွပ် . . ."

"ဝုန်း . . ."

"ခွပ် . . ."

"ဝုန်း . . ."

ခင်ဘုန်းပွင့်ရဲ့ လူသုံးယောက်ထဲက တစ်ယောက်က စနေသားကို ပြောရင်းဆိုရင်းက ပြေးထိုးပါတယ်။ စနေသားက ရှောင်ပြီး အဲဒီလူရဲ့ရင်ဝကို ခြေထောက်နဲ့ ဆောင့်ကန်တာ အဲဒီလူလဲကျသွားပါတယ်။ နောက်လူတစ်ယောက် ပြေးဝင်လာကာ နားသယ်ကို လက်ဝါးစောင်းနဲ့ ဖြတ်ရိုက်လိုက်ပါတယ်။ ကျန်တစ်ယောက်က အနီးအနားက တုတ်တစ်ချောင်းကိုကောက်ပြီး စနေသားကို ပြေးရိုက်ပါတယ်။

"ဖြောင်း . . ."

"ဗိုး . . ."

"အား . . ."



www.burmeseclassic.com

www.burmeseclassic.com



စနေသားက ရှောင်ပြီး ခြေထောက်နဲ့ လှမ်းကန်တာ အဲဒီလူ့ရဲ့ ရင်ဝကို ထိပေမယ့် အဲဒီလူက တုတ်နဲ့ထပ်ဖြတ်ရိုက်တာ စနေသားက လက်နဲ့ကာလို့ လက်ကိုထိသွားပါတယ်။

"လာကြပါဦး . . . လာကြပါဦး"

မေတန်ခူးက အလန့်တကြားနဲ့ လှမ်းအော်တဲ့အခါ စောစောက လူသုံးယောက်က ထွက်ပြေးပါတော့တယ်။

လုပ်ထားဦး မေတန်ခူး၊ နင်နဲ့ငါနဲ့ ပွဲမပြီးသေးဘူး"

ခင်ဘုန်းပွင့်က မေတန်ခူးကို ကြိမ်းမောင်းရင်း ကားအမြန် မောင်းထွက်သွားပါတယ်။

"စနေသား . . . စနေသား . . . တော်တော်နာသွားလား"

လက်ထိသွားလို့ နာသဖြင့် လက်ကိုဖိထားတဲ့ စနေသားကို မေ တန်ခူးက မေးလိုက်ပါတယ်။

"နည်းနည်းတော့ နာတယ်၊ တော်သေးတယ် . . . တုတ်နဲ့ရိုက် တာ အရှိန်ပျော့လို့၊ အရှိန်ပြင်းရင် လက်ကျိုးတယ်"

"ကားမောင်းလို့ကော ရလား၊ ဒီနားက ဆေးခန်းတစ်ခုမှာ ပြရ အောင်၊ တော်ကြာ အရိုးတွေဘာတွေ အက်သွားရင် ဘယ်လိုလုပ်မလဲ"

"ရပါတယ် . . . မလိုပါဘူး"

"မလိုလို့ မရဘူး၊ မေတန်ခူးကြောင့် ဖြစ်ရတာ၊ မရဘူး . . . ဆေးခန်းပြရမှာပဲ၊ ပြီးတော့ ဒီကိစ္စကို ဦးကျော်ထွဋ်ခေါင်ကို ဖုန်းဆက် ပြောရမယ်၊ ဒီမိန်းမ သက်သက်စော်ကားတာ"

"အေးဗျာ . . . ဒီမိန်းမဘာသဘောနဲ့ ဒါတွေလျှောက်လုပ်နေ မှန်း မသိဘူး"

"ပြောမနေပါနဲ့တော့၊ လာ . . . ဆေးခန်းမြန်မြန်သွားရအောင်၊

www.burmeseclassic.com



ကားကို ဖြေးဖြေးပဲ မောင်းနော်"

ကားနောက်ခန်းက စီးလာတဲ့ မေတန်ခူးက ကားပေါ်ကနေ ဆေးခန်းဘယ်နားမှာရှိသလဲ ဟိုကြည့်ဒီကြည့် ကြည့်ရင်းက နောက်ဆုံးတစ်နေ့လုံးဖွင့်တဲ့ အထူးကုဆေးခန်းတစ်ခန်းကိုတွေ့လို့ ကားရပ်ခိုင်းပြီး အဲဒီဆေးခန်းမှာ ဝင်ပြပါတယ်။

မေတန်ခူး အခုမှပဲ သက်ပြင်းချနိုင်ပါတော့တယ်။ ဆရာဝန်က သိပ်အရေးမကြီးကြောင်း နည်းနည်းလေဝင်သွားတာဖြစ်တယ်လို့ ရှင်းပြပါတယ်။

လက်ကို ပတ်တီးစည်းထားပေမယ့် စနေသားက မေတန်ခူးကို သူမနေတဲ့ တိုက်ခန်းအထိ ကားမောင်းပို့ပေးပါတယ်။

"စနေသား . . . အိမ်ရောက်ရင် ဆေးသောက်ဦးနော်"

စနေသားက ခေါင်းညိတ်ပြပြီး ကားမောင်းထွက်သွားပါတယ်။ ဘယ်လိုဖြစ်လို့မှန်း မသိ။ မေတန်ခူး စနေသားကို သနားနေမိပါတယ်။ သူ့ကြောင့် ဖြစ်မှဖြစ်ရတယ်လို့။ အဲဒါဘာကြောင့်မှန်း မသိပါ။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

မျှော်လင့်ထားတာကို
မမျှော်လင့်ရဲပါဘူး။
မမျှော်လင့်တော့ပါဘူးဆိုမှ
မျှော်လင့်ခြင်းတွေ ရောက်လာတော့
မမျှော်လင့်ထားသူများ
ဘယ်လောက်ကြည်နူးသလဲလို့။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)

ညီပြာညက် ဘယ်လိုမှထင်မထားပါ။ ကုမ္ပဏီမှာစာရင်းတွေ လုပ်နေတုန်း ဧည့်သည်တစ်ယောက်က တွေ့ချင်တယ်လို့ လာပြောပါ တယ်။ ဘယ်က ဧည့်သည်များပါလဲလို့ စဉ်းစားမရဖြစ်ရင်း သူမကို တွေ့ ချင်နေတဲ့သူကို တွေ့လိုက်ရတဲ့အခါ သူမအံ့အားသင့်သွားပါတယ်။

"လင်းသော် . . . ဘယ်တုန်းက ရန်ကုန်ရောက်တာလဲ"

"ကျွန်တော် မနက်ကရောက်တာ၊ အလုပ်ကိစ္စတွေကြောင့် ရန် ကုန်ဆင်းလာတာ၊ 'စင်ထရယ်'ဟိုတယ်မှာ တည်းတယ်"

"လာ . . . အထဲကို၊ အလုပ်တွေ လက်စသတ်လိုက်ဦးမယ်၊ ပြီးမှ အပြင်မှာ တစ်ခုခုသွားစားမယ်"

"နေပါစေဗျာ . . . အားနာစရာကြီး၊ အလုပ်တွေ ပျက်နေပါဦး မယ်"

"ဘာမှအားနာစရာမလိုဘူး . . . လာ"

www.burmeseclassic.com

www.burmeseclassic.com



လင်းသော်လည်း ညိုပြာညက်နောက်က ကုမ္ပဏီရုံးခန်းထဲကို လိုက်ပါလာခဲ့ပါတယ်။ ပြီးတော့ ကုမ္ပဏီရဲ့အနေအထားကို အကဲခတ်ကြည့်ရှုနေပါတယ်။

"ညိုပြာညက်တို့ကုမ္ပဏီက လုပ်ငန်းတော်တော်ကြီးသားပဲ"

"ဟုတ်တယ် . . . နိုင်ငံခြားပို့ကုန်တွေပါရှိတော့ သူ့ဌာနနဲ့သူလေ၊ ကျွန်မတို့ ကုမ္ပဏီက အစားအသောက်ကို အဓိကထားလုပ်တာ၊ နေရေးနဲ့စားရေးဟာ အဓိကပဲ မဟုတ်ဖူးလား"

"ဟုတ်ပါတယ်ဗျာ . . . ဟုတ်ပါတယ်"

အဲဒီနောက်တော့ လင်းသော်နဲ့ ညိုပြာညက်တို့နှစ်ယောက် အပြင်မှာ တစ်ခုခုစားဖို့ ထွက်လာခဲ့ပါတယ်။ နောက်ဆုံးတော့ မထူးပါဘူးဆိုပြီး လင်းသော်တည်းခိုတဲ့နေရာနဲ့နီးတဲ့ ဆူးလေဘုရားလမ်းမကြီးပေါ်က "ဆာကူရာ" ဟော်တယ်ရဲ့ အထပ်(၂၀)မှာဖွင့်ထားတဲ့ စားသောက်ဆိုင်ရှိရာကို ဓါတ်လှေကားစီးပြီး တက်ခဲ့ပါတယ်။ ရန်ကုန်မြို့ရဲ့ရှုခင်းတွေကို လင်းသော်မြင်ရအောင်လို့ပါ။

"လင်းသော် . . . ဒီအပေါ်ဆုံးထပ်ကနေ ကြည့်ရတဲ့ မြင်ကွင်းတွေက ပြင်ဦးလွင်မြင်ကွင်းတွေထက် ဘယ်လိုခြားနားမှုရှိလဲ"

မှန်ပြတင်းကနေ လှမ်းမြင်နေရတဲ့ ရွှေတိဂုံဘုရားကို ကြည့်နေတဲ့ လင်းသော်ကို မေးလိုက်ပါတယ်။

"နယ်ကတော့ သဘာဝရှုခင်းပေါ့၊ မြို့ပြကတော့ ကွန်ကရစ်တွေဖုံးလွှမ်းထားတဲ့ ရှုခင်းပေါ့၊ ညိုပြာညက်ကြည့်ပါလား၊ ဘယ်မှာ အပင်တွေရှိလို့လဲ၊ ကျွန်တော်တော့ တောရိပ်တောင်ရိပ်နဲ့ ကျွန်တော့်ရဲ့ဒေသလေးကိုပဲ လွမ်းတယ်"

"အမယ်လေး . . . ကျွေးတာကိုမှ အားမနာ ဒေသစွဲကြီးရဲ့"

www.burmeseclassic.com



ညိုပြာညက်က ကက်ကြေးကိုက်တစ်ငွန်းကို စားရင်းက ရယ် လိုက်ပါတယ်။

"ဒီမှာတော့ မသိဘူး၊ ဥရောပမှာတော့ ကိုယ့်ဇာတိဒေသမြေကို သိုပ်ခင်တွယ်ကြတာ၊ ကျွန်တော် ဆမ်းမားဆက်မွန်ရဲ့ အိမ်ဆိုတဲ့ဝတ္ထုတို လေးတစ်ပုဒ် ဖတ်ဖူးတယ်၊ လူတစ်ယောက်ဟာ မိသားစုနဲ့ခွဲခွာပြီး အိမ် ကထွက်သွားလိုက်တာ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းမသိဘဲ နှစ်ငါး ဆယ်ကျော်ကြာ အဘိုးကြီးဖြစ်ပြီးတော့မှ ကိုယ့်အိမ်လေးကို ပြန်လာပြီး အဲဒီမှာပဲ ခေါင်းချကွယ်လွန်သွားတဲ့အကြောင်း ရေးထားတာ၊ လူဆိုတာ ကိုယ့်နိုင်ငံကိုချစ်ရင် ကိုယ်ရဲ့မွေးဇာတိမြေကိုလည်း ချစ်ရမှာပေါ့ဗျာ"

ညိုပြာညက် ဘာစကားမှမဆိုဘဲ လင်းသော်ပြောသမျှကို နား ထောင်ပြီး ထမင်းကြော်စားနေတဲ့ လင်းသော်ကို ကြည့်နေမိပါတယ်။ အဲဒီလို ကြည့်နေရင်းနဲ့ သူ့မစိတ်ထဲမှာ ပျော်နေသလို ခံစားရပါတယ်။ ဘာရယ်ကြောင့်မှန်းတော့ မသိပါ။

"နက်ဖြန်တနင်္ဂနွေနေ့လေ၊ လင်းသော် ဘယ်သွားမလဲ၊ ကျွန်မ က အိမ်ရှင်ဆိုတော့ နေ့လည်စာကျွေးမယ်၊ ဒီတော့ ဒီလိုလုပ်၊ မနက်ပိုင်း လုပ်စရာရှိတာတွေ လုပ်ပြီးရင် လင်းသော်တည်းတဲ့ စင်ထရယ်ဟိုတယ် ကျွန်မလာခဲ့မယ်၊ နေ့လည်စာစားပြီးရင် လင်းသော်ကို ရွှေတိဂုံဘုရား လိုက်ပို့မယ်၊ ပြီးတော့ သွားချင်တဲ့နေရာသွားပေါ့"

"ညိုပြာညက်ကတော့ ကျွန်တော့်ကို ဘုရားပို့ပြီး အကျွတ်တရား ရအောင် တွန်းထွက်ဖို့ လုပ်နေပြီထင်တယ်၊ ပါရမီဖြည့်ဖက် လိုတယ် နော်"

လင်းသော်က ပြောရင်း ရယ်နေပါတယ်။ ညိုပြာညက်ကတော့ လင်းသော်တစ်ယောက် သူမကို ဝေ့ဝိုက်ပြောသလားလို့ ယူဆနေမိပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။

ဆာကူရာတာဝါ မြေညီထပ်ရှေ့ရောက်တော့ လင်းသော်နဲ့ ညို ပြာညက်တို့နှစ်ယောက် မတ်တပ်ရပ်နေတာ ကားမောင်းသွားတဲ့ ဦးညီညီ မိုးရဲ့ဒရိုင်ဘာကိုတင် မြင်တွေ့သွားတာ သူတို့နှစ်ယောက် မသိလိုက်ပါ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

တစ်ပက်သတ်

ချစ်မိပြီဆိုရင်

ယမ်းအားပြင်းတဲ့ 'မုံး' လို

ပေါက်ကွဲမှုက ပြင်းထန်လေရဲ့။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၇)

စားသောက်ဆိုင်ထဲမှာ လူက ရှင်းနေသဖြင့် ကိုယ်ပြောချင်တဲ့ စကားကို အေးအေးဆေးဆေး စားရင်းသောက်ရင်းနဲ့ စကားပြောနေကြ သူအချို့က သဘောကျနှစ်ခြိုက်လို့ နေပါတယ်။ နိုင်ငံခြားတေးသံစဉ်က လည်း 'ဆောင်းဘောက်' ထဲကနေ တိုးညှင်းစွာ ပျံ့လွင့်ထွက်ပေါ်နေပါ တယ်။

စားသောက်ဆိုင်ရဲ့ ဒေါင့်ဆုံးစားပွဲမှာတော့ ဇော်ဇော်နဲ့ ဝါရွှေ စင်တို့နှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်လို့နေပါတယ်။ သူတို့နှစ်ယောက် ရဲ့ ရှေ့မှာတော့ တရုတ်ဟင်းလျာခွက်တွေ ရှိနေပါတယ်။

"ဝါရွှေစင်ရယ် . . . ဘာဖြစ်လို့ ဒီလောက်ကောင်းတဲ့ဆိုင်ကို ခေါ်လာရတာလဲ၊ ထမင်းဆိုင်လောက်ဆို ရပါတယ်၊ ပိုက်ဆံတွေ ကုန်နေ ပါဦးမယ်ဗျာ"

"ကျွေးရတဲ့သူက ကျွန်မပါနော်၊ စားရတဲ့သူက နှမျောနေရသေး



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"မဟုတ်ပါဘူးဗျာ . . . အားနာလို့ပါ"

"ဘာ . . . အားနာစရာလိုလဲ၊ ရှင်က ကျွန်မရဲ့ဆရာပဲဟာ၊ ရှင့်ရဲ့လမ်းညွှန်မှုကြောင့် အခုဆို ကျွန်မသီချင်းကောင်းကောင်း ဆိုတတ်လာပြီ၊ ဂီတအကြောင်းကို ကောင်းကောင်းနားလည်လာပြီ၊ ဒါတွေက ရှင့်ရဲ့သင်ကြားလမ်းညွှန်မှုကြောင့် ဖြစ်ရတာလေ"

"အဲဒီလောက်လည်း မဟုတ်ပါဘူးဗျာ၊ ဝါရွှေစင် ကြိုးစားတာလည်း ပါလို့ပါ၊ ဒါနဲ့ ကျွန်တော်တစ်ခုလောက် အကြံပြုချင်တယ်၊ သံစဉ်များနဲ့ကမ္ဘာမှာဖြစ်စေ၊ ဂီတတံခါးလေး ဖွင့်ပါဦးမှာဖြစ်စေ ကိုယ့်ကိုယ်ကို ယုံကြည်ရင် သီချင်းအဆိုဝင်ပြိုင်ကြည့်ပါလား၊ Level အဆင့်တွေ တက်လာရင် ပရိသတ်သိသွားတာပေါ့"

ဇော်ဇော်ရဲ့ အကြံပြုချက်ကို ဝါရွှေစင် သဘောကျသွားပါတယ်။

"ဟုတ်တယ် . . . ကျွန်မဝင်ပြိုင်မယ်၊ ဒါပေမယ့် အခုဒီလောက်နဲ့တော့ မဟုတ်သေးဘူး၊ ကိုယ်ပိုင်တဲ့ သီချင်းငါးပုဒ်လောက် ညက်ပြီဆိုမှ ပြိုင်မယ်၊ ဒါပဲနော် . . . ဇော်ဇော်အရင်ကထက်ကို ပိုပြီးညွှန်ကြားပြသပေးရမယ်"

ဇော်ဇော်က ခေါင်းညိတ်ပြပါတယ်။ ဝါရွှေစင်က ဇော်ဇော်ရဲ့ ပန်းကန်ထဲကို ဟင်းတွေထည့်ပေးလိုက်ပြီး နှစ်ယောက်သား ဘာစကားမှ မဆိုတော့ဘဲ စားနေတာ စားသောက်ဆိုင်ထဲ အလှဖန်တီးရှင်ကိုးဘွဲ့ရ မာမီခိုင်ဝင်လာတာ မမြင်လိုက်ပါ။ မာမီခိုင်က သူတို့နှစ်ယောက်ကိုမြင်တော့ အံ့အားတသင့်ဖြစ်ရင်းက ဆိုင်ထဲကနေ အမြန်ထွက်ခွာသွားတာ သူတို့နှစ်ယောက်က စားတာထဲ စိတ်ရောက်နေလို့ မမြင်လိုက်ပါ။

□

ကြယ်ပွင့်စာပေ

www.burmeseclassic.com



ဦးဘုန်းတင့်တစ်ယောက် အလှဖန်တီးရှင် မာမီခိုင်ပြောတဲ့စကား ကို နားထောင်သာနေရပေမယ့် သိပ်မယုံချင်။ အရေးထဲ နဖူးပြင်ကနေ ချွေးသီးချွေးပေါက်တွေ ကျလာလို့ လက်ကိုင်ပုဝါနဲ့ သုတ်ရပါသေးတယ်။

"မာမီခိုင် . . . သေချာရဲ့လား။ ထပ်ပြောစမ်းပါဦး"

"အို . . . မဟုတ်ဘဲ မာမီက ပြောမလား။ တော့်ဟာမနဲ့ ဟိုဂစ် တာတီးတဲ့ သူငယ်က မျက်နှာချင်းဆိုင်ထိုင်၊ တစ်ယောက်မျက်နှာတစ် ယောက်ကြည့်ပြီး စားနေလိုက်ကြတာ၊ လောကကြီးမှာ ဒင်းတို့နှစ်ယောက် ထဲ ရှိနေတဲ့အတိုင်းပဲ၊ အဲဒီနှစ်ယောက်က ဘယ်အဆင့်ရောက်နေပြီလဲ မသိဘူး"

အလှဖန်တီးရှင်မာမီခိုင်က မဲ့ကာရွဲ့ကာနဲ့ ပြောနေရင်း ဝမ်း နည်းနေပါတယ်။ ဇော်ဇော်တစ်ယောက် ဝါရွှေစင်ဖက်ကိုပါသွားလို့ နာ ကျည်းလည်း နာကျည်းနေမိပါတယ်။

"တော်က အဲဒီဝါရွှေစင်ကို အဆိုတော်ဖြစ်အောင် လုပ်ပေးမယ့် ကျေးဇူးရှင်ပေါ့၊ ဟိုက နာမည်သာ ကြီးသွားကြည့်၊ ရှင့်ကို ခြေစုံကန်ပြီး ဇော်ဇော်ရဲ့ရင်ခွင်ထဲကို ရောက်သွားမှာ၊ အဲဒီတော့မှ ကျေးဇူးရှင်ကြီး နင့်နေအောင် ခံစားပက်လက်ရင်ကွဲပြီး ကျန်ခဲ့မှာ၊ အဲဒါတွေကိုကော တော်စဉ်းစားလား။ အကောင်းဆုံးကို အကြံပေးရရင် အဲဒီဟာမကို အဆို တော်ဖြစ်အောင် မြှောင်မမြှောက်ပေးနဲ့၊ ပြီးတော့ ဇော်ဇော့်ကိုလည်း ရှင်းပစ်၊ ဒါမှ သူတို့နှစ်ယောက် အနေမနီးတော့ ဝေးသွားမှာ"

အလှဖန်တီးရှင်မာမီခိုင်က သူမရင်ထဲပေါက်ကွဲချင်သမျှ ပေါက် ကွဲလိုက်ရလို့ ကျေနပ်သွားပါတယ်။

ဦးဘုန်းတင့်က လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး-

"ဒီကိစ္စကို ဝါရွှေစင်နဲ့ အပြတ်ရှင်းမယ်၊ ဘုန်းတင့်ဟာ ဘာလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သိရမှာပေါ့"

အလှဖန်တီးရှင် မာမီခိုင်ကတော့ အကျေနပ်ကြီး ကျေနပ်နေမိပါတာယ်။ သူပြောလိုက်လို့ ဦးဘုန်းတင့်တစ်ယောက် ဒီလောက်ပေါက်ကွဲ ဖွားမျိုး ဦးဘုန်းတင့်နှင့်ပတ်သက်သမျှ ကာလပတ်လုံး ဒီတစ်ခါပဲ တွေ့ဖူးလို့ပါ။ ရှေ့လျှောက် ဘာဆက်ဖြစ်မလဲဆိုတာသာ စိတ်ဝင်စားနေမိပါတယ်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

မုန်တိုင်းကို
လေပြည်ညင်းထင်နေတာ
တော်ပါသေးရဲ့ကွယ်၊
လေပြည်ညင်းမျက်နှာဖုံးကျွတ်ကျပြီး
မုန်တိုင်းအစစ်မှန်ပေါ်လာလို့။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၈)

ခြံဝင်းကြီးထဲမှာ မီးတွေကို တစ်ခြံဝင်းလုံး ရှောင်စုံထွန်းညှိလို့ ထားတယ်။ ခြံရှေ့မှာလည်း ကားတွေက အစီအရီ။ အိမ်ခြံဝင်းထဲမှာလည်း ဧည့်ပရိသတ်တွေက စားပွဲခုံတိုင်းမှာအပြည့် စားကြ၊ သောက်ကြ၊ စကားပြောကြနှင့် ဆူညံလို့နေပါတယ်။

ဒီနေ့ဟာ ဦးကျော်ထွဋ်ခေါင်ကုမ္ပဏီရဲ့ နှစ်ပတ်လည်ညစာစားပွဲ ဖြစ်တာကြောင့် ကုမ္ပဏီဝန်ထမ်းတွေကော ဖိတ်ကြားထားတဲ့ ဧည့်ပရိသတ်တွေနဲ့ စည်ကားနေတာ ဖြစ်ပါတယ်။ ဦးကျော်ထွဋ်ခေါင်က သူ့ကုမ္ပဏီရဲ့ နှစ်ပတ်လည်ညစာစားပွဲကို ကျေနပ်နေသလို သူ့ထက် ပိုမိုကျေနပ်နေသူ တစ်ဦးက ရှိပါသေးတယ်။ အဲဒီသူကတော့ မေတန်ခူးပါ။

သူမသင်ကြားပြသပေးတဲ့ ကုမ္ပဏီဝန်ထမ်းကောင်မလေးတွေ က သူမသင်ကြားပြသပေးတဲ့အတိုင်း မော်ဒယ်ရှိုးကို တကယ့်မော်ဒယ် တွေလို အပီအပြင် လျှောက်ပြတာ ပရိသတ်လက်ခုပ်သံတွေက သော



www.burmeseclassic.com

www.burmeseclassic.com



သောည်ပါပဲ။ မေတန်ခူးသာမက ဦးကျော်ထွဋ်ခေါင်ကပါ သူစီစဉ်ထား တာ အောင်မြင်လေတော့ သူ့အဖို့ ဘဝင်ကျစရာ ဖြစ်လို့မဆုံး၊ ပျော်လို့ မဆုံး ဖြစ်နေပါတယ်။ '

"ယခုအခါ ထွဋ်ကုမ္ပဏီရဲ့ ပိုင်ရှင်လည်းဟုတ်၊ မန်နေဂျင်းဒါရိုက် တာဦးကျော်ထွဋ်ခေါင်မှ မုဒိတာစကား ပြောကြားပေးရန် စင်မြင့်ပေါ်သို့ ကြွရောက်ပါလို့ ဖိတ်ကြားအပ်ပါတယ်"

အခမ်းအနားမှူးလုပ်သူ အမျိုးသမီးက ကြေညာပြီးတဲ့အခါမှာ ဦးကျော်ထွဋ်ခေါင်က စင်မြင့်ပေါ်တက်လာပြီး မုဒိတာစကားပြောပါတယ်။

"မင်္ဂလာပါ . . . ဒီနေ့ဟာ ကျွန်တော့်ရဲ့ထွဋ်ကုမ္ပဏီတည်ထောင် တဲ့ ငါးနှစ်ပြည့်နှစ်ပတ်လည် ညစာစားပွဲပဲ ဖြစ်ပါတယ်၊ ဒီနေ့ထိ ကျွန် တော့်ကုမ္ပဏီကြီး ရပ်တည်နေရတာ ကျွန်တော့်ဝန်ထမ်းတွေ တော်လို့ပါ၊ ဒါကြောင့် သူတို့ကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုတာပါ × × × ×"

ဦးကျော်ထွဋ်ခေါင် ဒီလိုကျတော့လည်း ဒဿနဆန်ဆန်စကား တွေ မပြောပါလားလို့ မေတန်ခူးက နားထောင်နေရင်း တွေးလိုက်မိပါ တယ်။

"ရှေ့နှစ်တွေမှာလည်း ဒီထက်ကိုပိုပြီး မင်္ဂလာရှိဦးမှာပါ၊ ဘာဖြစ် လို့လဲဆို လူပျိုကြီးကျွန်တော့်ရဲ့ မင်္ဂလာသတင်းကိုပါ ကြားရဦးမှာပါ"

ဦးကျော်ထွဋ်ခေါင်က စင်မြင့်ပေါ်မှနေပြီး ပြောရင်းက မေတန် ခူးကို လှမ်းကြည့်တာ မေတန်ခူးက မသိချင်ယောင်ဆောင်ပြီး တစ်ဖက်ကို လှည့်လိုက်ပါတယ်။

အဲဒီအချိန်မှာ ဘယ်သူမှ မထင်ထားပါဘူး။ ခပ်ဝဝခန္ဓာကိုယ် ကြီးကို ဂရုမထားဘဲ ဦးကျော်ထွဋ်ခေါင်စကားပြောနေတဲ့ စင်မြင့်ပေါ်ကို ပြေးတက်သွားပြီး ဦးကျော်ထွဋ်ခေါင်လက်ထဲက မိုက်ကရိုဖုန်းကို ဆွဲယူ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါတယ်။ ဦးကျော်ထွဋ်ခေါင်ကော မေတန်ခူးသာမက ဧည့်သည်တွေပါ အံ့အားတသင့် ဖြစ်ကုန်ပါတယ်။

"ဦးကျော်ထွဋ်ခေါင်ပြောတာတွေ ရှင်တို့ယုံနေရင် မှားကြလိမ့်မယ်၊ သူ့ကုမ္ပဏီအရှုံးပေါ်တာ နှစ်နှစ်ရှိပြီ၊ ဒီတော့ သူက ကျွန်မကို အကူအညီတောင်းတယ်။ သူ့ကုမ္ပဏီ ဆက်လက်ရပ်တည်ရှင်သန်ချင်တယ်ပေါ့၊ ဒီတော့ ကျွန်မနဲ့ သူနဲ့ အပေးအယူတစ်ခု လုပ်ခဲ့တယ်၊ ကျွန်မ မရှက်ပါဘူး၊ ကျွန်မက သူ့ကိုမေတ္တာရှိတော့ နှစ်နှစ်အတွင်း ကျွန်မကို လက်ထပ်ရမယ်၊ ကျွန်မက ငွေသိန်းတစ်ထောင်ကို ကုမ္ပဏီလည်ပတ်လို့ရအောင် ထုတ်ပေးခဲ့ဘယ်၊ အခု နှစ်နှစ်ကျော်သွားပြီ၊ သူက ကတိမတည်ဖူး၊ ဒါကြောင့် ဖရိုသတ်သိအောင် ကျွန်မလာပြောပြရတာ၊ ကျွန်မကို နားလည်ပေးပါ"

"ခင်ဘုန်းပွင့် . . . မင်း ငါ့ရဲ့အရှက်ကို ခွဲတာလား"

ဦးကျော်ထွဋ်ခေါင်က ဒေါသတကြီးနဲ့ အော်ပြောပါတယ်။ အဖြစ်အပျက်မှန်ကို အစအဆုံးသိလိုက်ရတဲ့ မေတန်ခူး ကိုယ့်ကိုယ်ကို ရှက်လည်းရှက်၊ နာလည်း နာကျည်းတာအပြင် ဘဝမှာ ကံကောင်းလို့ အမှားကြီးမှားတော့မလို့ဆိုပြီး သက်ပြင်းချရင်းက ထိုင်ရာကနေထကာ အပြင်ကိုပြေးထွက်လာပါတယ်။ ခြံထဲမှာ ဘာတွေဆက်ဖြစ်နေသလဲဆိုတာလည်း မသိချင်တော့ပါ။

"မေတန်ခူး . . . မေတန်ခူး . . ."

ခြံအပြင်ဖက်ကို အရောက်မှာ ခေါ်သံကြားသဖြင့် လှည့်ကြည့်တဲ့ခါ စနေသားဖြစ်လို့ နေပါတယ်။

"ဘယ်သွားမလို့လဲ . . . အထဲမှာတော့ဗျာ မပြောချင်တော့ဘူး"

"ကျွန်မကို ဘာမှမေးမနေနဲ့၊ ကျွန်မရှက်လို့ သေတော့ သေချင်ပြီ၊ တော်ါသေးရဲ့ . . . အမှားကြီးမှားတော့မလို့၊ ခင်ဘုန်းပွင့်တို့တောင်



www.burmeseclassic.com

www.burmeseclassic.com



တွေနှုတ်းတင်ရဦးမယ်"

"ဖြစ်ပြီးတာတွေ ပြောမနေနဲ့၊ အခုဘာဖြစ်ချင်သလဲ"

"ကျွန်မဖြစ်ချင်တာက ဒီနေရာကနေ ဝေးရာကို သွားချင်တယ်၊ တတ်နိုင်ရင် ရန်ကုန်မြို့ကိုပတ်ပြီး ကားစီးချင်တယ်၊ လိုက်မောင်းပို့ပေးနိုင်မလား"

"ဘာလို့ ပို့မပေးနိုင်ရမှာလဲ၊ ကြိုက်တဲ့နေရာကိုပြော လိုက်မောင်းပို့မယ်၊ ဟိုနားက စောင့်နေ၊ ကျွန်တော် ကားသွားယူလိုက်ဦးမယ်"

မေတန်ခူးက ဦးကျော်ထွဋ်ခေါင်ခြံနဲ့ ခပ်ဝေးဝေးနေရာကနေ မတ်တပ်ရပ်ရင်း စနေသားမောင်းလာမယ့်ကားကို စောင့်နေပါတယ်။ ကားစောင့်နေရင်း စဉ်းစားမိတာက လူတွေများ စပ်စုချင်စိတ် ဘယ်လောက်တောင်ရှိသလဲဆို အခုထက်ထိ ဦးကျော်ထွဋ်ခေါင်ခြံဝင်းထဲကနေ မေတန်ခူးကလွဲ၍ တစ်ယောက်မှ ထွက်လာတာကို မတွေ့ရလို့ပါ။

❑

လူခြေတိတ် ကားတွေရှင်းတဲ့ ရန်ကုန်မြို့လမ်းမပေါ်မှာ ကားစီးရတာ တော်တော်အရသာရှိတာပဲလို့။ နှင်းခွဲမီးတိုင်တွေနဲ့ လင်းထိန်နေတဲ့ ရန်ကုန်မြို့ရဲ့ညဟာ အတော့်ကို တိတ်ဆိတ်တဲ့ အလှပါလားလို့ မေတန်ခူးတွေးနေမိပါတယ်။

"ဘယ်ကို မောင်းရဦးမလဲ"

"မောင်းချင်တဲ့ နေရာသာမောင်း"

"ဒါဆို ပြည်လမ်းဖက်ကို မောင်းမယ်၊ သမိုင်းလမ်းဆုံမှာ ညဖက်မှဖွင့်တဲ့ မုန့်ဟင်းခါးဆိုင်ရှိတယ်၊ အဲဒီမှာ ညလယ်မှာ စားတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

"ရှင့်သဘောပဲ"

စနေသားက ကားကို ပြည်လမ်းမဖက် ကွေ့လိုက်ပါတယ်။ ပြည်လမ်းမပေါ်မှာလည်း ကားတွေက ရှင်းနေလို့။

"မေတန်ခူး . . . ကျွန်တော်တစ်ခုတောင်းဆိုမယ်နော်"

ကားမောင်းနေရင်း စနေသားက ပြောတော့ . . . -

"ဘာတောင်းဆိုမလို့လဲ"

"ဒီလိုမျိုး ညတိုင်း မြို့ပတ်ပြီး ကားမောင်းပို့ပေးရမလား"

"ရှင်ဓါတ်ဆီဖိုးတွေ ကုန်လို့ မွဲသွားပါဦးမယ်"

"မွဲပါစေဗျာ . . . မေတန်ခူးသာ စီးမယ်ဆို ညတိုင်းမောင်းပို့မယ်"

"ဒါဆို စီးရဦးမှာပေါ့လေ၊ နောက်မှ မငြင်းနဲ့နော်"

"မငြင်းပါဖူးဗျာ . . . ဒီထက်မက ညစဉ်ညတိုင်း တစ်သက်လုံး မောင်းပို့ပေးမှယ်ဆိုရင်ကော ဘယ်လိုလဲ"

"အံမယ် . . . ဒီက စိတ်ညစ်နေတာကို ရှင်က ညာတာပါတော့နဲ့ ရည်းစားစကားပြောတယ်၊ တော်တော်ဆိုးတဲ့လူ"

တကယ်တော့ မေတန်ခူးစိတ်မဆိုးပါ။ သူမဘဝမှာ အချစ်ဆိုတာ ဘာလဲဆိုတာ စနေသားနဲ့တွေ့မှ သဘောပေါက်လို့ပါ။ ထိုညက စားရသော မုန့်ဟင်းခါးအရသာကို ဘာနဲ့မှမလဲနိုင်တာက အမှန်ပင် ဖြစ်ပါတယ်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

ချစ်သူပြောတဲ့
စကားတစ်ခွန်းဟာ
နားထောင်သူအတွက် အားပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ဒီလိုချောင်ကျတဲ့ စားသောက်ဆိုင်ကို ဦးညီညီမိုးဘာကြောင့် ချိန်းသလဲဆိုတာ ညိုပြာညက်စဉ်းစားလို့မရ ဖြစ်နေပါတယ်။ မြင်မြင်သာသာ၊ ထင်ထင်ပေါ်ပေါ် ရှိတဲ့နေရာကို ချိန်းလျှင်ရရက်သွားနဲ့လို့။ တစ်စုံတစ်ခုသော အကြောင်းတော့ ရှိကိုရှိရမယ်လို့ ညိုပြာညက်တွက်ဆမိတယ်။ ညိုပြာညက်ရောက်ကတည်းက ဦးညီညီမိုးက ဘာစကားမှမပြောဘဲ မျက်နှာက စူပုပ်နေတာ တော်တော့်ကို အကြည့်ရဆိုးလှပါတယ်။

"ဦးညီညီမိုး . . . ဒီကိုခေါ်တာ အလုပ်ကိစ္စတော့ မဟုတ်ဘူး ထင်ပါတယ်နော်"

"ဟုတ်တယ် . . . အလုပ်ကိစ္စမဟုတ်ဘူး၊ ကိုယ်ရေးကိုယ်တာ ကိစ္စကြောင့်ပဲ၊ ညိုပြာညက် မင်းကို ပြောစရာရှိတယ်"

"ဘာတွေပြောမှာမို့လို့လဲ"

"မင်းနဲ့ လင်းသော်နဲ့ ကိစ္စပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မနဲ့ လင်းသော်က ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ မင်းတို့နှစ်ယောက် မြို့ထဲမှာ နေရာအနှံ့ စားအတူတူ၊ သွားအတူတူ ရှိနေလို့ပဲ"

အခုမှပဲ ညိုပြာညက် သဘောပေါက်တော့တယ်။ ဦးညီညီမိုးရဲ့ နှလုံးသားကို လင်းသော်ဆိုတဲ့ မုန်တိုင်းက ဝင်မွှေလို့ ပေါက်ကွဲတာပဲလို့။

"ဘာဖြစ်လဲ ဦးညီရဲ့၊ သူက ပြင်ဦးလွင်မှာ ကျွန်မနေမကောင်း တုန်းက ကူညီစောင့်ရှောက်တယ်၊ ကျွန်မကို နေရာအစုံလိုက်ပို့တယ်၊ ရန်ကုန်ရောက်တဲ့အခါတလှည့် ကျွန်မက ပြန်ပြီးတော့ တုန့်ပြန်ရမှာပေါ့"

"တုန့်ပြန်တာက ကိစ္စမရှိပါဘူး၊ မင်းရဲ့နှလုံးသားက လင်းသော်ဆီ ပါသွားမှာစိုးလို့ပဲ"

"ဩော် . . . ဦးညီက သဝန်တောင် ကြောင်တတ်နေပြီပဲ"

ညိုပြာညက်က ဦးညီညီမိုးကို ခနဲ့လိုက်တယ်။

"ညိုပြာညက်ကို ပြတ်ပြတ်ပဲ ပြောမယ်၊ မင်းရဲ့ကုမ္ပဏီနဲ့ ကိုယ်တို့ကုမ္ပဏီတို့ အလုပ်ကိစ္စစာချုပ်ချုပ်ပြီးသွားရင် ကိုယ်က မင်းကို လက်ထပ်မယ်၊ မင်းငြင်းဖို့ မစဉ်းစားနဲ့"

"ဘာ . . . ဦးညီက ကျွန်မကို လက်ထပ်မယ်"

"ဒီမှာ ညီမ . . . မင်းသူ့ကို လက်ထပ်ရင် ဘဝပျက်သွားမှာပေါ့"

မထင်မှတ်ဘဲ ဦးညီညီမိုးနှင့် မသက်မတိမ်းမယိမ်းလောက်ရှိ မည့် ခေတ်ဆန်ဆန် ဝတ်ထားပြီး စိန်နားကပ်၊ စိန်ရင်ထိုး ထိုးထားကာ နေကာမျက်မှန်တပ်ထားတဲ့ အမျိုးသမီးတစ်ဦးက ညိုပြာညက်တို့ စားပွဲ ဝိုင်းကို ရောက်လာပြီး သတိပေးစကားဲဆိုလိုက်လို့ ညိုပြာညက်တို့အား သင့်သွားပါတယ်။

"ခက်ခက်မာ . . . မင်း . . . မင်း . . . ဒီကို ဘယ်လိုလို့ရောက်



www.burmeseclassic.com

www.burmeseclassic.com



. . . ရောက်လာတာလဲ"

ဦးညီညီမိုးက တုန်လှုပ်ခြောက်ခြားတဲ့ လေသံမျိုးနဲ့ ဒေါ်ခက်ခက်မာဆိုတဲ့ အမျိုးသမီးကို မေးပါတယ်။

"နေဦး . . . ကိုညီမိုး၊ ရှင်မပြောနဲ့ဦး၊ ကျွန်မ သူ့ကို ပြောဦးမယ်"

ဒေါ်ခက်ခက်မာက ညိုပြာညက်ဘေးက စားပွဲမှာ ဝင်ထိုင်လိုက်ပြီး ညိုပြာညက်ပုခုံးကို ကိုင်လိုက်ပါတယ်။

"ကိုညီမိုးကို ညီမလက်ထပ်မယ်၊ သူ့စည်းစိမ်တွေကို မက်လို့လက်ထပ်မယ်ဆိုရင်တော့ ညီမ အခုပဲ နောက်ဆုတ်ပြန်ပေတော့၊ တကယ်တော့ အခုကိုညီမိုးလုပ်နေတဲ့ စီးပွားရေးလုပ်ငန်းတွေဟာ သူပိုင်တာတစ်ခုမှ မရှိဘူး၊ အကုန်လုံး တို့ပိုင်ဆိုင်တာတွေချည်းပဲ၊ တို့မိဘက တို့ကို အမွေပေးခဲ့တာ၊ သူနဲ့ညားလို့ သူက ဆက်လုပ်နေတာ၊ သူနဲ့ တို့နဲ့ လင်မယားချင်း ကွာရှင်းပြတ်စဲတာမှန်ပေမယ့် ပစ္စည်းတွေကို လွှဲပြောင်းယူရမယ့် ကိစ္စက မပြတ်သေးဘူး၊ အခုတော့ ရှေ့နေနဲ့ တိုင်ပင်လို့ ပြီးသွားပြီ၊ ဒီတစ်ရက်နှစ်ရက်အတွင်း ကိုညီမိုးက အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ဆင်းပေးရမှာ၊ အဲဒါတွေ ညီမသိလား"

ညိုပြာညက်က ခေါင်းခါပြပါတယ်။

"ခက်ခက်မာ . . . ငါမေးတာ ဖြေဦး၊ ဒီနေရာကို ဘယ်သူပြောလိုက်တာလဲ"

"ရှင့်တပည့် ဒရိုင်ဘာကိုတင်က ကျွန်မကို ဖုန်းဆက်ပြီး ပြောတာ၊ ရှင်နဲ့သူ ပြင်ဦးလွင်သွားတာလည်း ကျွန်မသိတယ်၊ တကယ်တော့ ကိုတင်ဟာ ရှင့်လူလို့ ရှင်ထင်နေသလား၊ ကျွန်မမွေးထားတဲ့ ကျွန်မလူ၊ ခက်ခက်မာက မပိုင်ရင် ဘာမှမလုပ်ဘူး၊ ရှင်အိမ်ပေါ်က ဆင်းဖို့သာ ပြင်ထားပေတော့"



www.burmeseclassic.com

www.burmeseclassic.com



"တောက်! . . . ဒုန်း"

ဦးညီညီမိုးတစ်ယောက် ဒေါသတကြီး 'တောက်' ခေါက်ကာ စားပွဲခုံကို လက်သီးနဲ့ထိုးပြီး ထိုင်ရာကနေထကာ ဆိုင်ထဲကနေ ထွက်သွားပါတယ်။

ညိုပြာညက်ကတော့ ဒေါ်ခက်ခက်မာကို ကျေးဇူးတင်တဲ့ အကြည့်တွေနဲ့ ကြည့်လိုက်တော့ ဒေါ်ခက်ခက်မာက ပြုံးပြပါတယ်။

ဒီပွဲမှာ ဒေါ်ခက်ခက်မှာသာ ဝင်မပါရင် ပွဲကပြီးပြီ။

❏

အင်းလျားကန်ရေပြင်က ငြိမ်သက်နေပေမယ့် ညိုပြာညက်ရင်ထဲမှာကတော့ အခုထိ မငြိမ်သေးပါ။

အင်းလျားကန်ပေါင်ရိုးပေါ်က ထိုင်ခုံမှာ လင်းသော်နဲ့ထိုင်ရင်း မနေ့က ဖြစ်ပျက်တဲ့ ကိစ္စတွေကို ပြောပြမိတဲ့အခါ လင်းသော်က . . .

"ဒီကိစ္စတွေ ဒီအဖြစ်မှန်တွေ ကျွန်တော်သိတာကြာလှပြီ၊ ဒါပေမဲ့ ကျွန်တော်ဘယ်သူ့ကိုမှ မပြောဘူး၊ ညိုပြာညက်ကိုတောင် ပြောလို့ရတာပဲ၊ ကျွန်တော်က မပြောဘူး၊ အဲဒါဘာဖြစ်လို့လည်း ဦးညီညီမိုးသိက္ခာကျမှာစိုးလို့၊ ပြီးတော့ ဦးညီညီမိုးနဲ့ ညိုပြာညက်က အလုပ်ကိစ္စကလွဲပြီး ဘာမှမပတ်သက်သေးတာလဲ ကျွန်တော်က သတိထားမိတာလည်း ပါတာပေါ့လေ၊ တကယ်တော့ ကျွန်တော်က ဒေါ်ခက်ခက်မာကြောင့် ဒီအလုပ်တွေကို ရလာတာ၊ လောကကြီးမှာဗျာ ချမ်းသာဖို့အတွက် ဖြတ်လမ်းကလိုက်ရင် ဘဝပျက်သွားလိမ့်မယ်၊ ကျွန်တော့်မှာ ငွေကြေးဥစ္စာနဲမကြွယ်ဝပေမယ့် ချမ်းသာအောင်လုပ်နိုင်တဲ့ အကြံဉာဏ်ခွန်အားတွေ အများကြီး



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ ကျန်တဲ့လူတွေလည်း အဲဒါမျိုးရှိဖို့ လိုတယ်၊ အဲဒါမှ ချမ်းသာခြင်း အစစ်အမှန်ပဲ"

လင်းသော်ရဲ့ စကားကြားလိုက်ရလို့ ညိုပြာညက်အားရှိသွားပါတယ်။

"ဩော် . . . ဒါနဲ့ လင်းသော်ပြောဖူးတယ်၊ လင်းသော်က ကိုယ့်ဒေသမှာပဲ ကိုယ်ချစ်တဲ့သူနဲ့ပဲ နေမယ်၊ ကိုယ့်ကိုချစ်ရင် သူက လိုက်နေမှာပဲဆိုတာလေ၊ အဲဒီလင်းသော်ရဲ့ချစ်သူကိုကော တွေ့ပြီလား"

ညိုပြာညက်က မေးလိုက်တော့ လင်းသော်က ညိုပြာညက်လက်ကလေးတွေကို ကိုင်လိုက်ရင်း . . .

"ကျွန်တော်ချစ်တဲ့သူက အခု ကျွန်တော်လက်ကိုင်ထားတဲ့ ညိုပြာညက်ပဲပေါ့"

ညိုပြာညက် မငြင်းပါ။ မရှုန်းပါ။ ဘာကြောင့်လည်းဆို သူမရဲ့ မသိစိတ်ထဲကနေ လင်းသော်ကို ချစ်နေမိခဲ့လို့ပါပဲ။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးယဉ်ပြီး

တံလျှပ်ကို နန်းတော်ထင်ခဲ့မိတာ

နောက်ဆုံးတော့

ကိုယ့်ဖာသာကိုယ် လှတ်မြောက်အောင်

ရုန်းခဲ့ရပေါ့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ကရဝိတ်ဥယျာဉ်နန်းတော်ထဲက မျှော်စင်ကျွန်းနားမှာရှိတဲ့ Fun စားသောက်ဆိုင်ရဲ့ ရေစပ်နားက စားပွဲဝိုင်းမှာ ဦးဘုန်းတင့်နဲ့ ဝါရွှေစင်တို့ နှစ်ဦး မျက်နှာချင်းဆိုင်ထိုင်ပြီး ကိုကာကိုလာ တစ်ယောက်တစ်ဗူးကို သောက်နေကြတယ်။ အမိုးရှိတဲ့ စားပွဲဝိုင်းတွေမှာက လူပြည့်နေလို့ အမိုးမရှိတဲ့ သစ်ပင်ကြီးနားက စားပွဲဝိုင်းမှာပဲ နေရာရလို့ အဲဒီမှာပဲ ထိုင်မိခဲ့ကြတယ်။

"ဦး . . . ဝါရွှေစင်ကို ပြတ်ပြတ်ပဲ မေးမယ်၊ ဇော်ဇော်နဲ့ ဘယ်လိုပတ်သက်လဲ"

"ဦးက ဘာဖြစ်လို့ မေးတာလဲ၊ ဇော်ဇော်က ကျွန်မရဲ့ဆရာလေ"

"မဟုတ်ဘူး . . . ဒီထက်မပိုဖူးလား"

"ဦး . . . ဘာတွေလာပြောနေတာလဲ၊ ဇော်ဇော်က ကျွန်မရဲ့ ဆရာပါလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဦးပြောမယ်၊ သေသေချာချာ နားထောင်၊ ဝါရွှေစင်က ဦးကို လက်ထပ်မယ်ဆိုရင် အခုတစ်လအတွင်း အခွေထွက်အောင် စီစဉ်မယ်၊ ဗွီစီဒီခွေရိုက်မယ်၊ ဦးပိုင်ဆိုင်တာတွေပါ မင်းနာမည်နဲ့ လွှဲပေးမယ်၊ ဘယ်လိုသဘောရသလဲ၊ ဒါနဲ့ ပြောရဦးမယ်၊ ဝါရွှေစင်နဲ့ဇော်ဇော် ကင်းကင်းရှင်းရှင်းဖြစ်အောင်လို့ ဇော်ဇော့်ကို အလုပ်က ထုတ်လိုက်တယ်၊ သူ့နေရာမှာ အခြားဂစ်တာသမားတစ်ယောက် ခေါ်ထားတယ်၊ သူက ဝါရွှေစင်ကို ဆက်လက်သင်ပေးလိမ့်မယ်"

"ရှင်! . . . ဇော်ဇော့်ကို အလုပ်က ထုတ်ပစ်တယ်"

ဦးဘုန်းတင့်က ကျေနပ်တဲ့ အမူအရာနဲ့ ခေါင်းညိတ်ပြပါတယ်။ ဝါရွှေစင်ကတော့ ဇော်ဇော့်ကို အလုပ်က ထုတ်လိုက်လို့ စိတ်မကောင်းဖြစ်သွားပါတယ်။

"ဖပ်!"

အဲဒီအချိန်မှာပဲ သစ်ပင်ထက်က ငှက်တစ်ကောင်က မစင်စွန့်လိုက်တာ အသန့်အပြန့် အင်မတန်ကြိုက်တဲ့ ဦးဘုန်းတင့်ရဲ့ အင်္ကျီပေါ် ကျလာပြီး ပေကျံကုန်ပါတယ်။ ငှက်စွန့်ချလိုက်တဲ့ မစင်ကိုကြည့်ရင်း ဦးဘုန်းတင့်မျက်စိမျက်နှာပျက် ဖြစ်သွားပြီး . . .

"ပေကုန်ပြီ . . . အမယ်လေး နံလိုက်တာ၊ သွားပါပြီ . . . ငါ့ရဲ့ သန့်တဲ့အင်္ကျီတော့ ဒီငှက်ကြောင့် သွားပြီ၊ ဒုက္ခပါပဲ၊ အင်္ကျီကလည်း အပိုမပါဘူး၊ လူတွေမြင်ရင် ငါ့ကိုကဲ့ရဲ့တော့မယ်၊ ဝါရွှေစင် လုပ်ပါဦး၊ ဘာလုပ်ရမှာလဲ"

ဆောက်တည်ရာမရဖြစ်နေတဲ့ ဦးဘုန်းတင့်က ဝါရွှေစင်ကိုမေးတော့ . . .

"တစ်ရှူးစနဲ့ ပေတာတွေ သုတ်လိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဖြစ်မလဲ၊ အင်္ကျီတွေ ညစ်ပတ်ကုန်မှာပေါ့"

"ဒါဆိုလည်း အင်္ကျီချွတ်ပြီး ပြန်ပေါ့"

"အဲဒါမှ ပိုဆိုးမှာပေါ့၊ လုပ်ပါဦး . . . ဒီငှက်ချေးတွေ ဘယ်လို လုပ်ရမလဲ"

ဦးဘုန်းတင့်ရဲ့ အနေအထားကိုကြည့်ပြီး ဝါရွှေစင်ဆုံးဖြတ်ချက် တစ်ခုကို အခိုင်အမာ ချလိုက်ပါတယ်။

"ကျွန်မ အခု ဦးကို စကားအပြတ်ပြောမယ်၊ စောစောက ဦး ပြောတဲ့ ဆန္ဒတွေအားလုံး ကျွန်မဘာတစ်ခုမှ မလိုက်လျောနိုင်ဘူး၊ ဦးနဲ့ လည်း လက်မထပ်နိုင်ဘူး၊ ကျွန်မဘဝမှာ အဆိုတော်မဖြစ်ရလည်း ကိစ္စ တော့ မရှိဖူး၊ ယောကျ်ားတစ်ယောက်ဖြစ်ပြီး ဘာမှမဟုတ်တဲ့ ငှက်ချေး လေးပေတာကို ကမ္ဘာပျက်မတတ်ဖြစ်နေတဲ့ သူမျိုးကိုသာ လက်တွဲရရင် ကျွန်မရဲ့ဘဝ စုန်းစုန်းမြုပ်ပြီ၊ ယောကျ်ားတစ်ယောက်ဖြစ်ပြီး အလှအပ ကြိုက်၊ အသန့်အပြန့်ကြိုက်နေမှတော့ အဲဒီယောကျ်ားဟာ ဘာလုပ်ရမှာ လဲ၊ ယောကျ်ားဆိုတာ ယောကျ်ားစိတ်ရှိဖို့ပဲ လိုတယ်၊ ဦးနဲ့ကျွန်မဇာတ် လမ်း ဒီမှာပြီးပြီ"

"ဝါရွှေစင်! . . . ဝါရွှေစင်! . . . ဒုက္ခပါပဲ . . . ငှက်ချေးစော်က လည်း နံလိုက်တာ"

ဝါရွှေစင်ကို နောက်ကနေ လှမ်းခေါ်ရင်း ညည်းတွားနေတဲ့ ဦးဘုန်းတင့်ကို လှည့်မကြည့်ဘဲ ဝါရွှေစင်ထွက်လာခဲ့ပါတယ်။

ခြေလှမ်းတွေက အခုမှ ပေါ့ပါးသွက်လက်နေပါတယ်။

ဒီအချိန်မှာ ဟိုလူတစ်ယောက်တော့ ဘယ်လိုနေရှာမလဲ မသိပါ။

❑



www.burmeseclassic.com

www.burmeseclassic.com



ဇော်ဇော်တစ်ယောက် အဆောင်ကနေ လက်ဖက်ရည်ဆိုင်ကို ထွက်လာခဲ့တယ်။ နေ့လည်ခင်း ဟော်လိုဂစ်တာလေ့ကျင့်တီးခတ်နေရင်း လက်ဖက်ရည်သောက်ချင်လာလို့ ဂစ်တာတီးလေ့ကျင့်တာကို ခဏရပ်ထားခဲ့တယ်။ လမ်းလျှောက်လာနေရင်း သူ့ရှေ့တည့်တည့်က လာနေတဲ့ အမျိုးသမီးကို မြင်ဖူးပါတယ်လို့ ကြည့်တော့မှ ဝါရွှေစင်ဖြစ်နေမှန်း သိလိုက်ရတယ်။

"ဝါရွှေစင် . . . ဝါရွှေစင် . . . ဘယ်ကိုလာတာလဲ"

"ဇော်ဇော် . . . ဘယ်သွားမလို့လဲ၊ ဇော်ဇော်ရဲ့ အဆောင်ကို လာတာ"

"ဘာကိစ္စအရေးကြီးလို့လဲ"

"ဇော်ဇော့်ကို ဦးဘုန်းတင့်က အလုပ်ထုတ်ပစ်လိုက်တယ်ဆို၊ ကျွန်မလည်း ဒီလူကြီးနဲ့ အပြတ်ရှင်းပြီးပြီ"

"လာပါဗျာ . . . လက်ဖက်ရည်ဆိုင်သွားရအောင် လမ်းမကြီးမှာ ဖြစ်နေတယ်"

အဲဒီနောက် နှစ်ယောက်သား လက်ဖက်ရည်ဆိုင် ထွက်လာပါတယ်။

အင်းလျားကန်ပေါင်ရိုးရှေ့က Moon Bakery Cafe ဆိုင်ထဲကို နှစ်ယောက်သား ဝင်ထိုင်လိုက်ကြပါတယ်။ ကော်ဖီတစ်ခွက်နဲ့ လက်ဖက်ရည်တစ်ခွက်၊ ဆင်းဒစ်ချ်တစ်ပွဲ မှာလိုက်ပါတယ်။

"ကဲ . . . ပြောပါဦး၊ ဘာတွေဘယ်လို ရှင်းတာလဲ"

ဖြစ်သမျှအကြောင်းစုံကို ဝါရွှေစင်က ရှင်းပြပါတယ်။

"ကျွန်တော်က ဒါတွေကို သိပြီးသားပါ၊ အဲဒီအတွက် ကျွန်တော်က ပြင်ဆင်ပြီးသား၊ တီးဝိုင်းအဖွဲ့သစ် အဖွဲ့တစ်ဖွဲ့နဲ့ ကျွန်တော်ဆက်



www.burmeseclassic.com

www.burmeseclassic.com



သွယ်ထားတာ၊ အခုအဲဒီမှာ ဦးဘုန်းတင့်အလုပ်က ထွက်ထွက်ချင်းပဲ ဝင်လုပ်နေပြီ"

"ဟုတ်လား . . . ဝမ်းသာလိုက်တာ"

"အဲဒီမှာလည်း ဝါရွှေစင် သီချင်းလာကျင့်လို့ ရတယ်၊ ဦးဘုန်းတင့်လိုလူမျိုး မရှိဖူးနော်၊ မယုံစရာဆိုလို့ ကျွန်တော်ပဲ ရှိမယ်"

"ဘာဖြစ်လို့"

"မထူးပါဖူးဗျာ . . . ပြောင်ပဲပြောမယ်၊ ဝါရွှေစင်ကို ချစ်လို့"

ဝါရွှေစင် ဘာပြောရမလဲကွယ်။ သနားစိတ်နဲ့ ဖော်ဖော့်ဆီရောက်လာတာ ချစ်တဲ့စိတ်တွေလည်း ပါတာပေါ့လေ။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

ဘဝမှာ

ရွေးချယ်မှုက အရေးကြီးတယ်၊

ပထမရွေးချယ်မှု

ဘယ်လောက်မှားမှား

နောက်ဆုံးရွေးချယ်မှုက

အရေးကြီးဆုံးပါပဲ၊

ဘုရားသခင်ကတော့

ရွေးချယ်မှုအမှန်ကို

ပေးလိုက်လေပြီ၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ချောင်းသာကမ်းခြေကိုသွားမယ့် ကားကထွက်ဖို့ တစ်နာရီလိုပါသေးတယ်။ ဒီအတွက် တစ်ခုခုစားမယ်ဆိုပြီး စားသောက်ဆိုင်ကြီးတစ်ခုထဲ ဝင်လိုက်ကြတယ်။ လင်းသော်နဲ့ညိုပြာညက်၊ ဝါရွှေစင်နဲ့ဇော်ဇော်၊ မေတန်ခူးနဲ့စနေသားတို့တွေက ကိုယ့်အတွဲနဲ့ကိုယ်ထိုင်ပြီး စားစရာတွေ စိတ်ကြိုက်မှာလိုက်ပါတယ်။

ဘဝမှာ အားလုံးအဆင်ပြေသွားပြီမို့ အနာဂတ်ကိစ္စတွေ တိုင်ပင်ဖို့၊ ချောင်းသာကမ်းခြေမှာ အပန်းဖြေဖို့ ထွက်လာခဲ့ကြတာပါ။

"ဘဝမှာ ငွေရှိဖို့ထက် ကိုယ်နဲ့တန်မယ့် ဘဝခရီးဖော်ဟာ သိပ်အရေးကြီးတယ်ဆိုတာ ညိုပြာညက်ကတော့လေ လင်းသော်နဲ့တွေ့မှ သဘောပေါက်တာ"

"ဟုတ်တယ် . . . အခုဆိုကြည့်၊ တို့ရွေးချယ်တာမှန်တော့ ဘဝမှာ ဘယ်လောက်ကြည်နူးဖို့ ကောင်းသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ . . . မေတန်ခူးရဲ့ ကိုယ်ရွေးချယ်တဲ့ ချစ်သူကို လက်တွဲပိုင်ဆိုင်ရပြီ၊ တို့တစ်တွေ ဒီထက်ပိုမိုမြင့်မားတဲ့ ဘဝကိုရောက်အောင်ကြိုးစားရမယ်"

ဝါရွှေစင်၊ ညိုပြာညက်နဲ့ မေတန်ခူးတို့ ပြောဆိုနေကြတာကို လင်းသော်၊ စနေသားနဲ့ ဇော်ဇော်တို့က ဘာမှမပြောဘဲ ပြုံးလို့သာ နေပါတယ်။

"ကဲ . . . စားလိုက်ကြရအောင်၊ ဟင်းတွေ အေးကုန်မယ်"

စနေသားက သတိပေးစကားအဆုံး အားလုံးမှာထားတာတွေကို စားကြပါတယ်။ စားရသမျှတွေထဲမှာ ဒီနေ့စားရတာတွေဟာ သူတို့အဖို့ အချိုမြိန်ဆုံးနေမှာပါ။

စားပြီးသွားတဲ့အခါ စနေသားက လက်က နာရီကိုကြည့်လိုက်ပြီး . . .

"ပိုက်ဆံရှင်းမယ်ဟေ့"

စားပွဲထိုးက ဘောက်ချာစာရွက်ယူလာပါတယ်။

"ဘယ်လောက်ကျလဲ"

"သုံးသောင်းထဲပါ"

"နေနေ စနေသား၊ ကျွန်တော်ရှင်းမယ်"

"ဘယ်ဟုတ်မလဲ လင်းသော်ရဲ့၊ ကျွန်တော် ရှင်းမယ်"

စနေသား၊ လင်းသော်နဲ့ ဇော်ဇော်တို့က သူရှင်းမယ်၊ ငါရှင်းမယ် ဖြစ်နေကြတာကို မေတန်ခူးက . . .

"ဘာမှလုပ်မနေနဲ့၊ တစ်ယောက်တစ်သောင်းသာ ထုတ်ခဲ့ကြတော့"

စနေသား၊ လင်းသော်နဲ့ ဇော်ဇော်တို့က ဘောင်းဘီအိတ်ထဲမှာချထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျောပိုးအိတ်အသီးသီးကို ယူပြီးဖွင့်ကာ ပိုက်ဆံထုတ်တဲ့အခါ ငွေထုပ် ငါးထောင်တန်ထုပ်တွေ အထုပ်လိုက်ဖြစ်နေတာကို တွေ့ရပါတယ်။

"ဟယ် . . . ပိုက်ဆံတွေက များလှချည်လား၊ ဒါတွေ ဘယ်က ရတာလဲ"

ဝါရွှေစင်၊ ညိုပြာညက်နဲ့ မေတန်ခူးတို့သုံးယောက်စလုံး တညီ တညာ အသံပြိုင်တူ အံ့အားတသင့် ထွက်ပေါ်လာပါတယ်။

"ပိုက်ဆံဆိုတာ အလကားဘယ်ရမလဲ၊ ကိုယ်အလုပ်လုပ်လို့ရတဲ့ ပိုက်ဆံကို စုရတယ်၊ တစ်ခြားလုပ်ငန်းထဲမှာ အရင်းအနှီးထည့်တယ်၊ အဲဒီကနေ ပွားအောင် လုပ်ရတာပေါ့"

"စနေသားပြောသလိုပဲ၊ ဘဏ်အပ်သင့်တာအပ်၊ ရတဲ့အတိုးနဲ့ အရင်းဖြစ်အောင် ထပ်ပွား၊ ငွေက ပွားလာတာပေါ့"

"ဇော်ဇော်ပြောတာ မမှားဘူး၊ ကိုယ်ရတဲ့ အကျိုးအမြတ်တွေကို လုပ်ငန်းထဲ ပြန်မြုပ်နှံလို့ ဒီလိုငွေတွေရလာတာ၊ အခုဆို သုံးယောက်စလုံး တစ်အိုးတစ်အိမ် ထူထောင်လို့ ရပြီ"

လင်းသော်စကားအဆုံး ညိုပြာညက်၊ မေတန်ခူးနှင့် ဝါရွှေစင် တို့ ဝမ်းသာအားရဖြစ်သွားရင်းက ရှေ့မှာချထားတဲ့ ပိုက်ဆံတွေကိုကိုင် လိုက်ရင်း . . .

"ဒါဆို ကျွန်မတို့တွေ အိုးပိုင်အိမ်ပိုင် ချစ်တဲ့သူနဲ့ နေရပြီပေါ့ တို့သုံးယောက်ရွေးချယ်မှု မှန်ပြီ . . . မှန်ပြီ"

သုံးယောက်သား အော်ဟစ်ပြောဆိုရင်း သတိမေ့ပြီး လဲကျမတတ် ဖြစ်သွားပါတယ်။

စနေသား၊ လင်းသော်နဲ့ ဇော်ဇော်တို့ ကိုယ့်ချစ်သူတွေကို အသီး သီးပွေ့လိုက်တာကို စားသောက်ဆိုင်က ဝန်ထမ်းတွေက ဘယ်လိုနားလည်

www.burmeseclassic.com



ရမှန်းမသိ ဖြစ်သွားပါတယ်။

စားသောက်ဆိုင်ကနေ ထွက်ခွာလာပြီး နောက်ထပ်ခြောက်နာရီ ခွဲအကြာမှာတော့ ချောင်းသာကမ်းခြေမှာ ချစ်သူစုံတွဲသုံးတွဲဟာ အသီးသီး ထိုင်နေကြရင်းက ဝင်ခါနီး နေလုံးနီနီကြီးကို ကြည့်လိုက်၊ လှိုင်းထနေတဲ့ ပင်လယ်ပြင်ကြီးကို ကြည့်လိုက်နဲ့ ကျေနပ်လို့မဆုံး ဖြစ်နေပါတယ်။

တကယ်တော့ သူတို့ခြောက်ဦးစလုံးဟာ ရွေးချယ်မှုအစစ်အမှန် အတွက် ဘဝမှာ ရွေးချယ်မှုမှန်ကန်ဖို့ လိုတယ်ဆိုတာ ကောင်းကောင်း ကြီး သဘောပေါက်နေတာကတော့ အမှန်ပင် ဖြစ်ပါတော့တယ်။

ပန္နမ်ဒီရှိန်း



www.burmeseclassic.com